ဂေါတမဗုဒ္ဓမြတ်စွာဘုရား၏

# မဟာဗုဒ္ဓဝင်

အကျဉ်း



ဦးသန့် (လာဘ်မိုးစွေ)

ဂေါတမဗုဒ္ဓမြတ်စွာဘုရား၏

# မဟာဗုဒ္ဓဝင်

အကျဉ်း

ဦးသန့် (လာဘ်မိုးရွှေ)

အဂ္ဂေါဟမသ္မိ လောကဿ = ငါသည် လူသုံးပါးထက် မြတ်သူ ဖြစ်၏။

ဇေဋ္ဌောဟမသ္မိ လောကဿ = ငါသည် လူသုံးပါးထက် ကြီးကဲသူ ဖြစ်၏။

သေဋ္ဌောဟမသ္မိ လောကဿ = ငါသည် လူသုံးပါးထက် ချီးမွမ်းအပ်သူ ဖြစ်၏။



## ဒို့တာဝန်အရေး သုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာ အာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများ အား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး
စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

စိုက်ပျိုးရေးကို ဗိုလ်ပြုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
စမ်းမာန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

ဂေါတမဗုဒ္ဓမြတ်စွာဘုရား၏မဟာဗုဒ္ဓဝင်အကျဉ်း

ပထမအကြိမ်၊ ၂၀၁၂ ခုနှစ်၊ ဇွန်လ၊ အုပ်ရေ -၁၀၀၀
မျက်နှာဖုံးဒီဇိုင်း - ဇော်ဇော်
အဖုံးပန်းချီ - ရွှေရိုးရာ

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၆၀၀၃၀၆၀၄၁၂နှင့် စာမူခွင့်ပြုချက်အမှတ် ၆၀၀၂၅၁၀၃၁၂ တို့အရ ဦးစိုးတင့် "ရွှေပြည်သာစာပေ" မှ ထုတ်ဝေ၍ ဦးစည်သူကိုကို၊ တော်ဝင်ထွန်းပုံနှိပ်တိုက်(ယာယီ-၈၈၄၆)က ပုံနှိပ်သည်။

တန်ဖိုး - ၁၀၀၀ ကျပ်

ဖြန့်ချိရေး
လာဘ်မိုးစွေစာပေ၊ အမှတ်(၁၁၁)၊ ၃၃လမ်း(ပထပ်) ၊ ရန်ကုန်မြို့။
ဖုန်း-၂၅၃၅၁၉

အရှေ့ဘက်ကောင်းကင်စာပေ၊ အမှတ်(၁၉)၊ ဦးဖိုးလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၃၁၇၁၃၈၃

သန့်၊ ဦး ၂၉၄.၃
ဂေါတမဗုဒ္ဓမြတ်စွာဘုရား၏မဟာဗုဒ္ဓဝင်အကျဉ်း /
ဦးသန့် ။ ရန်ကုန်၊ ရွှေပြည်သာစာပေ၊ ၂၀၁၂။
၁၆၀-စာ ၊ ၁၂.၅ × ၁၇.၅ စင်တီ
(၁)ဂေါတမဗုဒ္ဓမြတ်စွာဘုရား၏မဟာဗုဒ္ဓဝင်အကျဉ်း

အရှေ့ဘက် ကောင်းကင်
ဘုန်းဇော် စီစဉ်သည်။

# ဂေါတမဗုဒ္ဓမြတ်စွာဘုရား
# ၏
# မဟာဗုဒ္ဓဝင်အကျဉ်း

ဦးသန့်(လာဘ်မိုးရွှေ)



**နမောတဿ ဘဂဝတော အရဟတောသမ္မာသမ္ဗုဒ္ဓဿ**

**Namo tassa bhagavato arahato sammāsambuddhassa**

လူသားမျိုးနွယ်စုထဲမှ ထွန်းပေါက်ဖြစ်ပေါ်လာသော ပုဂ္ဂိုလ်ထူးသည် ဗုဒ္ဓမြတ်စွာဘုရားပင် ဖြစ်သည်။ ထိုဗုဒ္ဓမြတ်စွာဘုရားကို ဗုဒ္ဓဘာသာဝင်တိုင်း ယုံကြည်ကိုးကွယ် ဆည်းကပ်ခဲ့ကြသည်။ ထို့ကြောင့် ဗုဒ္ဓမြတ်စွာဘုရား၏ အကြောင်းအရာ ဗုဒ္ဓုပ္ပတ္တိကို အကျဉ်းမျှစုစည်း၍ ဖော်ပြလိုက်ရပေသည်။ ဗုဒ္ဓမြတ်စွာဘုရားအကြောင်း ရေးသားထားသည့် ဇိနတ္ထပကာသနီကျမ်း၊ တထာဂတဥဒါနဒီပနီကျမ်း၊ သုဓမ္မဝတီပုံနှိပ်တိုက်ထုတ် ဗုဒ္ဓဝင်ဝတ္ထုတော်ကြီး၊ မာလာလင်္ကာရဝတ္ထုတော်ကြီး၊ သမန္တစက္ခုဒီပနီ၊ မှန်နန်းရာဇဝင် စသည့် ကျမ်းဂန်ပါဠိတော်တို့ကို အခြေခံ၍ ရေးသားရခြင်း ဖြစ်ပါသည်။ မြန်မာတို့သည် **'ဗုဒ္ဓဝင်'** ဟု ခေါ်ကြသော ကျမ်း၏ မူလအမည်မှာ **'ဗုဒ္ဓဝံသ'** ဖြစ်သည်။ 'ဗုဒ္ဓဝံသ' ကို မြန်မာမှုပြုကာ **'ဗုဒ္ဓဝင်'** ဟု အစဉ်အဆက် ခေါ်ဝေါ်ကြခြင်း ဖြစ်သည်။

**အရှေ့ဘက်ကောင်းကင်**



## ဘုရားအဖြစ် ဆုတောင်းခန်း

ဂေါတမဗုဒ္ဓမြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ရောက်ရန် လေးအသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင်, ဘ၀ပေါင်းများစွာကို ပါရမီဖြည့်ခဲ့ရသည်။ အမရဝတီမည်သောမြို့တွင် ဗြဟ္မဏလူမျိုး သူဌေးကြီးတစ်ဦး၌ **သုမေဓာ**ဟူသော ဗုဒ္ဓမြတ်စွာဘုရား အလောင်းတော် သားယောကျ်ား ထွန်းကားခဲ့သည်။ ရုပ်ဆင်းအင်္ဂါ ချောမော၍ လွန်စွာကြွယ်ဝချမ်းသာသော သူဌေးသား ဖြစ်သည်။ ငယ်ရွယ်စဉ်၌ မိဘနှစ်ပါး သေဆုံးသွားခဲ့သည်။

အရွယ်ရောက်သော် အဆင်အခြင်ဉာဏ်ပညာဖြင့် ပြည့်စုံသည့်အတွက် သုမေဓာသည် ရှိသမျှပစ္စည်းအားလုံးကို စွန့်ကြဲ လှူဒါန်းပြီး တောထွက်ရန် စိတ်ပိုင်းဖြတ်ခဲ့သည်။ ဟိမဝန္တာတော၌ ဓမ္မိကမည်သောတောင်တစ်ခုတွင် ကျောင်းသင်္ခမ်း ဆောက်လုပ်၍ နေထိုင်ခဲ့သည်။ ထိုအချိန်၌ ဒီပင်္ကရာအမည်ရှိသော မြတ်စွာဘုရား ပွင့်တော်မူချိန် ဖြစ်သည်။ တစ်နေ့သောအခါ ကောင်းကင်မှ ဈာန်ဖြင့် အမရဝတီမြို့သို့ ဆွမ်းခံကြွစဉ် မြို့သူ၊ မြို့သားတို့ ရွှင်လန်းဝမ်းမြောက်စွာဖြင့် စုရုံးနေကြသည်ကို တွေ့၍ မေးမြန်းစုံစမ်းရာ ဒီပင်္ကရာမြတ်စွာဘုရား ဒေသစာရီ ကြွချီတော်မူလာမည်ဖြစ်၍ လမ်းပြင်နေကြကြောင်း သိရသည်။ မိမိကိုလည်း လမ်းပြင်ဆင်ခွင့် ပေးရန် တောင်းဆိုခဲ့သည်။

လူအများသည် သုမေဓာအား အဘိညာဉ်တန်ခိုးဖြင့် ပြည့်စုံကြောင်း သိသဖြင့် ပြင်ရန်ခက်၍ ဗွက်ထူသောလမ်းအပိုင်းကို တာဝန်ပေးလိုက်ကြသည်။ သို့သော် သုမေဓာသည် တန်ခိုးကို မသုံးဘဲ မြေများကို ကိုယ်တိုင် တူးဖော်၍ လမ်းဖို့ခဲ့သည်။ လမ်းဖို့၍ မပြီးခင် ဒီပင်္ကရာမြတ်စွာဘုရားသည် နောက်ပါသံဃာပေါင်း လေးသိန်းနှင့် ကြွတော်မူလာသည်။ သုံးတောင်ခန့် ဖို့ရန်ကျန်သော လမ်းကို သုမေဓာသည် မြေဖို့ရန် အချိန်မရှိသဖြင့် မိမိကိုယ်ကို တံတားသဖွယ် အလျားလိုက်မှောက်၍ အိပ်နေခဲ့သည်။ ဒီပင်္ကရာမြတ်စွာဘုရားအနီးသို့ ရောက်လာသောအခါ သုမေဓာသည် မော်ဖူးကြည့်ရှု၍ ဒီပင်္ကရာမြတ်စွာဘုရားကဲ့သို့ပင် ဘုရားအဖြစ်သို့ ရောက်ပြီးမှ နိဗ္ဗာန်သို့ သွားရသော် ကောင်းလေစွဟု ဘုရားဖြစ်ဖို့ရန် ရှေးရှုစိတ်ဆောင်လျက် ဆုတောင်းမိလိုက်၏။

ဒီပင်္ကရာမြတ်စွာဘုရား တဖြည်းဖြည်း ကြွတော်မူလာရာ သုမေဓာ အလျားမှောက်သောနေရာသို့ ရောက်လာလေ၏။ ဘုရားဖြစ်ဖို့ရန် အသက်ကိုစွန့်ကာ မိမိကိုယ်ကို တံတားအဖြစ် လှူဒါန်းနေကြောင်း သိမြင်တော်မူလေ၏။ ထို့ကြောင့် ဒီပင်္ကရာ မြတ်စွာဘုရားသည် ထိုနေရာ၌ ဗျာဒိတ်စကား မိန့်ကြားတော်မူလေ၏။ ဤရသေ့သည် ဤကမ္ဘာမှ နောင်ကမ္ဘာပေါင်း လေးအသင်္ချေနှင့် တစ်သိန်းအထက်၌ ဂေါတမ မည်သော ဗုဒ္ဓ မြတ်စွာဘုရား ဖြစ်လိမ့်မည်ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့လေ၏။ စကြဝဠာမှ နတ်ဗြဟ္မာအပေါင်းတို့သည် အလောင်းတော် သုမေဓာအား ကောင်းချီးပေး

လျက် ချီးကျူးစကား ပြောကြားလေ၏။ ထိုအချိန်မှစ၍ သုမေဓာ၏ အတွင်းသန္တာန်၌ ဘုရားဖြစ်ရန် သေချာခိုင်မြဲသည့် အနှစ်သာရ ဓာတ်သည် ကိန်းအောင်းလေတော့သည်။ နောက်နောင်ဘဝများ၌ လည်း ယင်းအနှစ်သာရဓာတ်သည် စဉ်ဆက်မပြတ် ပါရှိသွားလေ သည်။ **ဝေဿန္တရာ** ဘဝ၌မူ ပိုမိုထင်ရှား၍ **သန္တုသိတ** နတ်သား ဘဝ၌ကား သာလွန်ထင်ရှားလေ၏။ နောက်ဆုံးဘဝ **သိဒ္ဓတ္ထမင်းသား** ဖြစ်သောအခါ ဘုရားအရိပ်သည် အရိပ်အဖြစ်သာ မဟုတ်ဘဲ ထူးခြားသည့် အမှတ်လက္ခဏာများဖြင့် ထင်၍လာခဲ့သည်။



ဂေါတမဘုရားအလောင်း သုမေဓာရှင်ရသေ့ မိမိကိုယ်ကို တံတားခင်းကာ ဖျာဒိတ်ခံတော်မူပုံ

အရေးသာက်ကောင်းကာင်

ဘုရားအလောင်းတော်သည် ***တုသိတာ*** နတ်ပြည်၌ ***သေတကေတု***အမည်ရှိသော နတ်သားဖြစ်လေသည်။

ဤဘဝမှ စုတေ၍ လူ့ပြည်၌ ***ဂေါတမ*** ဟူသော ဘုရားလောင်းဖြစ်ကြောင်း သိနှင့်ကြပြီဖြစ်သည်။

နတ်ပြဟ္မာအပေါင်းတို့ကလည်း ကြည့်ခြင်းငါးပါးဖြင့် ကြည့်တော်မူကြသည်။

(၁) ကာလ(ဘုရားဖြစ်ရန်အခါ)
(၂) ဒီပ(ဘုရားဖြစ်ရာကျွန်း)
(၃) ဒေသ(ဘုရားဖြစ်ရာအရပ်)
(၄) ကုလ(လူမျိုး)
(၅) မာတုအာယုပရိစ္ဆေဒ
(မယ်တော်၏ အသက်အပိုင်းအခြား)

ကြည့်ခြင်းငါးပါးဖြင့် ညီညွတ်သောကြောင့် အလောင်းတော် သေတကေတု နတ်သားအား လူ့ပြည်သို့ ဆင်း၍ ဘုရားဖြစ်တော်မူပါဟု တောင်းပန်သည်ကို လက်ခံ၍ တုသိတာနတ်အပေါင်း ခြံရံလျက် နန္ဒဝန်ဥယျာဉ်သို့ သွားပြီး ထိုဥယျာဉ်၌ပင် တုသိတာနတ်ပြည်မှ စုတေ၍ လူ့ပြည်ရှိ မယ်တော်မာယာထံ ပဋိသန္ဓေ ယူတော်မူလေသည်။

●●●



ဘုရားလောင်းနတ်သား တုသိတာနတ်ပြည်တွင် စံတော်မူနေပုံ
(Java ကျွန်းရှိ Borobudur စေတီရှိ ကျောက်ဆစ်လက်ရာ)

## ဘုရားအလောင်း၏ ခမည်းတော် နှင့် မယ်တော်

လွန်ခဲ့သော နှစ်ပေါင်း (၂၅၀၀)ကျော်က ကပိလဝတ်ပြည် **'Kapilavastu'** တွင် သာကီဝင်မင်းမျိုး သုဒ္ဓေါဒနဘုရင် မင်းပြုသည်။ သူသည် ဂေါတမအနွယ်ဖြစ်၍ **'သုဒ္ဓေါဒနဂေါတမ'** **'Shuddhodana Gautama'** ဟူ၍လည်း အမည်ရသည်။ ထိုမင်းတွင် မိဖုရားနှစ်ပါး ရှိသည်။ မိဖုရားခေါင်ကြီးမှာ သီရိမဟာမာယာဒေဝီ **'Sri Maha Mara Devi'** ဖြစ်သည်။ မြောက်နန်းမိဖုရားကား မဟာပဇာပတိ ဂေါတမီ **'Maha Pajapati Gotami'** ဖြစ်သည်။ သူတို့သည် ညီအစ်မ အရင်း တော်စပ်ကြသည်။

# ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား၏ ဆွေစဉ်မျိုးဆက် ဇယား





ကပိလဝတ်ပြည်
ဇယသေနမင်း

- မင်းသား-သီဟာနုမင်း (ဘုရားလောင်းဖခင်၏ ခမည်းတော်)
- မင်းသမီး-ယသော်ဓရာ (ဘုရားလောင်းမိခင်၏ မယ်တော်)

ဒေဝဒဟပြည်
ဥက္ကာသက္ကမင်း

- မင်းသား-အဥ္စန (ဘုရားလောင်းမိခင်၏ ခမည်းတော်)
- မင်းသမီး-ကဥ္စနာ (ဘုရားလောင်းဖခင်၏ မယ်တော်)

(၁) သီရိမဟာမာယာမင်းသမီး (ဘုရားလောင်း၏မယ်တော်)
(၂) ညီမတော် ပဇာပတိဂေါတမီ
(၃) မောင်တော် ဒဏ္ဍပါဏိ
(၄) ညီတော် သုပ္ပဗုဒ္ဓ

(က) သုဒ္ဓေါဒန (ဘုရားလောင်း၏ ခမည်းတော်) (ခ) ဒေါတောဒန (ဂ) သက္ကောဒန (စ) အမိတ္တာမင်းသမီး (ဆ) ပါပိတာမင်းသမီး (ဃ) သုက္ကောဒန (င) အမိတောဒန

(ဃ) သုက္ကောဒန — မဟာနာမ် (သားတော်), အနုရုဒ္ဓါ (သားတော်)

(င) အမိတောဒန — အာနန္ဒာ (သားတော်)

(က) ခမည်းတော်-သုဒ္ဓေါဒနမင်းကြီး + ( ၁) မယ်တော်-သီရိမဟာမာယာမင်းသမီး — ဘုရားလောင်း သိဒ္ဓတ္ထမင်းသား

\+

(၄) ခမည်းတော်-သုပ္ပဗုဒ္ဓမင်းကြီး + (စ)မယ်တော်-အမိတ္တာမင်းသမီး — ဘဒ္ဒကစ္စနာမင်းသမီး

— သားတော်ရာဟုလာ

သုဒ္ဓေါဒနမင်းကြီး+ပဇာပတိဂေါတမီမင်းသမီး(မိထွေးတော်) =ဇနပဒကလျာဏီ(ရူပနန္ဒာ) နှင့် နန္ဒမင်းသား

(၄) အဖ-သုပ္ပဗုဒ္ဓမင်းကြီး + (စ) အမိ-အမိတ္တာမင်းသမီး=ဘဒ္ဒကစ္စနာမင်းသမီး နှင့် ဒေဝဒတ်မင်းသား

## ဘုရားလောင်း၏ မယ်တော် ဒါနပြု သီလတည်ဆောက်ခြင်း (မဟာသက္ကရာဇ် ၆၇ ခု၊ ဝါဆိုလဆန်း ၉ ရက်၊ သောကြာနေ့)

**B.C. - 625**

သီရိမဟာမာယာဒေဝီ မိဖုရားခေါင်ကြီး၏ အသက်(၅၅) နှစ် လေးလခန့်တွင် ကပိလဝတ်နေပြည်တော်၌ နက္ခတ်ပွဲသဘင်ကို ပွဲကောင်းတစ်ခု အထိမ်းအမှတ်အဖြစ် ပျော်ရွှင်စွာ ကစားကြကုန် သည်။ မယ်တော်သည် ထိုဝါဆိုလဆန်း(၉)ရက်၊ သောကြာနေ့မှ လဆန်း(၁၄)ရက် ဗုဒ္ဓဟူးနေ့အထိ ခြောက်ရက်တိုင် သေရည် အရက် သောက်စားခြင်းမှ ကင်းလွတ်သော ပန်း၊ နံ့သာ၊ အချိုးအထုံ ပန်ဆင်လိမ်းကျံခြင်းတို့နှင့် ပြည့်စုံသော ထိုနက္ခတ်သဘင်ကို ပျော် ရွှင်ခံစားတော်မူသည်။ ထိုဝါဆို လပြည့်နေ့သို့ ရောက်သောအခါ သီရိမဟာမာယာဒေဝီသည် နံနက်စောစောကပင် နံ့သာရေ မိုးချိုး ပြီး အသပြာဥစ္စာတို့ကိုစွန့်၍ ကြီးမြတ်သော အလှူကို ပေးဝေတော်မူ လျက် ပြည့်စုံသော အဆင်တန်ဆာတို့ဖြင့် ဆင်ယင်၏။

ကောင်းမွန်သော နံနက်ပွဲတော်စာကို သုံးဆောင်ပြီး နောက် အင်္ဂါရှစ်ပါးရှိသော ဥပုသ်သီလကို ဆောက်တည် ခံယူလျက် ကျက်သရေ အခန်းတွင်းတွင် ကျက်သရေရှိသောနေရာ၌ ဥပုသ် ဆောက်တည်တော်မူသည်။

●

## မယ်တော်၏ အိပ်မက်တော် မြင်မက်ခြင်း
## (မဟာသက္ကရာဇ် ၆၇ ခု၊ ဝါဆိုလပြည့်၊ ကြာသပတေးနေ့)
**B.C. - 625**

ဤသို့ ဥပုသ်နှလုံး ကျင့်သုံးစံလျက် ထိုလပြည့်နေ့ ညဉ့်၏ နောက်ပိုင်း အိပ်ပျော်ခြင်းသို့ ရောက်သောအခါ သီရိမဟာမာယာ ဒေဝီ မိဖုရားကြီးသည် ဘုရားအလောင်းတော် ပဋိသန္ဓေ တည်နေ လာမည့်အကြောင်း ရှေ့ပြေးပုဗ္ဗနိမိတ်ဖြစ်သည့် အိပ်မက်ကို မြင် မက်တော်မူသည်။

မြင်မက်တော်မူပုံမှာ-စတုမဟာရာဇ်နတ်မင်းကြီးလေးပါး တို့သည် အိပ်စက်တော်ရာ နေရာနှင့်တကွ သီရိမဟာမာယာဒေဝီ ကို ပင့်ချီ၍ ဟိမဝန္တာရှိ **အနောတတ်အိုင်**သို့ ဆောင်ကြဉ်း၍ အင်ကြင်းပင်ရှိ ကျောက်ဖျာပေါ်ဝယ် ထားကြသည်။

နတ်မိဖုရားများ ဖြစ်ကြသော နတ်သမီးတို့သည် အညစ် အကြေးတို့ ဖျောက်ပယ်ရန် ရေမိုးသန့်စင်၍ နတ်ဝတ်အထည်တို့ကို ဝတ်ဆင်ပြီး နတ်နံ့သာတို့ဖြင့် လိမ်းကျံပေးကြကုန်သည်။ နတ်ပန်း တို့လည်း ဆင်မြန်းပေးကြ၏။

အနောတတ်အိုင်နှင့် မနီးမဝေးရှိ ငွေတောင်ကြီးအတွင်း ရွှေဗိမာန်ခန်းဝယ် အရှေ့အရပ်သို့ ခေါင်းပြု၍ သီရိမဟာမာယာ ဒေဝီမင်းသမီးကြီးအား အိပ်စက်စေသည်။

ထိုအခါ မြောက်အရပ်မှ ဆွတ်ဆွတ်ဖြူသော ဆင်ဖြူတော် တစ်စီးပေါ်လာပြီး မဟာမာယာဒေဝီမိဖုရားကြီးကို လက်ယာရစ် လှည့်လည်ပြီးမှ မိဖုရားကြီး၏ လက်ယာနံပါးကို ဖောက်၍ ဝမ်း ဗိုက်တွင်းသို့ ဝင်လာသည်ဟု မြင်မက်တော်မူ၏။

သိရိမဟာမာယာဒေဝီသည် အထက်ပါအတိုင်း အိပ်မက် မက်လေသည်။ မက်သည့်အိပ်မက်အတိုင်းလည်း ထိုအချိန်တွင် မိဖုရားကြီးဝမ်း၌ ဘုရားလောင်း ပဋိသန္ဓေ တည်လေသည်။ ထို အချိန်အခါ၌ ထူးခြားသော နိမိတ်များလည်း ဖြစ်ပေါ်လာလေ သည်။ မြေငလျင် ပြင်းစွာတုန်လှုပ်ခြင်း၊ ပုဗ္ဗနိမိတ်ကြီး (၃၂)မျိုးတို့ ထင်ရှားစွာ ဖြစ်ပေါ်လာခြင်းတို့ ဖြစ်သည်။ ၎င်းတို့မှာ-

၁။ မြေရေအပေါင်း တစ်သောင်းသော လောကဓာတ်တို့သည် တစ်ပြိုင်နက် ဆတ်ဆတ်ခါမျှ တုန်လှုပ်ကုန်သည်။

၂။ ပူခြင်း၊ ချမ်းခြင်း ဟူသော ဥတုနှစ်ဝ ကင်းငြိမ်းမျှတ သည်။

၃။ လောကဓာတ်အလုံး ဆိတ်ညံလျက် အသံမရှိအနှောင့်အယှက် ကင်းသည်။

၄။ လေပြင်းမုန်တိုင်း မလာ၊ လေသာလေပြည် မြူးသည်။

၅။ ဂင်္ဂါ၊ ယမုနာ စသော မြစ်ခပင်းတို့၌ ရေစီးခြင်းမရှိ ရပ် တန့်သည်။

၆။ မြေအရပ်၌ မြင်မြင်သမျှသော ပန်း၊ သစ်ပင် အပေါင်းတို့ နှာမောင်း ဆင့်ကာ ဆင့်ကာ ပွင့်ကုန် သီးကုန်သည်။

၇။ ကောင်းကင်ထက် ကွန့်မြူးကာ တည်သော အာကာသဌ ရတနာတို့သည် လွန်စွာအရောင်ထွက်ကုန်သည်။
၈။ လူ့ပြည် နတ်ပြည်၌ ရှိကုန်သော စည်၊ စောင်း၊ ပတ်သာ၊ တူရိယာ အသီးသီးတို့သည် မတီးမမှုတ်ဘဲ မြည်ကုန်သည်။
၉။ နတ်ပြည်၌ရှိသော ပန်း၊ နံ့သာမိုးတို့သည် ဖွဲဖွဲပြည့်မျှရွာ ကုန်သည်။
၁၀။ စကြဝဠာ ကောင်းကင်၊ မြေပြင် ရိုက်ဟည်းလျက် တော်ပဲ့ တင်လည်းသည်။
၁၁။ ရှစ်ထပ်သော ငရဲဘုံ၌ မီးဟုန်အပူ ငြိမ်းသည်။
၁၂။ မီးခိုး၊ သူရိန်၊ မြူတိမ်၊ မိုးလျှံကင်းလျက် နေမင်း၏ အရောင် တောက်ပသည်။
၁၃။ နက္ခတ်တာရာ ကြယ်တကာတို့ နေ့အခါ၌ ညဥ့်မှာကဲ့သို့ မြင် ရသည်။
၁၄။ မြေညစ်ကြေးကို ဆေးလျှော်သည့်ပမာ မိုးမရွာဘဲပင် ရေ ယာဉ် ဖြိုင်ဖြိုင်စီးသည်။
၁၅။ တာရာအပေါင်း၊ သောကြာ, ဗုဒ္ဓဟူး စသော ဂြိုဟ်ကြယ်ဘုံ ဆောင်တို့အရောင် အလွန်ထွန်းပသည်။
၁၆။ သတ္တဗီသနက္ခတ်တို့ ပြတ်သားစွာ ထင်မြင်သည်။
၁၇။ ငွေစင်စန္ဒာသည် ဝိသာခါနက္ခတ်နှင့် ယှဉ်သည်။

အရှေ့ဘက်ကောင်းကင်

၁၈။ တွင်းဂူ၊ လိုဏ်ခေါင်း၊ မြေအောင်း သတ္တဝါတို့ ထွက်ကုန်သည်။

၁၉။ လူ ခပ်သိမ်းတို့ ရောင့်ရဲလွယ်ကုန်သည်။

၂၀။ ကိုးဆယ့်ခြောက်ဖြာ ဝေဒနာရှိသူတို့ ကျန်းခံ့သည်။

၂၁။ မွတ်သိပ်ဆာလောင်ခြင်း ငြိမ်းသည်။

၂၂။ ပြိတ္တာအပေါင်းတို့ ဝပြောသည်။

၂၃။ လောဘ၊ ဒေါသ၊ မာနထန်သူတို့ အလွန်ခေါင်းပါးကုန်သည်။

၂၄။ အပါယ်လေးရွာ၌ နှစ်ဆယ့်ငါးဖြာသော ဘေးအပေါင်းကင်းသည်။

၂၅။ နရမှုန် မြူညက်တို့ တက်လွင့်ခြင်းမရှိ စင်ကြယ်သည်။

၂၆။ မကောင်းရနံ့ ပျောက်သည်။

၂၇။ နတ်၏ ရနံ့သာ လှိုင်သည်။

၂၈။ အရူပလေးဘုံကိုထား၍ ခြောက်ပါးသော နတ်ရွာ, ဗြဟ္မာတစ်ဆယ့်ခြောက်ဘုံကို အကုန်မြင်ရသည်။

၂၉။ ငရဲကြီးရှစ်ဝဝယ် ခံရသောသူအပေါင်းတို့ကို မြင်ရကုန်သည်။

၃၀။ တိုက်၊ နံရံ၊ တံခါး၊ တောင်ဖျား၊ တိမ်တိုက်တို့ မကွယ်မကာ ဟင်းလင်းသာ ဖြစ်ကုန်သည်။

၃၁။ သတ္တဝါတို့ ခန္ဓာပျက်ကြွေ သေလွန်ရခြင်း မရှိကုန်။

၃၂။ သန္ဓေယူခြင်း၊ ဖွားမြင်ခြင်း မရှိကုန်။

ဤသို့ သုံးဆယ့်နှစ်ပါးသော ပုဗ္ဗနိမိတ်တို့ ထင်ကုန်သည်။

**ဘုရားအလောင်းတော် ဖွားမြင်တော်မူခြင်း**
**(မဟာသက္ကရာဇ် ၆၈ ခု၊ ကဆုန်လပြည့်၊ သောကြာနေ့၊ နံနက်နေမွန်းမတည့်မီ) B.C. - 624**

ဘုရားအလောင်းတော်အား ပဋိသန္ဓေယူသော နေ့ရက်အချိန်မှစ၍ ဆယ်လစေ့သောအခါ ဂေါတမမြတ်စွာဘုရားအလောင်းတော်ကို ဖွားမြင်သည်။ (ဘုရားအလောင်းတော်မှန်သမျှ ဝါဆိုလပြည့်နေ့တွင် ပဋိသန္ဓေတည်၍ ဆယ်လစေ့မှ ဖွားမြင်ကြ၍ ကဆုန်လပြည့်နေ့၌သာ ဖွားမြင်ကြသည်။)

မြတ်စွာဘုရားအလောင်းတော်ကို မွေးဖွားခါနီးတွင် ***မာယာဒေဝီ*** မိဖုရားကြီးသည် ဇာတိမြေ ဒေဝဒဟပြည် **'Devadaha'** ပြည်တော်သို့ ပြန်လေရာ ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည်ကြား လုမ္ဗိနီဥယျာဉ် **'Lumpbini Garden'** အင်ကြင်းတောတွင် ကာမဇလေလှုပ်ရှားသဖြင့် မယ်တော်မာယာသည် အင်ကြင်းခက်ကို ညာလက်တော်ဖြင့် ကိုင်စွဲနေစဉ်၌ လွန်ကဲသော တင့်တယ်ခြင်းဖြင့် တင့်တယ်စွာ ရပ်သောခဏ၌ မြေငလျင်လှုပ်ခြင်း၊ အရောင်များ ထိန်လင်းလာခြင်း၊ နေ့ခင်းအချိန် နေလ နက္ခတ်တာရာများ ပေါ်ထွက်လာခြင်း စသည့်နိမိတ်ကြီးများ ဖြစ်ပေါ်လာသည်။

ထိုနိမိတ်ကြီးများဖြစ်စဉ် မာယာဒေဝီမိဖုရားအား အခြွေအရံများက ထိုနေရာ၌ပင် ကန့်လန့်ကာ ကာပေးကြသည်။ ကန့်လန့်ကာ ကာပြီးသည့်အခါ မတ်တတ်ရပ်လျက်က အင်ကြင်းကိုင်းကို ကိုင်ရင်း ဘုရားအလောင်းတော် ***သိဒ္ဓတ္ထ*** **'Siddhartha'**

ကို ဖွားမြင်လေသည်။ နတ်ဗြဟ္မာတို့က ဘုရားအလောင်းကို ထီးဖြူ ဆောင်း၍ ပူဇော်ကြကုန်သည်။ ဘုရားအလောင်းသည် ဖွားလျှင် ဖွားချင်း မတ်တတ်ရပ်လျက် အရှေ့၊ အနောက်၊ တောင်၊ မြောက် အရပ်လေးမျက်နှာကို ကြည့်သည်။ ထို့နောက် မြောက်အရပ်သို့ လှည့်တော်မူလျက် ခြေလှမ်းခုနစ်လှမ်း လှမ်းကြွတော်မူ၍ ရပ်တန့် ပြီးသော် ရဲရဲတောက်စကား ကြုံးဝါးမြွက်ဆိုတော်မူသည်။

(၁) အဂ္ဂေါ ဟ မသ္မိ လောကဿ = ငါသည် လူသုံးပါးထက် မြတ်သူ ဖြစ်၏။

(၂) ဇေဋ္ဌော ဟ မသ္မိ လောကဿ = ငါသည် လူသုံးပါးထက် ကြီးကဲသူဖြစ်၏။

(၃) သေဋ္ဌော ဟ မသ္မိ လောကဿ = ငါသည် လူသုံးပါးထက် ချီးမွမ်းအပ်သူဖြစ်၏။

အယမန္တိမာ ဇာတိ = ဤယခု ပဋိသန္ဓေတည်နေရခြင်းကား ငါ့အဖို့ရာ နောက်ဆုံးပဋိသန္ဓေ တည်နေရခြင်း ဖြစ်၏။

နတ္ထိ ဒါနိ ပုနဗ္ဘဝေါ = ယခုအခါ၌ ငါ့အဖို့ရာ တစ်ဖန် ဘဝသစ်ဖြစ်ရခြင်း မရှိတော့ပြီ။

ဤသို့ ရဲရဲတောက်စကားကို ဘုရားလောင်း ကြုံးဝါးမြွက်ဆိုသောအခါ ဗြဟ္မာနတ်လူတို့သည် ကောင်းချီးပေးကြကုန်၏။ ဘုရားလောင်း မွေးဖွားသောအချိန်မှာပင် ဘုရားလောင်း၏ မိဖုရားဖြစ်မည့် ***ယသော်ဓရာ*** မင်းသမီးလည်း ဖွားမြင်သည်။ ညီတော် ***အာနန္ဒာ*** မင်းသားလည်း ဖွားမြင်သည်။ ***ကာဠုဒါယီ*** အမတ်

ဖြစ်မည့် ကလေးလည်း ဖွားမြင်သည်။ တောထွက်သောအခါပါမည့် **ဆန္န** အမတ်လည်း ဖွားမြင်သည်။ ***ကဏ္ဍက*** မြင်းလည်း ဖွားမြင်သည်။ ရွှေအိုးကြီးလေးလုံး(***သခ်၊ ဧလ၊ ဥပ္ပလ၊ ပုဏ္ဍရိက***) လည်း ပေါ်သည်။ ***ဗောဓိပင်***(မဇ္ဈိမဒေသ၊ ဥရုဝေလတော၊ အောင်မြေအရပ်)လည်း ပေါက်သည်။

ဤခုနစ်ဦးသည် ဘုရားအလောင်းတော်နှင့် တစ်ချိန်တည်း ဖွားမြင်ကြသော ဖွားဖက်တော်များ ဖြစ်ကြသည်။

**ဆောင်ပုဒ် ။ ။ ကာဠု, ယသော်၊ ညီတော်, ဆန္န၊ ကဏ္ဍက၊ သောဏ္ဍ, ဗုဒ္ဓဟော။**

**ဖွားဖက်တော်မြတ်၊ ခုနစ်ရပ်၊ မှတ်ကြမျိုးလေးထွေ။**

ကပိလဝတ်ပြည်နှင့် ဒေဝဒဟပြည်ရှိ တိုင်းသူပြည်သားဆွေတော်မျိုးတော်များသည် တစ်ကြိမ်တစ်ခါမျှ မကြုံဘူးအောင် ထူးခြားကြီးကျယ်သော နိမိတ်များကို တွေ့မြင်ရသည်။ ဘုရားအလောင်းတော်အား ကောင်းချီးပေးကြလျက် မာယာဒေဝီမိဖုရားကြီးကို ကပိလဝတ်ပြည်သို့ ပြန်ခေါ်လာကြလေ၏။ သုဒ္ဓေါဒနမင်းကြီး ကိုးကွယ်သည့် ***ကာဠဒေဝီလရသေ့*** **'Rishi Kala Devila'** သည် နန်းတော်သို့ သွား၍ မင်းကြီးထံ ဝင်လေသည်။

မင်းကြီးက သားတော်အားချီ၍ ဆရာရသေ့အား ရှိခိုးစေရာ ခေါင်းပေါ်သို့ ပျံတက်၍ တည်နေလေသောကြောင့် ရသေ့ကြီးသည် ဘုရားလောင်း မင်းသားအား ဦးတိုက်ရှိခိုးလေသည်။ မင်းကြီးလည်း ဘုရားလောင်းမင်းသားအား ရှိခိုးရလေ၏။



သိဒ္ဓတ္ထမင်းသား လုမ္ဗိနီဥယျာဉ်တော်၌ ဖွားမြင်တော်မူပုံ

အရှေ့ဘက်ကောင်းကင်

ရသေ့ကြီးသည် ဘုရားအလောင်း၏ လက္ခဏာကို ကြည့်၍ ဧကန်ဘုရား ဖြစ်မည်ဟု ဟောကြားခဲ့သည်။

ပညာရှိရသေ့မှာ ဘုရားအလောင်းအားကြည့်၍ ပထမ ပြုံးတော်မူသည်။ နောက်မှီးတော့ ငိုပါသည်။

ပြုံးရခြင်းမှာ ဗုဒ္ဓဘုရားရှင်စစ် ဧကန်ဖြစ်လာမည်ကို သိ၍ ပြုံးတော်မူခြင်းဖြစ်ပြီး ငိုရခြင်းမှာ ပွင့်တော်မူမည့် ဘုရား အလောင်းတော်အား မဖူးရခြင်းကြောင့် ငိုရခြင်း ဖြစ်သည်။

●

**ခေါင်းဆေးမင်္ဂလာ နှင့် အမည်မှည့်မင်္ဂလာ ပြုလုပ်ခြင်း (မဟာသက္ကရာဇ် ၆၈ ခု၊ တဆုန်လပြည့်ကျော် ၅ ရက်၊ ဗုဒ္ဓဟူးနေ့) B.C. - 624**

ဘုရားအလောင်းသူမြတ်ကို မွေးဖွားပြီး (၅)ရက်မြောက် သောနေ့တွင် ခမည်းတော်မင်းကြီးသည် သားတော်ဘုရား အလောင်းမင်းသားအား ဦးခေါင်းဆေးလျှော်ခြင်း မင်္ဂလာပြုလုပ် စေပြီးလျှင် အမည်မှည့်အံ့ဟု မိမိစံနန်းတော်ကို နံ့သာမျိုးလေးပါး ဖြစ်သော- (က)တောင်ဇလပ်နံ့သာ၊

(ခ) လေးညှင်းပွင့်နံ့သာ

(ဂ) ကုံကုမံနံ့သာ

(ဃ)ပန်းညိုနံ့သာ အမှုန့်တို့ဖြင့် ထုံမွှေးစေ၍ ပန်းမျိုးငါးပါး ဖြစ်သည့် (၁)နေဇာမြက်၊ (၂)ဆန်၊ (၃)မုန်ညင်းစေ့၊ (၄)မုလေးငုံ၊ (၅)ပေါက်ပေါက်(ဆန်ပန်း ပေါက်ပေါက်)တို့ကို ဖြန့်ကြ

စေပြီး နို့ယနာဘောဇဉ်စစ်စစ်ကို ချက်တော်မူ၍ ပုဏ္ဏားပညာရှိတို့ကို ပင့်ဖိတ်၍ နို့ယနာဘောဇဉ်တို့အား တိုက်ကျွေးတော်မူ၏။ ထိုပုဏ္ဏားပညာရှိ တစ်ရာ့ရှစ်ယောက်တို့အနက် ရှစ်ယောက်သော ပုဏ္ဏားပညာရှင်တို့ကို ရွေးချယ်ပြီး သားတော်ဘုရား အလောင်းမင်းသား၏ လက္ခဏာကို နိမိတ်ဖတ်ကြား လျှောက်ထားစေ၏။

ထိုပုဏ္ဏားပညာရှိ ရှစ်ယောက်မှာ ***'ရာမ' 'ဓဇ' 'ယည' 'ဇောတိမန္တ' 'သုဘောဇ' 'သုယာမ' 'လက္ခဏာ'*** နှင့် ***'ကောဏ္ဍည'*** တို့ ဖြစ်သည်။ အငယ်ဆုံးဖြစ်သည့် ကောဏ္ဍညနွယ်ဖွား ***'သုဒတ္တ'*** မည်သော ပုဏ္ဏားသည် သေချာစေ့ငု ကြည့်ရှုတော်မူသည်။ မဟာပုရိသ လက္ခဏာတော်ကြီး (၃၂)ပါးရှိခြင်း၊ နှစ်ဖက်သော ခြေဖဝါးပြင်၌ (၁၀၈)ကွက် စက်အမှတ်အသား ရှိခြင်း၊ ပြည့်စုံသော အသံတော်(၈)ပါး ရှိခြင်း၊ မဟာပုရိသ လက္ခဏာတော်ကြီး (၃၂)ပါးတို့၏ အခြံအရံ ဖြစ်ကြကုန်သော အသီတိအနုဗျဥ္ဇန(ခေါ်)လက္ခဏာတော်(၈၀)ဖြင့် ပြည့်စုံတော်မူ၍ ကောဏ္ဍညနွယ်ဖွား သုဒတ္တပုဏ္ဏားသည် ***"အရှင်မင်းကြီး၏သားတော်သည် လောက၌ ဘုရားစစ်စစ် ဖြစ်တော်မူလိမ့်မည်၊ လူ့ဘောင်၌ တည်နေမည့်သူ မဟုတ်ပါဟု လက်တစ်ချောင်းတည်းထောင်၍ တစ်မျိုးတည်း ဟောလေ၏"*** သုဒ္ဓေါဒနမင်းကြီးက ဘုရားဖြစ်မည်ဆိုလျှင် ဘယ်အရာကို မြင်၍ တောထွက်မည်နည်းဟု မေးလေ၏။ ***သူအို၊ သူနာ၊ သူသေ၊ ရဟန်း*** ဟူသော နိမိတ်ကြီးလေးပါး မြင်၍ တောထွက်လိမ့်မည်။

ထို့နောက် ပုဏ္ဏားတော်အားလုံးက ဘုရားလောင်း သားတော်ကလေး၏ အမည်မှည့်ရန် စဉ်းစားကြပြီး အလုံးစုံသော သူတို့၏ အလိုခပ်သိမ်း ပြီးပြည့်စေသောကြောင့် **'သိဒ္ဓတ္ထ'** ဟု အမည်မှည့်ခေါ် သမုတ်ကြကုန်၏။ ဘုရားလောင်း သိဒ္ဓတ္ထမင်းသားကလေး ဖွားမြင်ပြီး ခုနစ်ရက်ရှိသောအခါ မယ်တော် မဟာမာယာဒေဝီ မိဖုရားကြီးသည် နတ်ရွာစံ၍ တုသိတာနတ်ပြည်၌ နတ်သားဖြစ်လေ၏။ သုဒ္ဓေါဒနမင်းကြီး၏ ***ဒုတိယမိဖုရား ဂေါတမီ*** က သိဒ္ဓတ္ထမင်းသားကလေးကို နို့ချိုတိုက်ကျွေး၍ ပြုစုရလေ၏။

●

**သိဒ္ဓတ္ထမင်းသား (၁)လသားအရွယ်**
**အာနာပါန ပဌမဈာန်ကို ရတော်မူခြင်း**
**(မဟာသက္ကရာဇ် ၆၈ ခု၊ နယုန်လပြည့်၊ တနင်္ဂနွေနေ့)**
**B.C. - 624**

တစ်နေ့သောအခါ သုဒ္ဓေါဒနမင်းကြီးသည် လယ်ထွန်မင်္ဂလာ **'Ploughing Festival'** ကျင်းပလေ၏။ ကျင်းပရာ အရပ်၌ ဇမ္ဗူသပြေပင် တစ်ပင်ရှိရာ ထိုဇမ္ဗူသပြေပင်ရိပ်၌ အထိန်းတော်များဖြင့် မင်းသားကလေးကို စောင့်ရှောက်ခိုင်းကြလေ၏။

အထိန်းတော်များ လယ်ထွန်မင်္ဂလာပွဲ ထွက်ကြည့်နေစဉ် သိဒ္ဓတ္ထမင်းသားကလေးအနား၌ မည်သူမျှ မရှိသောအခါ သိဒ္ဓတ္ထမင်းသားကလေးသည် အိပ်ရာထက်၌ တင်ပျဉ်ခွေထိုင်ကာ ဝင်

သက် ထွက်သက်(အာနာပါန)ကိုသာ စီးဖြန်းနေလေတော့၏။ အရွယ်နှင့် မလိုက်အောင် အာနာပါန ဈာန်ဝင်စားသည့် အခြင်းအရာကို တွေ့ရပြီးနောက် သုဒ္ဓေါဒနမင်းကြီးသည် သားတော်ကလေးအား ဒုတိယအကြိမ် ရှိခိုးရလေသည်။



သိဒ္ဓတ္ထမင်းသား (၁)လသားအရွယ် အာနာပါန ပထမဈာန်ကို ရတော်မူခြင်း

အရှေ့ဘက်ကျောင်းကာင်

ထိုသို့ အရွယ်နှင့် မလိုက်အောင် အာနာပါန ဈာန်ဝင်စားသည်ကို သုဒ္ဓေါဒနမင်းကြီး တွေ့ရပြီးနောက် ငယ်စဉ်အခါက ပုဏ္ဏားတော်တို့ ဟောကြားခဲ့သော တောထွက်၍ လူတွင်ထင်ရှား ဘုရားဖြစ်လိမ့်မည်ဟူသော ပြောစကားကို မကြာခဏ သတိရနေ၏။ ထို့ကြောင့် သားတော်ကလေး မမြင်လောက်သည့် နေရာသို့ နိမိတ်လေးပါး မရောက်ရှိအောင် နန်းတော်တွင်း၌သာမက တစ်မြို့လုံး၌ပင် ကျပ်တည်းစွာ အမိန့်ထုတ်ထားလေသည်။ မြို့တော်၏ အပြင်ဘက်ပတ်လည် နှစ်မိုင်ခန့်အထိ အစောင့်အရှောက်များ ချထားလေ၏။ သိဒ္ဓတ္ထမင်းသားကလေး တဖြည်းဖြည်း ကြီးပြင်းလာသော်လည်း သူအို၊ သူနာ၊ သူသေ နှင့် ရဟန်းတို့ကို ဖူးမြင်ဖို့ မဆိုထားဘိ ခေါ်ဝေါ်ပြောဆိုသံကိုပင် မကြားရချေ။ လူအိုကိုလည်း မမြင်ဘူး၊ မကြားဘူးသဖြင့် အိုသည် ဆိုသည်ကို မသိချေ။

●

## သိဒ္ဓတ္ထမင်းသား (၁၆)နှစ်အရွယ် ထီးနန်းစိုးစံတော်မူခြင်း (မဟာသက္ကရာဇ် ၈၄ ခု) B.C. - 608

ဘုရားလောင်း သိဒ္ဓတ္ထမင်းသား (၁၆)နှစ်အရွယ်သို့ ရောက်သောအခါ ဖခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် သားတော်အတွက် ဥတုသုံးပါးမရွေး စံနိုင်ရန် ကြီးကျယ်ခမ်းနားသော ရမ္မ၊ သုရမ္မ၊ သုဘ ဟူသော နွေ၊ မိုး၊ ဆောင်း နေနိုင်ရန် ပြာသာဒ်ရွှေနန်းတို့ကို ဆောက်လုပ်၍ မင်းခမ်းသဘင်တော်များ ဆင်ယင်

ကျင်းပပြီး မင်းစည်းစိမ်ကို သုံးဆောင်ခံစားတော်မူ၍ ပြာသာဒ် သုံးဆောင်တို့၌ ချမ်းသာစွာဖြင့် စံတော်မူရလေသည်။

***၁။ ရမ္မ ပြာသာဒ်ကား ဘုံကိုးဆင့် ရှိသည်။***

***၂။ သုရမ္မ ပြာသာဒ်ကား ဘုံခုနစ်ဆင့် ရှိသည်။***

***၃။ သုဘ ပြာသာဒ်ကား ဘုံကိုးဆင့် ရှိသည်။***

*ထိုပြာသာဒ်သုံးဆောင်တို့သည် အစောက်အားဖြင့် အပိုင်း အခြားမရှိ မြင့်သည်။ အပြန့်အားဖြင့် ဆွေရုံ ရှစ်သောင်းကျော် နေပျော်လောက်သည်။ အဆန်းတကြယ်အားဖြင့် ပြောပချီးမွမ်း၍ မကုန်နိုင်အောင် တင့်တယ်သတည်း။*

တစ်နေ့သောအခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် သားတော်လေး အရွယ်ရောက်၍ သင့်လျော်သော မင်းသမီးနှင့် ထိမ်းမြားပြီး ထီးနန်းလွှဲအပ်မှသာ မင်းစည်းစိမ် ခံစား၍ တော ထွက်ချင်စိတ် ပေါ်ပေါက်မည် မဟုတ်ဟု စဉ်းစားမိသည်။

သိဒ္ဓတ္ထ မင်းသားအတွက် မိဖုရားဖြစ်ထိုက်သူကို ရွေးချယ်ရန် သာကီဝင်မင်းများထံသို့ မိမိတို့၏ သမီးတော်များကို ပို့လွှတ်ကြရန် အကြောင်းကြားလေ၏။ သာကီဝင်မင်းတို့သည် သိဒ္ဓတ္ထမင်းသားအား စည်းစိမ်ချမ်းသာစွာ နေထိုင်နိုင်ပြီး မင်းသားတို့ တတ်အပ်သော အတတ်မရှိဟု ပြောဆိုကြသည်ကို ဖခမည်းတော် သုဒ္ဓေါဒန မင်းကြီး ကြားတော်မူလေ၏။ ထို့ကြောင့် ပရိသတ်ဗိုလ်ပုံအလယ်၌ လေးအတတ်ကိုပြရာ အတော်ဆုံး လေးသမားများထက်ပင် သာလွန်သည်ကို တွေ့ရသဖြင့် ဆွေတော်မျိုးတော်များနှင့် တိုင်းသူပြည်

သားတို့ အံ့ဩကြရသည်။ ထိုသို့ အလောင်းတော်သိဒ္ဓတ္ထမင်းသား၏ အစွမ်းကို သိမြင်ကြသောကြောင့် သာကီဝင်မင်းအပေါင်းတို့သည် မိမိတို့၏ သမီးတော်များကို သိဒ္ဓတ္ထမင်းသားနှင့် ထိမ်းမြားဖို့ရန် အတွက် ပို့သ,ဆက်သကြလေသည်။ ထိုသို့ ပို့ဆက်ကြသော သာကီဝင် မင်းသမီးများစွာအနက် ဒေဝဒဟပြည် **သုပ္ပဗုဒ္ဓ** မင်းကြီး **'Supra Buddha'** ၏ သမီးတော် ယသော်ဓရာမင်းသမီး**'Yashodhara'** ကို သိဒ္ဓတ္ထမင်းသားနှင့် ထိမ်းမြား၍ မိဖုရားမြှောက်ရန် ရွေးကောက် လိုက်လေ၏။ ယသော်ဓရာ၏ အသားရောင်မှာ ရွှေအစစ်ကဲ့သို့ ဝင်းနေ၍ ***ဘဒ္ဒကစ္စနာ*** ဟုလည်း ခေါ်ကြလေသည်။(ဘဒ္ဒကစ္စနာ= ကောင်းမြတ်သောရွှေ) ထို့ပြင် မျက်နှာအနေအထား ကိုယ်ပေါက် ကိုယ်ရောင် အချိုးအစားနှင့် ခါးသေးရင်ချီ၍ ခြေသွယ်၍ လက်ရှည် ပြီး တစ်ကိုယ်လုံးသည် ရွှေတုံးကို ထုထားသည့် ရွှေစင်ရုပ်ပမာ အချိုးကျ၍ ***ဗိမ္ဗာဒေဝီ*** ဟုလည်းခေါ် သည်။(ဗိမ္ဗာဒေဝီ=ရွှေစင်ရုပ်)

ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် သားတော် သိဒ္ဓတ္ထ မင်းသားအား ယသော်ဓရာမင်းသမီးနှင့် ထိမ်းမြားလက်ထပ်ပေးပြီး မိမိ၏ ထီးနန်းကို လွှဲအပ်တော်မူသည်။

သိဒ္ဓတ္ထဘုရင်၏ ဘုန်းတန်ခိုး အရှိန်အဝါကြောင့် တိုင်းပြည် နိုင်ငံလည်း အေးချမ်းသာယာ ချမ်းမြေ့စွာ ရှိ၏။

●

နိမိတ်ကြီးလေးပါး မြင်တော်မူခြင်း
(မဟာသက္ကရာဇ် ၉၆ ခုနှစ်၊ ဝါဆိုလပြည့်မှ ၉၇ ခုနှစ် ဝါဆိုလပြည့်နေ့အထိ) B.C. - 596 from 595

ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားသည် ထီးနန်းစည်းစိမ် ခံစား၍ **ဆယ့်နှစ်နှစ်ခန့်** ကြာသောအခါ တစ်နေ့၌ ဥယျာဉ်တော်ကို လှည့်လည်ရှုစားလိုသော ဆန္ဒရှိသဖြင့် မြင်းလေးစီးဆွဲ ရထားကိုစီး၍ ထွက်တော်မူသည်။



အရှေ့ဘက်ကောင်းကင်

လမ်းခုလတ်၌ နတ်တို့သည် နတ်သားတစ်ပါးကို လူအိုပုံ ဖန်ဆင်းပြီး ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား မြင်စေရန် အသက်အရွယ် လွန်စွာကြီးရင့်၍ အိုမင်းနေသော လူအိုကြီး တစ်ယောက်ကို နတ်တို့တန်ခိုးကြောင့် သိဒ္ဓတ္ထမင်းနှင့် ရထားမောင်း သမားတို့သာ တွေ့မြင်၏။ အခြားသူတို့ မမြင်ရပေ။

**ထိုနေ့သည် မဟာသက္ကရာဇ် ၉၆ ခုနှစ်၊ ဝါဆိုလပြည့် နေ့ ဖြစ်သည်။**

လူအိုကြီး အိုရခြင်းကိုမြင်၍ ဥယျာဉ်သို့ မသွားဘဲ နန်း တော်သို့ ပြန်ကြွလာကြောင်းကို သုဒ္ဓေါဒနမင်းကြီး ကြားသိတော်မူ သဖြင့် မြို့တော်ပတ်လည်ကို ရှေးကထက်တိုးကာ လေးမိုင်ခန့်အထိ အစောင့်အကြပ် ချထားလေ၏။

ထိုမှတစ်ဖန် တစ်နေ့၌ ဒုတိယအကြိမ် ဥယျာဉ်တော်သို့ အသွား လူမမာတစ်ဦးကို တွေ့ပြန်၏။ ရှေးနည်းအတိုင်း မေးမြန်း ရာ လူနာဖြစ်ရခြင်း နာခြင်းသဘောကို သိပြန်၏။

**ထိုနေ့သည် မဟာသက္ကရာဇ် ၉၆ ခုနှစ်၊ တန်ဆောင် မုန်းလပြည့်နေ့ ဖြစ်သည်။**

သိဒ္ဓတ္ထမင်းသားသည် လူ့ဘဝကို ငြီးငွေ့ထိတ်လန့်ကာ ဥယျာဉ်တော်သို့ မသွားဘဲ နန်းတော်သို့ ပြန်လာခဲ့သည်။ ထိုအကြောင်းကို သုဒ္ဓေါဒနမင်းကြီး သိ၍ မြို့ပတ်လည်ကို ရှေးက ထက် ခြောက်မိုင်ခန့်အထိ အစောင့်အရှောက် ချထားလိုက်လေ၏။

တတိယအကြိမ် ဥယျာဉ်တော်သို့ ထွက်သောအခါ၌ကား လူအများ ထမ်းလာသော မသာအသုဘကို တွေ့သဖြင့် ရထားထိန်းကိုမေးရာ လူသေကို ထမ်းလာသည့် မသာအသုဘဖြစ်ကြောင်း ပြောသဖြင့် ထိုအသုဘ အခမ်းအနားသို့ သွား၍ကြည့်ရှုတော်မူလေသည်။

**ထိုနေ့သည် မဟာသက္ကရာဇ် ၉၆ ခုနှစ်၊ တပေါင်းလပြည့်နေ့ ဖြစ်သည်။**

ရှေးနည်းအတိုင်းပင် ဥယျာဉ်သို့ မသွားဘဲ နန်းတော်သို့ ပြန်လာခဲ့လေသည်။ သုဒ္ဓေါဒနမင်းကြီးသည် မြို့တော်ပတ်လည် တစ်ယူဇနာ(၇ မိုင်ခန့်)အထိ အစောင့်အရှောက် ချထားလိုက်လေ၏။

ဤသို့ အိုခြင်း၊ နာခြင်း၊ သေခြင်း မကင်းနိုင်သော လောကကြီးမှ ထွက်မြောက်လိုစိတ် သိဒ္ဓတ္ထမင်းသားထံတွင် ဖြစ်ပေါ်လာခဲ့သည်။

တစ်နေ့သောအခါတွင် ဥယျာဉ်တော်သို့ ထွက်ပြန်ရာ ရဟန်းတစ်ပါးကို တွေ့မြင်၏။ သိဒ္ဓတ္ထမင်းသားသည် ရဟန်းဟူ၍ မသိခြင်း၊ ရထားထိန်းကို မေးမှသာ တရားကျင့်သော ရဟန်းဖြစ်ကြောင်း သိရှိရသည်။

**ထိုနေ့သည် မဟာသက္ကရာဇ် ၉၇ခု၊ ဝါဆိုလပြည့်နေ့ ဖြစ်သည်။**

လောကမှလွတ်မြောက်အောင် ကြံရွယ်နေသော အလောင်းတော် သိဒ္ဓတ္ထမင်းသားသည် စိတ်နှလုံး ကြည်လင်ရွှင်လန်းလာသည်။ ဥယျာဉ်တော်မှ နန်းတော်သို့ ပြန်ရန် ရထားပေါ်သို့ တက်သောအခါ ယသော်ဓရာ မိဖုရားကြီး၌ သားတော်ကလေး ဖွားမြင်ကြောင်း နန်းတော်မှ သတင်းရောက်လာသည်။

ဘုရားအလောင်းတော်သည် ထီးနန်းကိုစွန့်၍ တောထွက်မည်ဟု ကြံစည်နေခိုက် သားတော်ကလေး ဖွားမြင်ကြောင်း ကြားရသောအခါ လမင်းကို ရာဟုဟုခေါ်သော လဥပုပ်ဖမ်းသကဲ့သို့ အလွန်ပြည့်ဝနေသော အကြံကို သားတော်ကလေးက နှောင့်ယှက်မည်ဟူသော အဓိပ္ပာယ်ဖြင့် ***'ရာဟုဖမ်းခြင်းဖြစ်ပြီ၊ အနှောင်အဖွဲ့ဖြစ်ပြီ'*** ဟု ရုတ်တရက် ဆိုလိုက်လေ၏။ ထိုစကားကို ယူ၍ **ရာဟုလာ 'Rahula'** ဟု အမည်ပေးကြလေ၏။

အလောင်းတော်သိဒ္ဓတ္ထမင်းသားသည် ညချမ်းအချိန် နန်းတော်သို့ ဝင်ခဲ့လေသည်။ စံနန်းပြာသာဒ်ထက်သို့ တက်စံတော်မူကာ သလွန်ပေါ်၌ လျောင်းစက်တော်မူလေ၏။ တစ်ခဏမျှ အိပ်တော်မူခြင်းသို့ ရောက်တော်မူလေ၏။ ဘုရားအလောင်းတော်မင်းသားသည် စက်ရာမှနိုး၍ သလွန်ပေါ်တွင် ထိုင်၍ ကြည့်ရှုတော်မူသော် ကချေသည်များသည် သွားကြိတ်လျက်၊ ဟောက်လျက်၊ ပါးစပ်ခံတွင်းပွင့်လျက်၊ အချို့သည် အဝတ်ကင်းလျက် သူသေရုပ်အသွင်ကို ဆောင်ကြကာ အိပ်ပျော်နေကြသည်ကို မြင်တော်မူ၏။

ကချေသည်များ၏ စက်ဆုပ်ဖွယ်ရာ ဖောက်ပြန်ခြင်းတို့ကို မြင်ရပြီး ရှေးကထက်ပင် ကာမတရားတို့အပေါ်၌ တပ်ခြင်းကင်းသောစိတ် ရှိတော်မူ၏။ ရဟန်းပြုလိုသောစိတ်လည်း ပြင်းထန်လာ၏။ ယခုညပင် တောထွက်မည်ဟု ဆုံးဖြတ်ကာ **ဆန္န'Channa'** အမတ်ကို နှိုး၍ ***ကဏ္ဍက*'Kandaka'** မြင်းကို စီးတော်မူကာ မဟာသက္ကရာဇ် ၉၇ ခုနှစ်၊ ဝါဆိုလပြည့်၊ တနင်္လာနေ့တွင် ရဟန်းပြုရန် တောထွက်ခဲ့သည်။ ***သက်တော်မှာ (၂၉)နှစ်*** ရှိပြီ ဖြစ်သည်။

●


**ဘုရားလောင်း သိဒ္ဓတ္ထမင်းသား ရဟန်းပြုခြင်း**
**(မဟာသက္ကရာဇ် ၉၇ ခုနှစ်၊ ဝါဆိုလပြည့်၊ တနင်္လာနေ့)**
**B.C. - 595**

ဘုရားအလောင်းတော်သည် ကပိလဝတ်ပြည်မှ မြင်းဖြင့်လာခဲ့ရာ တစ်ညတည်းနှင့်ပင် ***ကပိလဝတ်၊ ဒေဝဒဟ၊ ကောလိယ*** ဟူသော သုံးပြည်ထောင်ကို ကျော်လွန်၍ ယူဇနာ-၃၀(မိုင်ပေါင်း ၂၁၀ ခန့်) ခရီးပေါက်ခဲ့သည်။ လမ်းခရီး၌ ဝသဝတ္တီမာရ်နတ်သား ရုတ်တရက် ထွက်ပေါ်လာပြီး ဘုရားအလောင်းတော်ကို မာရ်နတ်က နောင်ခုနစ်ရက်ကြာသောအခါ စကြဝတေးမင်းကြီး ဖြစ်မည်ဟု ပြောပြီး တောမထွက်ရန်တားလေသည်။ သို့သော် ဘုရားအလောင်း သိဒ္ဓတ္ထသည် ဆက်လက်ထွက်ခွာလာခဲ့၏။ မာရ်နတ်သည်လည်း ဘုရားအလောင်းတော်၏နောက်သို့ အရိပ်ပမာ လိုက်လာခဲ့သည်။

နံနက်မိုးလင်းခါနီး အချိန်တွင် **အနော်မာ**မြစ်သို့ ဆိုက်ရောက်လေ၏။ အနော်မာမြစ်ကို မြင်းစီးလျက်ပင် ကူး၍ တစ်ဖက်ကမ်းသို့ ရောက်သောအခါ ဆန္နအမတ်ကို ပြန်ရန် အမိန့်ပေးလိုက်လေသည်။ ဖြူစင်သော သဲသောင်ပေါ်တွင် ရပ်လျက် ထိုနေရာတွင်ပင် ရဟန်းပြုတော့၏။ လက်ယာလက်ဖြင့် သန်လျက်ကို ကိုင်ကာ လက်ဝဲလက်ဖြင့် ဆံတော်ကို ဦးသျှောင်နှင့်တကွ ကိုင်၍ ဖြတ်တော်မူသည်။ ဆံတော်များသည် လက်နှစ်သစ်ခန့်သာ ကျန်သည်။

ယင်းဆံတော်များသည် လက်ယာရစ်လည်ကာ ဦးခေါင်းတော်၌ ကပ်ငြိနေကြသည်။ ဘုရားဖြစ်၍ ပရိနိဗ္ဗာန် စံတော်မူသည့်တိုင် ထိုအတိုင်း ရှိသည်။

နောက်ထပ် ဆံတော် ရိတ်ပယ်ရခြင်း မရှိချေ။ ဘုရားအလောင်းတော်သည် ဖြတ်ထားသော ဆံတော်ကို ဦးသျှောင်နှင့်



အရှေ့ဘက်ကောင်းကင်

တကွ ကိုင်ကာ **"အကယ်၍ ငါသည် ကေန်စစ်စစ် ဘုရားဖြစ်မည် မှန်က ဤဆံတော်များသည် ကောင်းကင်၌ တည်ပါစေသား၊ ဘုရားမဖြစ်က မြေသို့ ကျပါစေသား"** ဟု အဓိဋ္ဌာန်ပြု၍ ကောင်းကင်သို့ မြှောက်ပစ်လိုက်ရာ အထက်ကောင်းကင် တစ်ယူဇနာမြင့်သော အရပ်၌ တည်နေလေသည်။

ဆံတော်ကို သိကြားမင်း **Sakka 'King of Deity'** သိ၍ ရတနာကလပ်ဖြင့် ခံယူပြီး တာဝတိံသာနတ်ပြည်၌ ***စူဠာမဏိစေတီ*** တည်ထားလေသည်။

ဆံတော်ကို ပယ်ပြီးသောအခါ ဘုရားအလောင်းတော်သည် ဝတ်ထားသော ကာသိကရစ်တိုင်းဖြစ် ဝတ်လဲတော်ပုဆိုးကို ကြည့်လျက် ဤအဝတ် ပုဆိုးတို့သည် ရဟန်းတို့နှင့် မသင့်လျော်ဟု စိတ်အကြံ ဖြစ်သည်။

ထိုအခါ ဃဋိကာရဗြဟ္မာကြီး **'Brahma'** သည် သင်္ကန်းပရိက္ခရာများ(သင်္ကန်းပရိက္ခရာရှစ်ပါး)ကို ယူလာပြီးလျှင် ဘုရားအလောင်းတော်အား ဆက်ကပ်လေသည်။

ပရိက္ခရာရှစ်ပါးကား- ကိုယ်ဝတ်၊ ဒုကုဋ်၊ သင်းပိုင်၊ ခါးပန်း၊ အပ်၊ ပဲကွပ်၊ သပိတ်၊ ရေစစ် ဤရှစ်ပါးတည်း။

ဗြဟ္မာကြီး လှူသော သင်္ကန်းကို ဝတ်ပြီးလျှင် ဝတ်လဲတော်ပုဆိုးကို ကောင်းကင်သို့ ပစ်လိုက်လေသည်။ ၎င်းဝတ်လဲတော်ကို ဃဋိကာရဗြဟ္မာ ခံယူ၍ ဗြဟ္မာ့ပြည်၌ **ဒုဿစေတီ** တည်လေသည်။ ထိုနေရာမှ ပြန်လှည့်လာသော ကဏ္ဍကမြင်းသည် ပူဆွေးသောကဖြစ်ကာ ဘုရားအလောင်းတော် မမြင်ရသောနေရာ၌ သေဆုံးလေ၏။

သေဆုံးပြီးနောက် တာဝတိံသာနတ်ပြည်၌ **ကဏ္ဍကနတ်သား** ဖြစ်လေသည်။ ဆန္နအမတ် တစ်ယောက်တည်းသာ ကပိလဝတ်ပြည်သို့ ပြန်ရရှာလေ၏။

●

**ရဟန်းဘဝ**

**(မဟာသက္ကရာဇ် ၉၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်၊ အင်္ဂါနေ့) B.C. - 594**

ရဟန်းဘဝသို့ရောက်ပြီး ဘုရားအလောင်းသည် အနုပိယမည်သော သရက်တော၌ ခုနစ်ရက်ပတ်လုံး နေတော်မူ၏။ ရှစ်ရက်မြောက်သောနေ့(မဟာသက္ကရာဇ် ၉၈ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၈ ရက်)နေ့တွင် ထိုအရပ်မှ ထွက်ခွာပြီး ယူဇနာ ၃၀(မိုင် ၂၁၀ခန့်) ခရီးပေါက်၍ ရာဇဂြိုဟ်ပြည်သို့ ရောက်လေ၏။ ရာဇဂြိုဟ်ပြည်သို့ ရောက်၍ မြို့တွင်းသို့ ဆွမ်းခံဝင်ရာ ထူးခြားသော ရုပ်သွင်ကြောင့် တစ်မြို့လုံး အုတ်အုတ်ကျက်ကျက် ဖြစ်ကြလေသည်။ အမျိုးမျိုး ထင်မြင်ပြောဆိုကြလေသည်။ ရာဇဂြိုဟ်**'Rajagaha'**ပြည့်ရှင် ဗိမ္ဗိသာရမင်းကြီး**'Bimbisara'**လည်း နန်းတော်ပေါ်မှ လှမ်းမျှော်ကြည့်ရှုပြီးလျှင် မင်းချင်းတို့ကို စုံစမ်းစေခိုင်းခဲ့သည်။

***"အချင်းတို့ လိုက်လံစုံစမ်းကြ၊ မြို့ပြင်ရောက်၍ နတ်ဖြစ်လျှင် ကောင်းကင်သို့ ပျံတက်လိမ့်မည်၊ နဂါးဖြစ်လျှင် မြေထဲသို့ ငုပ်လျှိုးလိမ့်မည်၊ လူဖြစ်လျှ[illegible]ဆွမ်းကို သုံးဆောင်လိမ့်မည်"***
ဟု စေခိုင်းလေသည်။

ဘုရားအလောင်းတော်သည် ဆွမ်းတစ်နပ်စာလောက် ရရှိသောအခါ မြို့ပြင်သို့ထွက်၍ ပဏ္ဍဝတောင်ရိပ်တွင် အရှေ့ဘက်သို့ မျက်နှာမူကာ ဆွမ်းဘုဉ်းပေးရန် ပြင်လေသည်။ သပိတ်ထဲတွင် အိမ်ပေါင်းစုံမှ လောင်းလှူလိုက်သော ဆွမ်းနှင့် ဟင်းမျိုးစုံ ရောလျက် ရွံဖွယ်ဖြစ်နေသည်။ ဘုရားအလောင်းတော်သည် ယခုဘဝတွင် ဤကဲ့သို့ အစာမျိုးကို စားဖူးရန် မဆိုထားဘိ၊ မြင်ရုံမမြင်ဘူးသည့်အတွက် စားမည်ပြင်သောအခါ ပျို့အန်လုမတတ် ရှိသည်။

ထို့နောက် မိမိကိုယ်ကို ဆုံးမတော်မူပြီး စိတ်ပျက်ခြင်းမရှိဘဲ ဘုဉ်းပေးသုံးဆောင်တော်မူသည်။

***ဤဆွမ်းသည် ဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသားပထမဦးဆုံး ဘုဉ်းပေးသော ဆွမ်းတစ်နပ် ဖြစ်သည်။***

မင်းချင်းတို့သည် တွေ့မြင်ရပုံ အလုံးစုံကို ဗိမ္ဗိသာရမင်းကြီးအား ပြန်လည်သံတော်ဦးတင်ကြလေသည်။ မင်းကြီးသည် ဘုရားအလောင်းထံသို့ သွား၍စုံစမ်းမေးမြန်းသည်။ အဖြစ်မှန်ကိုသိ၍ကြည်ညိုကာ ထီးနန်းစည်းစိမ်ကို အပ်သည်။

ဘုရားလောင်းက ငြင်းပယ်သောအခါ မင်းကြီးက ***"အရှင်မြတ်သည် ဘုရားဖြစ်တော်မူပါလိမ့်မည်၊ ဘုရားအဖြစ်သို့ ရောက်သောအခါ အကျွန်ုပ်၏ တိုင်းပြည်သို့ ရှေးဦးစွာ ကြွတော်မူပါ"*** ဟု ပန်ကြားသည်။

ဘုရားလောင်းကလည်း ***"ကောင်းပါပြီ အသင်မင်းကြီး"*** ဟု ဝန်ခံစကား ဆိုလိုက်လေသည်။

ဘုရားလောင်းသည် ရာဇဂြိုဟ်ပြည်မှ ထွက်ခွာလာခဲ့ရာ အနွယ်အားဖြင့် ကာလာမအနွယ်ဖြစ်၍ အမည်အားဖြင့် ***အာဠာရ ကာလမ*** ရသေ့ကြီး**'Hermit Ardara Kalama'** အမည်ရှိသော ဂိုဏ်းဆရာကြီးထံသို့ ရောက်တော်မူလေသည်။

ထိုခေတ်အခါ၌ ဘာသာအယူဝါဒအမျိုးမျိုး ပြန့်ပွားနေ၍ မိမိနှစ်သက်ရာဝါဒကို ကျင့်ကြံအားထုတ်လျက် ဘာသာရေးခေါင်းဆောင် အများအပြား ပေါ်ထွန်းလျက်ရှိသည်။ ဘုရားလောင်းသည် ရက်အနည်းငယ်အတွင်း အာဠာရသိသော တရားကို သိမြင်ခဲ့သည်။

သို့သော် ကျေနပ်မှု မရှိသဖြင့် ဥဒကရသေ့ထံတွင် တရားဆွေးနွေးပြန်သည်။ နာမသညာယတနစျာန်များ ပွားပုံကို မေးရာ စကားအဆုံး၌ပင် နေဝသညာ ***နာမသညာယတနစျာန်(လောကီစျာန်)***ကို ရရှိလေသည်။ ကျေနပ်အားရခြင်း မရှိ၍ ထွက်ခွာလာခဲ့ပြန်သည်။

●

## ဒုက္ကရစရိယာကျင့်ခန်း


ဘုရားအလောင်းတော်သည် ဥဒကရသေ့ထံမှ ထွက်ခွာခဲ့ပြီး ***သေနနီဂုံးရွာ ဥရုဝေလတော***'**Uruvila**'သို့ ရောက်ရှိလေသည်။ ဥရုဝေလတောမှာ မာဂဓ**'Magadha'** တိုင်းတွင်ရှိပြီး ဂါယာ**'Gaya'** ရွာဘေးမှ စီးဆင်းသော နေရဉ္ဇရာ**'Naranjara'** မြစ်ကမ်းဘေးတွင် ရှိသည်။

ထိုဥရုဝေလတောအုပ်၌ သူတော်မြတ်တို့ မွေ့လျော်သော မြေအနေအထား စိတ်ကြည်နူးဖွယ်ကောင်းသော တောအုပ် ရှုံ့ညွှန် ဗွက်အိုင် မရှိ ပကတိ သန့်ရှင်းလျက် ဆင်းရန် တက်ရန် အလွန်ကောင်းသော ဆိပ်ကမ်းရှိပြီး ငွေလွှာငွေပြားကို ခင်းထားသည့်ပမာ သာယာသော သဲအပြင်၊ ရှင်မြူးသောငါး၊ လိပ်တို့ဖြင့် စိတ်ကြည်နူးစဖွယ် ရေအလျဉ် တသွင်သွင် စီးဆင်းနေသည့် နေရဉ္စရာမြစ်ကိုလည်းကောင်း၊ ရွာငယ်ကလေးများကိုလည်းကောင်း တွေ့မြင်တော်မူလေသည်။ ထိုဥရုဝေလတော၌ပင်နေ၍ ဒုက္ကရစရိယာအကျင့်ကို ကျင့်တော်မူသည်။ မကြာမီ ***ပရိဗိုဇ်ရဟန်းငါးပါး*** ရောက်လာကြသည်။

ဎင်းတို့မှာ ***ရှင်ကောဏ္ဍည၊ ရှင်ဝပ္ပ၊ ရှင်ဘဒ္ဒိယ၊ ရှင်မဟာနာမ်၊ ရှင်အဿဇိ*** တို့ဖြစ်ကြသည်။ (ရှင်ကောဏ္ဍညမှာ ဘုရားလောင်း ဖွားမြင်စက လက္ခဏာဖတ်ကြသော ပုဏ္ဏားရှစ်ယောက်အနက် 'မုချ ဘုရားဖြစ်လိမ့်မည်' ဟု ဟောခဲ့သော ပုဏ္ဏားငယ်ဖြစ်သည်။ ကျန်ရှိသော ပရိဗိုဇ်လေးဦးမှာလည်း ကျန်ရှိသော လက္ခဏာဖတ် ပုဏ္ဏားများ၏သားများ ဖြစ်ကြသည်)

သူတို့သည် ဘုရားလောင်း တောထွက်ကြောင်း ကြားသဖြင့် လိုက်လာခြင်း ဖြစ်သည်။ ထို့နောက် ဝတ်ကြီးဝတ်ငယ် ပြုစုလုပ်ကျွေးကာ ဘုရားအလောင်းတော်၏ အနီးအနားမှာပင် ရှိနေကြကုန်သည်။

***ငါးပါးအစုရှိသောကြောင့် ပဉ္စဝဂ္ဂီဟု ခေါ်တွင်သည်။***



ဒုက္ခရစရိယာဟူသည် -
(၁) အရေမျှ ကြွင်းပါစေ
(၂) အကြောမျှ ကျန်ပါစေ
(၃) အရိုးမျှ ကြွင်းပါစေ
(၄) အသားအသွေးတို့ ခန်းခြောက် သွားမူ သွားပါစေ
ဟူ၍ ဖြစ်သည်။

အရှေ့ဘက်ကောင်းကင်

ဤအလုပ်ကိုဖြင့် ငါ အောင်မြင်အောင် ပြုလုပ်မည်ဟူသော အင်္ဂါလေးပါးရှိသည့် ဖွဲ့လုံ့လဝီရိယမျိုးကို ***'ပဓာနဝီရိယ'*** ဟု ခေါ်၏။ ထိုအကျင့်များကား ထိုပဓာနဝီရိယ ဖွဲ့လုံ့လမျိုးဖြင့် ပြုအပ်သော အလုပ်မျိုးဖြစ်၍ ပဓာန အလုပ်ဟူ၍ ခေါ်သည်။ ထိုအကျင့်များကား လူသာမန်တို့ ကျင့်ကြံရန် ခဲယဉ်းသော အကျင့်များဖြစ်၍ ***'ဒုက္ကရစရိယာ'*** ခေါ်ဆို၏။

ဘုရားလောင်းသည် အစာရေစာကို တစ်စ တစ်စ ဖြတ်တောက်ကာ ပြင်းထန်စွာ တရားကျင့်သည်။ ဆွမ်းခံခြင်းကို ပယ်၍ အလိုလို ကြွေကျသော သစ်သီးများဖြင့် ရောင့်ရဲတင်းတိမ်ခဲ့သည်။ ထွက်လေဝင်လေနှစ်ပါးကို အောင့်ထားခြင်း တည်းဟူသော အပ္ပါနကဈာန်ကို ကျင့်ကြံလေ၏။ သို့သော် ဆင်းရဲစွာ အားထုတ်မှုက လူတစ်ကိုယ်လုံးကို ပူရှိန်းကာ ငြိမ်းအေးမှုကို မရရှိခဲ့။ သို့သော် စိတ်ဓာတ်ကျခြင်း အလျဉ်းမရှိပေ။ တစ်နေ့ အားပြတ်၍ မိန်းမောပြီး မူးလဲကျသွားသည်။ ပြန်လည်သတိရသောအခါ မိမိကိုယ်ကို ဆင်ခြင်သုံးသပ်ခဲ့သည်။ ခြောက်နှစ်မျှ ကျင့်ခဲ့သော ဒုက္ကရစရိယာ အကျင့်ဖြင့် တရားထူး ရနိုင်မည် မဟုတ်ဟု ဆင်ခြင်လေ၏။

ထို့နောက် ဘုရားလောင်းသည် ***မဇ္ဈိမပဋိပဒါ*** ဟူသော အလယ်အလတ်လမ်းဖြင့် သမာဓိနှင့် ဝီရိယကို မျှတအောင်ပြု၍ တရားအားထုတ်သည်။ ထိုအချိန်၌ ပဉ္စဝဂ္ဂီငါးပါးတို့သည် ဘုရားလောင်းကို စွန့်ခွာ၍ ***မိဂဒါဝုန်တော*** **'Migadaya'** သို့ ပြောင်းသွားကြလေသည်။

## မြတ်စွာဘုရားရှင် ဖြစ်တော်မူခန်း
## (မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့)B.C. - 589

ဘုရားအလောင်းတော်မြတ်သည် အနီးရှိရွာများ၌ ဆွမ်းခံ၍ အာဟာရမှီဝဲသဖြင့် ရက်အနည်းငယ်အတွင်း ကိုယ်ခန္ဓာတောင့်တင်း အင်အားရှိလာသောအခါ အလွန်ထူးဆန်းသော အိပ်မက်ကြီးငါးပါးကို မဟာသက္ကရာဇ် ၁၀၃ခုနှစ်၊ ကဆုန်လဆန်း(၁၄)ရက်နေ့(လပြည့်အဖိတ်)ညသို့ ရောက်သောအခါ မြင်မက်တော်မူသည်။ အိပ်မက် ကြီးငါးပါးမှာ -

*(၁) မဟာပထဝီမြေကြီးကို အိပ်ရာပြု၍ ဟိမဝန္တာတောင်ကို ခေါင်းအုံးလျက် အရှေ့သမုဒ္ဒရာ ရေပြင်ထက်၌ လက်ဝဲလက်၊ အနောက်သမုဒ္ဒရာ ရေပြင်ထက်၌ လက်ယာလက်၊ တောင်သမုဒ္ဒရာရေပြင်ထက်၌ ခြေတော်အစုံတင်၍ အိပ်ရသည်။*

*(၂) သန္တာနီအဆင်းရှိသော တိရိယမည်သော မြက်မျိုးသည် ချက်တော်မှထွက်၍ ဘဝဂ်သို့ရောက်အောင် တက်သည်။*

*(၃) ဖြူသော အဆင်းရှိသော ပိုးတို့သည် ခြေတော်မှ ပုဆစ်ဒူးတိုင်အောင် ဖုံးလွှမ်းတက်သည်။*

*(၄) အရောင်မျိုးစုံရှိသော ငှက်တို့သည် အရပ်လေးမျက်နှာမှ လာ၍ခြေတော်ရင်း၌ ကျသောအခါ အားလုံး အဖြူချည်းသာ ဖြစ်ကုန်ကြသည်။*

*(၅) အလွန်ကြီးသော မစင်တောင်ကြီးသို့ တက်၍ စင်္ကြံသွားသော်လည်း မစင်လိမ်းကျံခြင်း မရှိ ဟူ၍ အိပ်မက်ကြီး ငါးပါး ဖြစ်သည်။*

အလောင်းတော်မြတ်သည် အထက်ပါ အိပ်မက်ကြီးငါးပါး ကို မြင်မက်၍ နိုးလာသောအခါ ရှေးကတစ်ကြိမ်တစ်ခါမျှ မမက်စဖူး အလွန်ထူးသော အိပ်မက်များ ဖြစ်သောကြောင့် ***'ယနေ့ ငါသည် အမှန်မုချ ဘုရားဖြစ်တော့မည်'***ဟု ကိုယ်တိုင်ပင် အိပ်မက်ဖတ်လေသည်။

ထို့နောက် နံနက်စောစောကပင် ***သေနနိဂုံးရွာ***သို့ ဆွမ်းခံရန် ကြွသွားတော်မူလေသည်။ သေနနိဂုံးရွာသို့ ရောက်သောအခါ မိုးမလင်းသေးသဖြင့် ရွာအနီးညောင်ပင်ကြီးအရင်း၌ ဆွမ်းခံရန် အချိန်ကို ငံ့လင့်ရင်း အရှေ့ဘက်သို့ မျက်နှာမူပြီး တရားထိုင်နေတော်မူလေသည်။ အားထုတ်ထားသော တရား၏ အရှိန်ကြောင့် လည်းကောင်း အလောင်းတော်မြတ်၏ ကိုယ်ရောင်ကိုယ်ဝါ အဆင်းတော်မှာ ဝင်းဝင်းထိန် ထွန်းလင်းတောက်ပနေလေသည်။

ထိုခဏ၌ ***ပုဏ္ဏာ***အမည်ရှိသော အစေခံမကလေး တစ်ယောက် ညောင်ပင်သို့ ရောက်လာလေသည်။ ပုဏ္ဏာကား သေနနိဂုံးရွာမှ ***သုဇာတာ*'Sujata'**မည်သော သူဌေးသမီး၏ အစေခံမကလေး ဖြစ်၏။ သုဇာတာသူဌေးသမီးသည် အရွယ်ရောက်စ အခါက ဤညောင်ပင်သို့လာပြီး ညောင်စောင့်နတ်ထံ၌ ***'အကယ်၍ မိမိသည် အမျိုးတူသော လင်ယောကျ်ား နှင့် အိမ်ထောင်ကျ၍ သားဦးယောကျ်ားကလေးရလျှင် အရှင်ညောင်စောင့်နတ်အား နှစ်စဉ်နှစ်တိုင်း တစ်သိန်းတန် ဗလိနတ်စာကို ကျွေးမွေး ပူဇော်ပါမည်'*** ဟု ဆုတောင်းခဲ့ဖူးသည်။



အရှေ့ဘက်ကောင်းကင်

ယခု သူ၏ ဆန္ဒအတိုင်း အမျိုးတူ လင်ယောကျ်ားနှင့် ပထမသားဦးယောကျ်ားကလေး ရသောကြောင့် ညောင်စောင့်နတ်အား တစ်သိန်းတန်သော ဃနာနို့ဆွမ်းဖြင့် ဗလိနတ်စာ ကျွေးရန်အတွက် အစေခံမကလေး ပုဏ္ဏာအား **'ညောင်ပင်အောက်ကို တံမြက်လှည်းချေ'** ဟု စေခိုင်းလိုက်သဖြင့် ပုဏ္ဏာ ရောက်လာခြင်းဖြစ်သည်။

ပုဏ္ဏာသည် ညောင်ပင်အောက်သို့ရောက်၍ အလောင်းတော်မြတ်ကို မြင်လေရာ ညောင်စောင့်နတ်မင်းကြီးသည် ဗလိနတ်စာကို သူ့လက်ဖြင့် ခံယူရန် ကိုယ်ထင်ပြကာ ထိုင်နေသည်ဟု မှတ်ထင်လေသည်။ ထိုအချိန်၌ အရှေ့လောကဓာတ်မှ နေအရုဏ်တက်လာလေသည်။ အလောင်းတော်မြတ်၏ ကိုယ်အဆင်းတော်ကလည်း ဝင်းထိန်လျက် ရှိရာသို့ အရုဏ်ရောင်ကလည်း ထိုးဟပ်ပြန်သဖြင့် ညောင်ပင်ကြီးတစ်ပင်လုံးပင် ထိန်ထိန်တောက်နေလေသည်။ ထို့ကြောင့်ပင် ညောင်စောင့်နတ်မင်းကြီးကိုယ်တိုင် ကိုယ်ရောင်ကိုယ်ဝါ တောက်ပစွာဖြင့် ထွက်၍ထိုင်နေသည်ဟု အစေခံမကလေး ပုဏ္ဏာ မှတ်ထင်ခြင်း ဖြစ်လေသည်။

ပုဏ္ဏာသည် ဝမ်းမြောက်ဝမ်းသာ လျင်မြန်စွာ သူ့သခင်မထံ ပြေးသွား၍ ထိုအကြောင်းကို ပြောပြလေသည်။

သုဇာတာသည် အလွန်ဝမ်းသာလှသဖြင့် ပုဏ္ဏာအား သတင်းကောင်းပေးသည့်အတွက် ဆုလာဘ်ချသည့်အနေဖြင့် ထိုနေ့မှစ၍ သမီးအဖြစ် မွေးစားလေသည်။

သုဇာတာသည် မိမိကိုယ်တိုင် အလွန်ထူးမြတ်စွာ စီမံကျို ချက်ထားသော နို့ဃနာဆွမ်းကို အဖိုးတစ်သိန်းထိုက်သော ရွှေခွက် ဖြင့် ထည့်ယူကာ ညောင်ပင်သို့သွား၍ ညောင်စောင့်နတ်ဟု သူထင် မှတ်သော အလောင်းတော်မြတ်အား ဆက်ကပ်လှူဒါန်းလေသည်။

***'အကျွန်ုပ်၏ စိတ်အလိုဆန္ဒ ပြည့်ဝသလို အရှင်မင်း ၏ အလိုဆန္ဒလည်း ပြည့်ဝပါစေ'*** ဟူ၍လည်း ဆုတောင်းလိုက် သည်။ ထိုခဏ၌ အလောင်းတော်မြတ်၌ ရှိရင်းဖြစ်သော သပိတ် သည် ပျောက်ကွယ်သွားသောကြောင့် အလောင်းတော်မြတ်သည် နို့ဃနာဆွမ်းကို ရွှေခွက်နှင့်တကွ ခံယူတော်မူလေသည်။

အလောင်းတော်မြတ်သည် သုဇာတာ၏ နို့ဃနာဆွမ်းကို ရွှေခွက်နှင့်တကွ ခံယူပြီး ထိုညောင်ပင် အနောက်တောင်ဘက် တစ်မိုင်ခန့်ဝေးရသော **နေရဉ္ဇရာ**မြစ်ထဲ၌ ရေချိုးတော်မူလေသည်။ အလောင်းတော်မြတ် **နေရဉ္ဇရာ**မြစ်သို့ ရေချိုးဆင်းသောဆိပ်ကား ရှေးကပွင့်ခဲ့ပြီးသော ဘုရားရှင်များ ဘုရားဖြစ်မည့်နေ့တွင် ရေချိုး ဆင်းသည့် **သုပ္ပတိဋ္ဌိတ**မည်သော ရေဆိပ်ပင် ဖြစ်လေသည်။

အလောင်းတော်မြတ်သည် ရေချိုးပြီးသောအခါ အနောက် ဘက်ကမ်းသို့ ကူး၍ မြစ်ကမ်းနား၌ပင် အရှေ့ဘက်သို့ မျက်နှာမူ ထိုင်ပြီး ဃနာနို့ဆွမ်းကို လေးဆယ့်ကိုးလုတ်တိတိ ဘုဉ်းပေးတော် မူသည်။

ဃနာနို့ဆွမ်းကို ဘုဉ်းပေးပြီးသောအခါ ***'အကယ်၍ ငါသည် ယနေ့ ဘုရားဖြစ်မည်မှန်က ဤရွှေခွက်သည် ရေဆန်***

***သို့ မျောပါစေသား၊ အကယ်၍ ဘုရားမဖြစ်သေးလျှင် ရေစုန်သို့ မျောပါစေသား'*** ဟု အဓိဋ္ဌာန်၍ ရွှေခွက်ကို မြစ်ထဲသို့ မျောလိုက်ရာ ရွှေခွက်သည် ရေဆန်သို့ အတောင်ရှစ်ဆယ်ခန့်တိုင်အောင် ဆန်တက်မျောပါသွားပြီးလျှင် ဝဲတစ်ခုထဲသို့ အရောက်တွင် နစ်မြုပ်သွားလေသည်။

ငင်းရွှေခွက်သည် ဤကမ္ဘာ၌ ရှေးကပွင့်ခဲ့သော ဘုရားသုံးဆူတို့၏ ရွှေခွက်သုံးလုံးရှိရာ ရေအောက်နဂါးပြည်သို့ ရောက်သွားပြီး ရှေးကရှိနှင့်သော ရွှေခွက်သုံးလုံးတို့၏ အောက်ဆုံး၌ တည်လေ၏။

ယင်းသို့ နေရဥ္စရာမြစ်ထဲ၌ ရွှေခွက်ကို အဓိဋ္ဌာန်၍ မျောရန်၊ ထိုရွှေခွက်သည် ဘုရားသုံးဆူတို့၏ ရွှေခွက်များ ရှိရာသို့ သွားရောက်တည်နေရန်အတွက် သုဇာတာနို့ဆွမ်း ကပ်လှူစဉ်က အလောင်းတော်မြတ်၏ သပိတ်တော် ပျောက်ကွယ်ရခြင်းဖြစ်သည်။

***သုဇာတာ - "ဘိက္ခုတို့၊ ရှေးဦးစွာ ကိုးကွယ်ဆည်းကပ်ခြင်း သရဏဂုံ သို့ ရောက်ကုန်သော ငါ၏ သာဝကဥပါသိကာတို့တွင် ဝေနိယသူဌေးသမီး သုဇာတာသည် အမြတ်ဆုံး ဖြစ်၏။***

***(ဧတဒဂ်ဥပါသိကာဆု)***

●



သေနနိဂုံးရွာ သူဌေးသမီး သုဇာတာ ယနာနို့ဆွမ်း လှူဒါန်းနေပုံ

အရေးဘက်ကောင်းကင်

**ဗောဓိပင်သို့ ကြွ၍ ဂေါတမမြတ်စွာဘုရား ပွင့်တော်မူခြင်း (မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့) B.C. - 589**

ဘုရားအလောင်းတော်သည် ရွှေခွက်ကို မြစ်ဒိုး၍ မျှောပြီးနောက် ပင်လုံးကျွတ်ပွင့်နေကြသည့် အင်ကြင်းတော၌ နေ့ခင်းတစ်ချိန်လုံး တရားကို နှလုံးသွင်းပြီးနောက် ညနေချမ်းသို့ ရောက်သောအခါ ထိုနေရာမှ အနောက်မြောက်သို့ ထွက်လာတော့သည်။ လမ်းခရီး၌ သောတ္ထိယ အမည်ရှိသော မြက်ရိတ်သမားနှင့် တွေ့သဖြင့် ခင်း၍ ထိုင်ရန်အတွက် မြက်ရှစ်ဆုပ်ကို အလှူခံခဲ့သည်။ တစ်မိုင်ကျော်ခန့် လျှောက်မိသောအခါ ဗောဓိဟုခေါ်သော ညောင်ဗုဒ္ဓဟေပင်သို့ ရောက်သည်။ အနီးအနားတွင် သစ်ပင် ကြီးကြီးမားမား မရှိဘဲ ဗောဓိညောင်ပင်'**Bodhi Banyan Tree**'သည် သစ်ပင်အပေါင်းတို့တွင် ထည်ဝါခံ့ညား၍ မားမားမတ်မတ် ရှိသည်။ ဘုရားအလောင်းတော်မြတ်သည် ဗောဓိညောင်ပင်သို့ ရောက်သောအခါ ပင်ခြေ၏ အရှေ့ဘက် လေးတောင်ခန့်အကွာ၌ ပါလာသော မြက်ရှစ်ဆုပ်ကို ခင်း၍ တင်ပျဉ်ခွေ ဖွဲ့ထိုင်တော်မူကာ ဗောဓိပလ္လင်တော်၌ ထိုင်တော်မူသည်။ နတ်ပြဟ္မာတို့ကလည်း ကောင်းချီးသြဘာ ပေးကြသည်။ ထိုအချိန်၌ မာရ်နတ်ရောက်လာ၍ ဖျက်ဆီးလေသည်။ မာရ်နတ်သည် အလွန်ကြီးမားသော အင်အားဖြင့် အပြင်းအထန် တိုက်ခိုက်လေ၏။ မိမိသည် ယနေ့ည၌ပင် ဘုရားအဖြစ်သို့ ရောက်တော့မည်ဟု ယုံကြည်ထားသည်။

အရှေ့ဘက်ကောင်းကင်

ဘုရားဖြစ်ခြင်း ဆိုသည်မှာ တစ်ဘဝ၊ နှစ်ဘဝ ကြိုးစားအားထုတ်ရုံမျှဖြင့် ဖြစ်နိုင်သည် မဟုတ်။ ဘဝပေါင်းများစွာ ကြိုးစား၍ ပါရမီများကို ဖြည့်ဆည်းပွားရသည် ဟူ၍လည်း သိပြီးဖြစ်သောကြောင့် မိမိသည် ဘဝပေါင်းများစွာ ပါရမီများကို ဖြည့်ခဲ့ပြီးဖြစ်ကြောင်း ကောင်းစွာယုံကြည်ရုံတင်မက သိ၍ပင်နေသည်။

၎င်းပြင် ဘုရားအလောင်းတော်မြတ်သည် နောက်လေးနာရီငါးနာရီခန့် ရှိသောအခါ(ယနေ့ညဥ့်ဦးယံ)၌ ရှေးကဖြစ်ခဲ့ဖူးသောဘဝများကို ပြန်၍မြင်သည့် ပုဗ္ဗေနိဝါသဉာဏ်ကို ရတော့မည်။ ယင်းသို့ ***ပုဗ္ဗေနိဝါသဉာဏ်***ကို ရလုဆဲဆဲ ဖြစ်၍လည်း အလွန်ဘဝနီးသော ဝေဿန္တရာမင်း ဖြစ်စဉ်အခါက ဒါနပါရမီ ပြုခဲ့ပုံများကို ထင်မြင် သိရှိလာသည်။

သို့ဖြစ်၍ ***'သင်သည် ဤနေရာမှ ထလော့၊ သင်သည် ဤနေရာနှင့်မတန်'*** ဟူသော အဓိပ္ပာယ်ဖြင့် မာရ်နတ်က နှောင့်ယှက်သောအခါ အလောင်းတော်မြတ်က ***'မိမိသည် ဤနေရာသို့ ရောက်ရန်အတွက် ပါရမီများကို ဖြည့်ခဲ့ပြီးဖြစ်ကြောင်း၊ ထို့ကြောင့် မိမိသည် ဤနေရာနှင့် တန်ကြောင်း အခြားဘဝများ၌ ပါရမီဖြည့်ခဲ့သည်ကို ထားဦး၊ ဝေဿန္တရာမင်းဘဝ၌ အလှူကြီး ပေးခဲ့သည်ကို ဤမြေကြီး သိကြောင်း'*** ဖြင့် လက်ယာလက်ဖြင့် မြေကြီးကို သက်သေညွှန်ပြလေရာ မြေကြီးမှ အသံပြင်းထန်စွာ တုန်ဟည်းအော်မြည်လာသဖြင့် မာရ်နတ် စစ်သည်များ ဖရိုဖရဲ ထွက်ပြေးကြလေသည်။



အလောင်းတော်မြတ်သည် မာရ်နတ်ကို အောင်မြင်တော်မူလေသည်။
**အောင်မြင်ရှစ်ပါး** အစပင် ဖြစ်လေ၏။

မာရ်နတ်သည် အရှုံးကြီး ရှုံးလေသည်။ အလောင်းတော် မြတ်သည် မာရ်နတ်ကို အောင်မြင်တော်မူလေသည်။

***အောင် ခြင်းရှစ်ပါး*** အစပင် ဖြစ်လေ၏။

**ဗာဟုံ သဟဿမဘိနိမ္မိတ သာဝုဓန္တံ၊ ဂိရိမေခလံ ဥဒိတဃောရ သသေနမာရံ။**

**ဒါနာဒိဓမ္မဝိဓိနာ ဇိတဝါမုနိန္ဒော၊ တံတေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။**

***လက်ရုံးတစ်ထောင် လက်နက်တစ်ထောင် ဖန်ဆင်းကာ ဂိရိမေခလာဆင်ကို စီး၍လာသော ကြမ်းတမ်းသော စစ်သည်ဗိုလ်ပါနှင့်တကွ မာရ်နတ်သားကို မြတ်စွာဘုရားသည် ဒါနပါရမီ စသော တရားတော် အစီအရင်ဖြင့် အောင်တော်မူလေပြီ၊ မာရ်နတ်သားကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အကျွန်ုပ်အား အောင်ခြင်း မင်္ဂလာ ဖြစ်ပါစေ။***

ဤသို့ ဘုရားလောင်းသည် ဝသဝတ္တီ မာရ်နတ်ကို အောင်မြင်ပြီးနောက် အာနပါန ကမ္မဋ္ဌာန်းတရားကို ဆက်လက်၍ အားထုတ်တော်မူလေရာ လောကီဈာန်သမ္မာပတ်ရှစ်ပါး၊ အဘိညာဉ်ငါးပါးတို့ကို ရရှိစေသည်။

အလောင်းတော်မြတ် တင်ပျဉ်ခွေ၍ ထိုင်နေခြင်းကို(ထိုင်နေသော တင်ပျဉ်ခွေကို)ပါဠိလို ပလ္လင်္ကဟု ခေါ်သည်။ တင်ပျဉ်ခွေ၍ ထိုင်နေရာဖြစ်သောကြောင့် ပလ္လင်္က(ပလ္လင်)ဟူ၍ပင် ခေါ်ရသည်။

ယခု ဘုရားအလောင်းတော်မြတ် ထိုင်နေခြင်းကို ပျက်အောင် ထိုနေရာမှ ထသွားအောင် မည်သူမျှ တိုက်ခိုက်၍ မရနိုင်။ မအောင်နိုင်ချေ။ ယင်းသို့ မည်သူမျှ မအောင်နိုင်သည့် ထိုင်နေခြင်း၊ မည်သူမျှ မအောင်နိုင်သည့် ထိုင်နေရာ ဖြစ်သောကြောင့် ***အပရာဇိတ ပလ္လင်*** ဟု ခေါ်သည်။

အပရာဇိတ ဆိုသည်မှာ မအောင်နိုင်ခြင်း အဓိပ္ပာယ် ဖြစ်သည်။

အာနပါနကမ္မဋ္ဌာန်းကို ဆက်လက်၍ အားထုတ်လေရာ ပထမဈာန်စသော လောကီသမာပတ် ဈာန်ရှစ်ပါးကို တစ်ခုပြီး တစ်ခု ရရှိလေသည်။

ညဦးယံ၌ လွန်လေပြီးသော ဘဝပေါင်းများစွာကို ပြန်၍ အောက်မေ့ဆင်ခြင် သိစွမ်းနိုင်သော ***ပုဗ္ဗေနိဝါသဉာဏ်*** (ပထမ ဝိဇ္ဇာဉာဏ်)(ရှေးကနေခဲ့ဖူးသော ခန္ဓာအစဉ်ကို မြင်သော ဉာဏ်ဟု ဆိုလိုသည်)ကို ရတော်မူသည်။

သန်းခေါင်ယံ၌ သုံးဆယ့်တစ်ဘုံလုံးတွင် ဖြစ်ပျက်နေကြကုန်သော သတ္တဝါအားလုံးကို မြင်နိုင်စွမ်းသော ***ဒိဗ္ဗစက္ခုဉာဏ်*** (ဒုတိယဝိဇ္ဇာဉာဏ်)(နတ်မျက်စိကဲ့သို့ မြင်သောဉာဏ်ကို ဆိုလိုသည်) ကို ရတော်မူသည်။

မိုးသောက်ယံတွင် ကိလေသာဟူသမျှကို အကြွင်းမရှိ ပယ်နိုင်စွမ်းသော ***အာသဝက္ခယဉာဏ်***(တတိယဝိဇ္ဇာဉာဏ်) (အာသဝေါတရားကုန်သောဉာဏ်ဟု ဆိုလိုသည်)ကို ရရှိသည်နှင့်

တစ်ပြိုင်နက် တစ်ဆက်တည်းမှာပင် မဂ်ဖိုလ်...
အလုံးစုံတရားတို့ကို သိမြင်အပ်သည့် **'သဗ္ဗညုတဉာ...** ... **ဗုဒ္ဓဟူးနေ့)**,
တော်မူပြီး ဗုဒ္ဓဘုရား ဖြစ်တော်မူလေသည်။

***(ဤကား - မကျဉ်းမကျယ် အဓိပ္ပာယ်တည်း။ အကျယ ... န်ကို လိုသော် ပဋိသမ္ဘိဒါမဂ် ပါဠိတော်၊ အဋ္ဌကထာ၊ သာရတ္ထဒီပနီ စသည်တို့၌ ကြည့်ရှုကြပါရန်)***

**ထိုနေ့သည် မဟာသက္ကရာဇ်(၁၀၃)ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ ဖြစ်သည်။**

**သက်တော်မှာ(၃၅)နှစ် ဖြစ်သည်။**

မြတ်စွာဘုရားကို ဂေါတမဗုဒ္ဓ**'Gawtama Buddha'**ဟု ခေါ်ကြသည်။ ဗုဒ္ဓမှာ ဘုရားဖြစ်ပြီး ဂေါတမမှာ မိဘမျိုးနွယ်အမည်ဖြစ်ပါသည်။

မြတ်စွာဘုရားကို သကျမုနိ**'Shakya muni'** ဟုလည်း ခေါ်သည်။ မုနိမှာ ဘုရားဖြစ်ပြီး သကျမှာ သကျသာကီဝင်မျိုးနွယ်စုကို ခေါ်သည်။

ဂေါတမဗုဒ္ဓမြတ်စွာဘုရားအဖြစ် ညောင်ပင်ကြီးအောက်တွင် ပွင့်တော်မူခဲ့သဖြင့် ဤညောင်ပင်ကို ဗောဓိပင်ဟု ခေါ်ကြသည်။ သဗ္ဗညုတဉ္ဉာဏ်တော်ကို ရတော်မူခြင်းကိုပင် မြတ်စွာဘုရားဟု ခေါ်ဆိုသည်။ ဗုဒ္ဓမြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်သောအခါ ***'အနေကဇာတိ သံသာရံ'*** စသော ဂါထာဖြင့် ဥဒါန်းကျူးတော်မူသည်။

တစ်ပြိုင်နက် တစ်ဆက်တည်းမှာပင် မဂ်ဖိုလ်ကို ဆင်ခြင်နိုင်သော အလုံးစုံတရားတို့ကို သိမြင်အပ်သည့် **'သဗ္ဗညုတဉာဏ်'** ကို ရရှိတော်မူပြီး ဗုဒ္ဓဘုရား ဖြစ်တော်မူလေသည်။

***(ဤကား - မကျဉ်းမကျယ် အဓိပ္ပာယ်တည်း။ အကျယ်ကို လိုသော် ပဋိသမ္ဘိဒါမဂ် ပါဠိတော်၊ အဋ္ဌကထာ၊ သာရတ္ထဒီပနီ စသည်တို့၌ ကြည့်ရှုကြပါရန်)***

**ထိုနေ့သည် မဟာသက္ကရာဇ်(၁၀၃)ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့ ဖြစ်သည်။**

**သက်တော်မှာ(၃၅)နှစ် ဖြစ်သည်။**

မြတ်စွာဘုရားကို ဂေါတမဗုဒ္ဓ**'Gawtama Buddha'**ဟု ခေါ်ကြသည်။ ဗုဒ္ဓမှာ ဘုရားဖြစ်ပြီး ဂေါတမမှာ မိဘမျိုးနွယ်အမည် ဖြစ်ပါသည်။

မြတ်စွာဘုရားကို သကျမုနိ**'Shakya muni'** ဟုလည်း ခေါ်သည်။ မုနိမှာ ဘုရားဖြစ်ပြီး သကျမှာ သကျသာကီဝင်မျိုးနွယ်စုကို ခေါ်သည်။

ဂေါတမဗုဒ္ဓမြတ်စွာဘုရားအဖြစ် ညောင်ပင်ကြီးအောက်တွင် ပွင့်တော်မူခဲ့သဖြင့် ဤညောင်ပင်ကို ဗောဓိပင်ဟု ခေါ်ကြသည်။ သဗ္ဗညုတဉ္ဉာဏ်တော်ကို ရတော်မူခြင်းကိုပင် မြတ်စွာဘုရားဟု ခေါ်ဆိုသည်။ ဗုဒ္ဓမြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်သောအခါ ***'အနေကဇာတိ သံသာရံ'*** စသော ဂါထာဖြင့် ဥဒါန်းကျူးတော်မူသည်။

ထိုဂါထာကား ဘုရားဖြစ်တော်မူပြီးစ ပထမဦးဆုံး ရွတ်ဆိုသော ***ပထမဗုဒ္ဓဝါစန***(ပထမဦးဆုံး ဘုရားစကား)ဖြစ်သည်။ သဗ္ဗညုမြတ်စွာဘုရားရှင်တို့ ဘုရားဖြစ်ပြီးလျှင် ကျူးရင့်တော်မူကြမြဲ ဂါထာဖြစ်သည်။ ထိုဂါထာမှာ-

***၁။ အနေကဇာတိ သံသာရံ၊***
***သန္ဓာဝိဿံ အနိဗ္ဗိသံ။***
***ဂဟကာရံ ဂဝေသန္တော၊***
***ဒုက္ခာ ဇာတိ ပုနပ္ပုနံ။***
***၂။ ဂဟကာရက ဒိဋ္ဌောသိ၊***
***ပုန ဂေဟံ န ကာဟသိ။***
***သဗ္ဗာ တေ ဖာသုကာ ဘဂ္ဂါ၊***
***ဂဟကူဋံ ဝိသင်္ခတံ။***
***ဝိသင်္ခါရ ဂတံ စိတ္တံ၊***
***တဏှာနံ ခယမဇ္ဈဂါ။***

**ဗုဒ္ဓါဘိသေက** - (Buddhābhiseka) ဗုဒ္ဓါဘိသေကမင်္ဂလာပြုခြင်း၊ ဘုရားဆင်းတုတော်ကို အနေကဇာတင်ခြင်း။

ဗုဒ္ဓဘာသာဝင်တို့သည် ဆင်းတုတော်များကို မြတ်စွာဘုရားအမှတ်ဖြင့် ကိုးကွယ်လိုသောအခါ မြတ်စွာဘုရားရှင်သည် ဘုရားဖြစ်ပြီးစအချိန်၌ ပထမဆုံး ဥဒါန်းကျူးခဲ့သည့်အတိုင်း မြတ်စွာဘုရား၏တပည့်သံဃာတော်များက မြတ်စွာဘုရား၏ကိုယ်စား အနေကဇာတိသံသာရံ စသော ဂါထာတော်ကို ရွတ်ဆိုပူဇော်တော်မူကြသည်၊ ယင်းသို့ ပူဇော်ခြင်းကို အနေကဇာတင်သည်ဟု ခေါ်သည်။

အရှေ့ဘက်ကောင်းကင်

## ဗုဒ္ဓမြတ်စွာဘုရား ဘုရားဖြစ်ပြီးနောက် သတ္တဌာန သီတင်းသုံးတော်မူခြင်း (မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်၊ ဗုဒ္ဓဟူးနေ့), B.C. - 589

ဗုဒ္ဓမြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူပြီးနောက် ကဆုန်လပြည့်ကျော်(၁)ရက်နေ့မှစ၍ မဟာဗောဓိပလ္လင်တော်နှင့် တကွ အနီးပတ်ဝန်းကျင်၌ တစ်နေရာတွင် ခုနစ်ရက်ကျ ခုနစ်ဌာန တွင် သီတင်းသုံးတော်မူသည်။ ၎င်းဌာနများကို **သတ္တာဟ** ဟူ၍ မှတ်ယူကြကုန်၏။

(၁) **ပလ္လင် သတ္တာဟ** - ဗောဓိညောင်ပင်၏ အရှေ့ မျက်နှာလေးတောင်ကွာ၌ တည်ရှိသော အပရာဇိတပလ္လင်ထက် ဝယ် တင်ပျဉ်ခွေ စံနေတော်မူ၍ (၇)ရက်တိုင်တိုင် ဝိမုတ္တိချမ်းသာ ကို ခံစားနေရာအရပ် ဖြစ်သည်။

(၂) **အနိမိသ သတ္တာဟ** - ပလ္လင်ထက်မှ ထတော်မူ၍ အရှေ့မြောက် ၁၄ လံအကွာ၌ ရပ်တော်မူကာ ဤနေရာကား သဗ္ဗညုတ ရွှေဉာဏ်ကိုရသည့်အရပ်ပါတကားဟု ဆင်ခြင်၍ မမှိတ် သော မျက်စိဖြင့် ကြည့်ရှုလျက် (၇)ရက်တိုင်တိုင် ရပ်တော်မူရာ အရပ် ဖြစ်ပေသည်။

(၃) **ရတနစင်္ကမ သတ္တာဟ** - ထိုသို့ မမှိတ်မသုန် ရပ်၍ စံတော်မူရာမှ ကောင်းကင်ထက်သို့ တစ်ယူဇနာမျှ ပျံတက်၍ ရေမီး အစုံ ထွက်စေခြင်း စသော တန်ခိုးပြာဋိဟာကို ပြတော်မူ၏။

ထို့နောက် သက်ဆင်း၍ ရွှေပလ္လင်နှင့် အနိမိသအကြား အတောင်(၂၀)ရှိသော အရပ်ကို အလယ်ထား၍ တစ်ဖက်မှ ငါးလံကွာ၌ာနတွင် အရှေ့မှသည် အနောက်(သို့မဟုတ်)အတောင်ခြောက်ဆယ်ရှည်သော ရတနာစင်္ကြံကို ဖန်ဆင်းကာ (၇)ရက်ပတ်လုံး စင်္ကြံကြွတော်မူရာအရပ် ဖြစ်သည်။

(၄) **ရတနာဃရ သတ္တာဟ** - ထို့နောက် မဟာဗောဓိပင်မှ အနောက်မြောက် အတောင်(၄၀)အကွာတွင် ရတနာ ခုနစ်ပါး အတိပြီးသော နတ်တို့စီမံဖန်ဆင်းအပ်သည့် ရတနာရွှေအိမ်၌ ထက်ဝယ်ဖွဲ့ ခွေနေတော်မူလျက် ပိဋကတ်သုံးပုံကို သုံးသပ်ဆင်ခြင် စံပယ်တော်မူရာအရပ် ဖြစ်သည်။

(၅) **အဇပါလ သတ္တာဟ** - ထို့နောက် ဗောဓိပင်မှ အရှေ့မျက်နှာ သုံးဆယ့်နှစ်လံအကွာ အဇပါလမည်သော ဆိတ်ကျောင်းညောင်ပင်ရင်းသို့ ကုပ်တော်မူ၍ ဖလသမာပတ် ဝင်စားနေတော်မူသည်။ ထိုနေရာသည် မာရ်နတ်၏ သမီးသုံးယောက်က ဖြားယောင်းကြသည်ကို ဘုရားရှင် အောင်မြင်တော်မူရာအရပ် ဖြစ်ပေသည်။


(၆) **မုစလိန္ဒာ သတ္တာဟ** - ထို့နောက် မဟာဗောဓိပင်၏ အရှေ့တောင်မျက်နှာ ငါးဆယ့်တစ်လံကွာတွင်ရှိသော မုစလိန္ဒာမည်သော အိုင်အနီးကျည်းပင်ကြီးအရင်း၌ သီတင်းသုံးနေတော်မူရာ စကြဝဠာတိုက်အလုံးနှံ့အောင်ရွာသော အခါမဲ့မိုးကြီး ရွာသည်ကို မုစလိန္ဒာနဂါးမင်းသည် မိမိဗိမာန်မှထွက်၍ မြတ်စွာဘုရားရှင်အား တစ်စုံတစ်ရာထိပါး မညှဉ်းဆဲနိုင်စေရန် ကြီးစွာ

သော ကိုယ်ကိုဆောင်ယူ၍ တစ်ပိုင်းတစ်ခွေကို ပလ္လင်ခင်းပြီး ကိုယ်တော်ကို (၇)ရစ်ပတ်ရံလျက် ဦးခေါင်းတော်အထက်၌ ပါးပျဉ်းဖြင့် အုပ်မိုး၍ မိုးမစွတ်ရအောင် အုပ်မိုးတည်နေလေသည်။ ဘုရားရှင်သည် နဂါးမင်း၏ အခွေထက်ဝယ် (၇)ရက်ပတ်လုံး နေတော်မူရာ အရပ် ဖြစ်သည်။

(၇) **ရာဇာယတန သတ္တာဟ** - ထို့နောက် ဘုရားရှင်သည် မဟာဗောဓိပင်မှ တောင်ဘက် အလံ(၄၇)အကွာတွင် တည်ရှိသော လင်းလွန်းပင်ရင်း၌ (၇)ရက်ပတ်လုံး သမာပတ်ကို စံစား၍ နေတော်မူသည်။ ထိုနေရာ၌ပင် ဥက္ကလာဇနပုဒ်မြို့မှ တပုဿနှင့် ဘလ္လိက ကုန်သည်ညီနောင်အား သာသနာတော်၌ ပထမဦးဆုံးသော သရဏဂုံနှစ်ပါး တည်စေ၍ ဆံတော် ခေါက်တော်များ ပေးတော်မူလေသည်။




မဟာဗောဓိစေတီတော် ပရိဝုဏ်အတွင်းရှိ ပထမသတ္တာဟ ဗောဓိပင် နှင့် ရွှေပလ္လင်



ဗုဒ္ဓဂယာရှိ မဟာဗောဓိစေတီတော်အား ဖူးတွေ့ရစဉ်

အရှေ့ဘက်ကောင်းကင်




မဟာဗောဓိစေတီတော် ပရိဝုဏ်အတွင်းရှိ ဒုတိယသတ္တာဟ အနိမိသစေတီတော်



မဟာဗောဓိစေတီတော် ပရိဝုဏ်အတွင်းရှိ တတိယသတ္တာဟ ရတနာစင်္ကြံတော်

အရှေ့ဘက်ကောင်းကောင်



မဟာဗောဓိစေတီတော် ပရိဝုဏ်အတွင်းရှိ စတုတ္ထသတ္တာဟ ရတနာဃရ်ရွှေအိမ်တော်



မဟာဗောဓိစေတီတော် ပရိဝုဏ်အတွင်းရှိ ပဥ္စမသတ္တာဟ အဇပါလနိဂြောဓ



မဟာဗောဓိစေတီတော် ပရိဝုဏ်အတွင်းရှိ ဆဋ္ဌမသတ္တာဟ မုစလိန္ဒာအိုင်



မဟာဗောဓိစေတီတော် ပရိဝုဏ်အတွင်းရှိ သတ္တမသတ္တာဟ ရာဇာယတနလင်းလွန်းပင်

အရှေ့ဘက်ကောင်းကင်

ဤသို့ဖြင့် ဂေါတမမြတ်စွာဘုရားသည် ဘုရားရှင်အဖြစ်သို့ ရောက်တော်မူသည့်နေ့မှစ၍ (၄၉)ရက်တိုင်တိုင် (၇)နေရာဌာနတို့၌ စံပယ်တော်မူသတည်း။ သတ္တဋ္ဌာန နေတော်မူ၍ (၄၉)ရက်စေ့ပြီးနောက် ဝါဆိုလဆန်း(၅)ရက်နေ့တွင် လင်းလွန်းပင်ရင်း၌ သီတင်းသုံးတော်မူပြီး သိကြားမင်း ဆက်ကပ်သော ကွမ်းရိုးတံပူကို ဝါး၍ အနောတတ်ရေဖြင့် ခန္တာဆေးခြင်း၊ မျက်နှာသစ်ခြင်း ပြုလုပ်တော်မူသည်။ ထိုခဏ၌ ရာမညတိုင်း ဥက္ကလာပဇနပုဒ် ပေါက္ခရဝတီမြို့မှ ***တပုဿ(Tapussa)*** နှင့် ***ဘလ္လိက(Banlika)*** ကုန်သည်ညီနောင် နှစ်ဦးတို့ ရောက်လာသည်။

**ဝိနည်းမဟာဝါအဋ္ဌကထာ ။ ။ အင်္ဂုတ္တိုရ်အဋ္ဌကထာ၌ အသိတဥ္စနမြို့၊ ထေရာအဋ္ဌကထာ၌ ပေါက္ခရဝတီမြို့ဟု ဆိုသည်။**

မဇ္ဈိမဒေသသို့ ကုန်သွယ်ရန်အတွက် လှည်း (၅၀၀)ဖြင့် ဗုဒ္ဓမြတ်စွာဘုရား သီတင်းသုံးတော်မူရာ ရာဇာယတန လင်းလွန်းပင်သို့ ရောက်ရှိလာကြသည်။ ထိုညီနောင်တို့သည် ဗုဒ္ဓကို ကြွက်ကျစ်မုန့်၊ ပျားမုန့်ဆုပ်တို့ဖြင့် ကပ်လှူပူဇော်သည်။ မုန့်ကို ခံယူရန် ဗုဒ္ဓမြတ်စွာဘုရား၌ သပိတ်မရှိချေ။ ***ယင်္ဂီကာ***ရလှူသည့် သပိတ်မှာ သုဇာတာ၏ ယနာနို့ဆွမ်းကို ခံယူခါနီးကပင် ကွယ်သွားလေသည်။ ထိုအခိုက်၌ စတုမဟာရာဇ်နတ်မင်းကြီးလေးပါးသည် သပိတ်တစ်လုံးစီ ယူလာ၍ မြတ်စွာဘုရားအား လှူကြသည်။ မြတ်စွာဘုရားသည် ထိုသပိတ်လေးလုံးကို လက်ပေါ်တင်ပြီး အဓိဋ္ဌာန်၍ နှိပ်လိုက်ရာ နှုတ်ခမ်းရစ် လေးထပ်ရှိသော သပိတ်တစ်လုံးတည်း

ဖြစ်သွားလေသည်။ ယင်းသပိတ်ဖြင့် မုန့်များကို ခံယူပြီး ကုန်သည်ညီနောင်တို့အား **"ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ"** ဟု သရဏဂုံနှစ်ပါးကို တည်ဆောက်စေသည်။ ဘုရားအတွက် တစ်ကြိမ်၊ တရားအတွက် တစ်ကြိမ်အားဖြင့် နှစ်ကြိမ် နှစ်ခွန်းသာ ရွတ်ဆို ဆောက်တည်ရသောကြောင့် ***ဒွေဝါစိကသရဏဂုံ***ဟု ခေါ်သည်။ သံဃာ မပေါ်သေးသဖြင့် သံဃာသရဏဂုံ မဆောက်တည်ကြရပါ။ ထိုကုန်သည်ညီနောင် နှစ်ယောက်သည် ဤသာသနာ၌ ဗုဒ္ဓမြတ်စွာဘုရားကို ***ပထမဦးဆုံး ကိုးကွယ်သည့် ဥပါသကာများ*** ဖြစ်ကြသည်။ မြတ်စွာဘုရားသည် ဦးခေါင်းတော်ကို လက်ဖြင့် သုံးသပ်၍ ကုန်သည်ညီနောင်တို့အား ကိုးကွယ်ရန် ဆံတော်ရှစ်ဆူ ပေးသနားတော်မူသည်။ ညီနောင်နှစ်ဦးသည် ဆံတော်ရှစ်ဆူကို ပင့်၍ သင်္ဘောဖြင့် ပြန်လာရာ လမ်း၌ ဆံတော်များကို လှူဒါန်းခဲ့ပြီး ဥက္ကလာပမင်းကြီးကို အမှူးပြုစေ၍ သိင်္ဂုတ္တရကုန်းဝယ် ဆံတော် တစ်ဆူကို ဌာပနာကာ စေတီတည်လေ၏။ ယနေ့ ဖူးမြော်ရသော ရွှေတိဂုံစေတီတော်ပင် ဖြစ်သည်။

***တပုဿ နှင့် ဘလ္လိက* - *"ဘိက္ခုတို့ ရှေးဦးစွာ ကိုးကွယ်ဆည်းကပ်ခြင်း သရဏဂုံသို့ရောက်ကုန်သော ငါ၏သာဝကဥပါသကာတို့တွင် တပုဿ နှင့် ဘလ္လိက ကုန်သည်တို့သည် အမြတ်ဆုံး ဖြစ်၏။"***

***(ဧတဒဂ် ဥပါသကဆု)***



ရွှေတိဂုံစေတီတော်(မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဘီစီ-၅၈၉ ခုနှစ်တွင် တည်ထားခဲ့သော လွန်ခဲ့သည့်နှစ်ပေါင်း ၂၆၀၀ ကျော်ရှိစေတီဖြစ်သည်။)

အရှေ့ဘက်ကောင်းကင်

**ဗုဒ္ဓမြတ်စွာဘုရား တရားဟောခန်း(ပထမဝါဆိုတော်မူသည်)**
**(ဗာရာဏသီပြည် မိဂဒါဝုန်တော၊ နန္ဒိယဥပါသကာ ဆောက်လုပ်လှူဒါန်းသည့်ကျောင်းတိုက်)**
**(မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုလပြည့်) B.C. - 589**

မဟာသက္ကရာဇ် ၆၈ ခုနှစ်၊ ကဆုန်လပြည့်၊ သောကြာနေ့တွင် ဘုရားလောင်းသိဒ္ဓတ္ထမင်းသား မွေးဖွားခဲ့သည်။

မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်နေ့၊ ညဥ့်သန်းခေါင်ကျော် အရုဏ်တက်ချိန်တွင် သက်တော် (၃၅)နှစ် ပြည့်သောအခါ၌ ဘုရားဖြစ်တော်မူသည်။ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့်ကျော်(၁)ရက်နေ့မှစ၍ မြတ်စွာဘုရားသည် သက်တော်(၃၆)နှစ်သို့ ရောက်ပြီ ဖြစ်သည်။

ထို့အတွက်ကြောင့် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လဆန်းတွင် ဘုရားအဖြစ်သို့ရောက်ပြီး ဝါဆိုလပြည့်မှ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့အထိ မြတ်စွာဘုရားသည် ဗာရာဏသီပြည်အနီး ဣသိပတန **မိဂဒါဝုန်တော (ယခု နီပေါ)**၌ ပထမဝါဆိုတော်မူသည်။

ဘုရားဖြစ်သည့် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ကဆုန်လပြည့် ဗုဒ္ဓဟူးနေ့မှ သတ္တဌာန (၇)ကြိမ်ပြည့်သောအခါ မြတ်စွာဘုရားသည် အဇပါလညောင်ပင်သို့ ကြွတော်မူလျက် တရားဟောရန် စဉ်းစားတော်မူသည်။ သတ္တဝါများသည် မိမိတရားတော်များကို လက်ခံနိုင်ကြမည် မဟုတ်ချေ။ မြင်နိုင်ကြမည်လည်း မဟုတ်ချေ။

သို့ရာတွင် မိမိတရားကို လက်ခံနိုင်လောက်သည့် ပါရမီဓာတ်ခံရှိသော သတ္တဝါများလည်း အများအပြား ရှိသေးသည်ကို မြင်တော်မူသဖြင့် တရားဟောရန် ဆုံးဖြတ်လိုက်လေသည်။ အနီးအနားရှိ ရွာများ၌ ဆွမ်းခံ၍ ရက်အနည်းငယ် နေပြီးနောက် မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုလဆန်း ၁၄ ရက်နေ့ နံနက်တွင် ပဉ္စဝဂ္ဂီရဟန်းတို့ကို ဓမ္မစကြာတရားဟောရန် မဟာဗောဓိမှ မိဂဒါဝုန်တောသို့ ကြွတော်မူလေသည်။ လမ်းခရီးအကြား တောထဲ၌ ဥပကအမည်ရှိသော အာဇီဝက တက္ကဒ္ဒန်းကြီးနှင့် ခရီးရင်ဆိုင်တွေ့တော်မူသည်။

***"ငါ့ရှင် သင်သည် မည်သူ၏ တပည့်နည်း၊ သင့်ဆရာမည်သူနည်း"*** ဟု မေးလေသော် မြတ်စွာဘုရားက ***"ငါသည်ကားတစ်ပါးတည်းသော သမ္မာသမ္ဗုဒ္ဓဘုရား ဖြစ်သည်"*** ဟု မိန့်ကြားတော်မူသည်။

မြတ်စွာဘုရားက အထက်ပါအတိုင်း မိန့်တော်မူလေရာ ဥပကသည် "အင်း၊ ဟုတ်ပါလေ" ဟု ခေါင်းညိတ်၍ ဖယ်သွားလေသည်။ ထိုမှ ဆက်လက်၍ ကြွတော်မူရာ ဗာရာဏသီပြည်အနီး မိဂဒါဝုန်တောသို့ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆိုလပြည့်နေ့တွင် ရောက်တော်မူလေသည်။ ပဉ္စဝဂ္ဂီရဟန်းတို့သည် ဗုဒ္ဓမြတ်စွာဘုရား ကြွလာသည်ကို မြင်ကြသည်။ ခရီးဦးကြိုမပြုဘဲ နေမည်ဟု တိုင်ပင်ညှိနှိုင်းထားသော်လည်း မနေနိုင်ကြဘဲ ခရီးဦးကြိုပြု၍ သပိတ်သင်္ကန်းကို လှမ်းယူ၍ ရှိခိုးဦးညွှတ်ကြသည်။ ထိုအချိန်ကား မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ဝါဆို လပြည့်နေ့ ညနေ နေဝင်ခါနီးအချိန်

ဖြစ်သည်။ ဗုဒ္ဓမြတ်စွာဘုရားသည် မြတ်သောနေရာ၌ တင်ပျဉ်ခွေ ထိုင်နေတော်မူလျက် ရှိသည်။ ပဉ္စဝဂ္ဂီငါးပါးကား မြတ်စွာဘုရား၏ ရှေ့တွင် ရှိသေစွာ ထိုင်နေကြသည်။ နတ်ဗြဟ္မာအပေါင်းတို့သည်လည်း ဓမ္မစကြာတရား ဟောတော်မူမည်ကိုသိ၍ စုဝေးရောက်ရှိလာကြသည်။

*နေမင်းကြီး ဝင်လုဆဲ အရှေ့လောကမှ လပြည့်ဝန်းကြီး ထွက်လာစအချိန်တွင် ဗုဒ္ဓမြတ်စွာဘုရားသည် ဓမ္မစကြာတရားကို ဟောတော်မူလေသည်။ ဓမ္မစကြာတရားမှာ တရားဦးဒေသနာဖြစ်၍ 'ဓမ္မစက္က ပဝတ္တနသုတ်' ဟု ခေါ်သည်။ 'ဒွေမေ ဘိက္ခဝေ အန္တာ' အစ 'နတ္ထိ ဒါနိ ပုနဗ္ဘဝေါ' အဆုံး ရှိသော ပါဠိအစဉ်ဖြင့် တရားဦးဒေသနာကို ဟောကြားတော်မူခဲ့လေသည်။ ဤဒေသနာတရားဦးကို ဟောကြားရာ၌ ရှောင်ရှားရမည့် အစွန်းနှစ်ပါး၊ လေ့ကျင့်ပွားများရမည့် မဂ္ဂင်ရှစ်ပါး၊ ထိုးထွင်းသိမြင်အပ်သော သစ္စာလေးပါး စသည်တို့ကို ဟောတော်မူသည်။ ဓမ္မစက္က ပဝတ္တန၏ အဓိပ္ပာယ်မှာ - တရားတည်းဟူသော ဘီးကို လည်စေခြင်း၊ သို့တည်းမဟုတ် လှိမ့်ပေးခြင်းဟု ဆိုသည်။ ထိုဒေသနာတရားတော်သည် ယနေ့တိုင်အောင် လည်ပတ်လျက် ရှိနေပေပြီ။*

*('စက္က' သဒ္ဒါ၏ အနက်ရင်းမှာ 'ဘီး' ဖြစ်သည်)*

ဓမ္မစက္က - THE Dhammacakka, WHEEL OF THE DHAMMA

တရားတည်းဟူသော စက်ဝန်း၊ ဘီး၊ ဓမ္မစကြာတရားဦး။

***အစွန်းနှစ်ပါးမှာ*** -

(၁) ကာမဂုဏ်တို့၌ ကာမချမ်းသာခြင်းကို သာယာငြိကပ်၍ အားထုတ်ခြင်းဟူသော(ကာမသုခလ္လိ ကာယနုယောဂ)အကျင့်တစ်မျိုး၊

(၂) ဆင်းရဲသော အရိယာတို့ မလိုက်နာသော အကျိုးစီးပွားနှင့် မစပ်ယှက်နိုင်သည့် ကိုယ်ပင်ပန်းခံကာ ပြင်းထန်စွာ အားထုတ်ခြင်းဟူသော (အတ္တကိလမထာနုယောဂ)အကျင့်တစ်မျိုးတို့ ဖြစ်သည်။

***မဂ္ဂင်ရှစ်ပါးမှာ*** -

(၁) သမ္မာဒိဋ္ဌိ - မှန်စွာသိခြင်း

(၂) သမ္မာသင်္ကပ္ပ - မှန်စွာကြံစည်ခြင်း

(၃) သမ္မာဝါစာ - မှန်စွာပြောဆိုခြင်း

(၄) သမ္မာကမ္မန္တ - မှန်စွာပြုမူခြင်း

(၅) သမ္မာအာဇီဝ - မှန်စွာအသက်မွေးခြင်း

(၆) သမ္မာဝါယာမ- မှန်စွာအားထုတ်ခြင်း

(၇) သမ္မာသတိ - မှန်စွာအမှတ်ရခြင်း

(၈) သမ္မာသမာဓိ - မှန်စွာစူးစိုက် တည်ကြည်ခြင်းတို့ ဖြစ်ပါသည်။

***သစ္စာလေးပါးမှာ*** -

(၁) ဒုက္ခသစ္စာ - ဆင်းရဲခြင်း

(၂) သမုဒယသစ္စာ - ဆင်းရဲခြင်း၏အကြောင်း

(၃) နိရောဓ သစ္စာ - ဆင်းရဲခြင်း၏ ကုန်ဆုံးရာနိဗ္ဗာန်

(၄) မဂ္ဂသစ္စာ - ဆင်းရဲခြင်း၏ ကုန်ဆုံးရာနိဗ္ဗာန်ကို ညွှန်ပြသော လမ်းစဉ်တို့ ဖြစ်ပါသည်။

ဓမ္မစကြာတရားဒေသနာတော် ပြီးဆုံးသောအခါ **ရှင်ကောဏ္ဍည(Kondañña)**သည် သောတာပတ္တိဖိုလ်၌ တည်လေ၏။ နတ်ဗြဟ္မာ တစ်ရှုရှစ်ကုဋေတို့သည်လည်း အကျွတ်တရား ရကြကုန်လေသည်။ စကြဝဠာတစ်သောင်း မြေအပေါင်းသည် ကောင်းချီးကျူးသကဲ့သို့ အထူးသဖြင့် တုန်လှုပ်သည်။ ၃၂ ပါးသော နိမိတ်တို့ ထင်ကုန်ကြသည်။ ဤဓမ္မစကြာဒေသနာကား ထိုည၌ ပထမယံအဆုံး မဇ္ဈိမယံအစ၌ ပြီးဆုံးသတည်း။

ပစ္ဆိမယံသို့ ရောက်သောအခါ သာတာဂိရနတ်၊ ဟေမဝတနတ်မင်းတို့သည် အသင်းအပင်းဖြစ်သော နတ်ဘီလူး စစ်သူကြီးတို့နှင့်တကွ တရားကို နာအံ့သောငှာ ရောက်လာကုန်သတည်း။

နောက်နေ့များ၌လည်း ဓမ္မစကြာတရား ဓမ္မစက္ကပဝတ္တနသုတ်ကိုပင် အကျယ်တစ်ဖန်ဟောတော်မူရာ လပြည့်ကျော် ၁ ရက်နေ့၌ **ရှင်ဝပ္ပ(Vappa)** သောတာပတ္တိဖိုလ်ဖြစ်၍ ၂ ရက်နေ့၌ **ရှင်ဘဒ္ဒိယ(Bhaddiya)**၊ ၃ ရက်နေ့၌ **ရှင်မဟာနာမ်(Mahānāma)**၊ ၄ ရက်နေ့၌ **ရှင်အဿဇိ(Assaji)** အသီးသီး သောတာပတ္တိဖိုလ်ဖြစ်ကြသည်။ လပြည့်ကျော် ၅ ရက်နေ့တွင် ***အနတ္တလက္ခဏာသုတ်***ကို ဟောတော်မူရာ ***ပဉ္စဝဂ္ဂီရဟန်းငါးပါး*** ရဟန္တာ ဖြစ်ကြလေသည်။

***(ရဟန္တာ ဆိုသည်မှာ ကိလေသာ ကုန်ခန်းပြီး၍ ဖြူစင်မွင်မြတ်သော ပုဂ္ဂိုလ် ဖြစ်ပါသည်)***

(က) အရဟန္တပုဒ်မှ အ, ကိုဖျောက်၍ ရဟန္တာဟု ခေါ်ခြင်းဖြစ်သည်။ ယင်းအရဟန္တသည် အရဟာဟူသော ပုဒ်ရင်းမှလာ

*သော ဝေါဟာရဖြစ်၏။ အရ+ဟာ။ အရ-ကိလေသာ၊ ဟာ (ဟတ)-ပယ်သတ်ခြင်း။ ကိလေသာကို ပယ်သတ်တတ်သော ကြောင့် ရဟန္တာဟု ခေါ်သည်။ နောက်ဆုံး အရိယာပုဂ္ဂိုလ် တည်း။*

*(ခ) သောတ-အာပန္န၊ သောတ-အရိယာမဂ်။ အာပန္န- ဆိုက် ရောက်ခြင်း၊ သောတ၏ အဓိပ္ပာယ်ကား ရေအယဉ်ဟု ဖြစ် သည်။ ဤ၌ နိဗ္ဗာန်သို့ စီးဝင်တတ်သောကြောင့် အရိယာမဂ် ကို သောတဟုဆို၏။ ယင်းသောတမည်သော အရိယာမဂ်သို့ ရှေးဦးစွာ ဆိုက်ရောက်သောကြောင့် သောတာပန္န(သော တာပန်)ဟု ခေါ်သည်။ ပထမအဆင့် အရိယာပုဂ္ဂိုလ်တည်း။*

ပဉ္စဝဂ္ဂီရဟန်းတို့အား တရားဟောတော်မူလျက် မိဂဒါဝုန် တော၌ပင် (၁၀၃)ခုနှစ်တွင် ပထမဆုံး ဝါဆိုတော်မူသည်။ ထို ဝါတွင်း၌ပင် သူဌေးသား **ယသ**ကို တရားဟောသဖြင့် ယသ ရဟန္တာ ဖြစ်သည်။ ယသ၏မိတ်ဆွေ သူဌေးသား (၅၄)ယောက် ကိုလည်း ***ဧဟိဘိက္ခု*** ရဟန်းပြုတော်မူသည်။ မြတ်စွာဘုရားသည် ***'ဘိက္ခု - ရဟန်း၊ ဧဟိ - လာလော့'*** ဟု ခေါ်လိုက်လျှင် လူဝတ် ကြောင်အသွင် ပျောက်၍ သက်န်းပရိက္ခရာအစုံနှင့် ရဟန်းအသွင် ဖြစ်ပေါ်လာသည်။ ယင်းသို့ မြတ်စွာဘုရားက ခေါ်ဆိုတော်မူခြင်းကို ***'ဧဟိဘိက္ခု'*** ခေါ်သည်ဟု ဆိုသည်။ ဝါကျွတ်သောအခါ ပဉ္စဝဂ္ဂီ ရဟန်း(၅)ပါး၊ ရှင်ယသ(၁)ပါး၊ ယသ၏မိတ်ဆွေ (၅၄)ပါးအား ဖြင့် ရဟန်းသံဃာပေါင်း(၆၀) ရှိလာသည်။ အားလုံး ရဟန္တာချည်း ဖြစ်ကြကုန်သည်။



မိဂဒါဝုန်တောဌ် ပဥ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရား ဟောကြားနေပုံ

အရှေ့ဘက်ကောင်းကင်

*ရှင်ကောဏ္ဍည - ဘိက္ခုတို့၊ ညဉ့်၏ အပိုင်းအခြားကို သိကုန်သော ငါ၏ သာဝကဘိက္ခုတို့တွင် အညာသိကောဏ္ဍညသည် အမြတ်ဆုံး ဖြစ်၏။ (ဧတဒဂ်ရ ဘိက္ခုဆု)*

ဘိက္ခု - Bhikkhu, MEMBER OF THE BUDDHIST ORDER

ရဟန်း၊ ဘုန်းကြီး၊ သံသရာဘေးကို ရှုလေ့ရှိသူ။

ရဟန်း (၃)မျိုးရှိသည်။

(၁) ထေရ-ဆယ်ဝါအထက်ရဟန်း၊

(၂) မဇ္ဈိမ-ငါးဝါမှ ကိုးဝါရပြီးသောရဟန်း၊

(၃) နဝ-ငါးဝါအောက်ရဟန်း တို့ဖြစ်သည်။

ဘိက္ခုသီလ - Bhikkhusila, MORAL CONDUCT FOR BHIKKHUS

ရဟန်းသီလ၊ စတုပါရိသုဒ္ဓိသီလ။

ရဟန်းသီလ (၄)မျိုးရှိသည်။

(၁) ပါတိမောက္ခသံဝရသီလ - ရဟန်းတို့ စောင့်ထိန်းရသော သီလ၊

(၂) ဣန္ဒြိယသံဝရသီလ - ဣန္ဒြေခြောက်ပါးကို စောင့်ထိန်းခြင်း သီလ၊

(၃) အာဇီဝပါရိသုဒ္ဓိသီလ - အသက်မွေးဝမ်းကျောင်း ဖြူစင်ခြင်း သီလ၊

(၄) ပစ္စယသန္နိဿိတသီလ - ရဟန်းတို့၏ ပစ္စည်းလေးပါးကိုမှီ၍ ဆင်ခြင်သောသီလ။

ရဟန်းတော်များကို သာသနာပြု စေလွှတ်တော်မူသည့် ထိုပထမဝါအချိန်မှာ ရဟန်းတော်များအတွက် ဝါဆို ဝါကပ်ဖို့ရန် ခွင့်မပြုရသေးသောအချိန် ဖြစ်သည်။

ဇနပုဒ်အရပ်များမှ ရှင်ပြုလို ရဟန်းပြုလိုသောသူများကို ခေါ်ဆောင်လာကြလေ၏။

မြတ်စွာဘုရားသည် ရှင်လောင်း ရဟန်းလောင်းများကို 'သင်ချစ်သားတို့ ကိုယ်တိုင် ရှင်ရဟန်း ပြုပေးရမည်၊ ဤသို့ပြုပေးရာ၌ ဆံမုတ်ဆိတ်တို့ကို ပယ်ရိတ်ရမည်၊ ဖန်ရည်စွန်းသောသင်္ကန်းကို ဝတ်ရမည်၊ ပြီးလျှင် ကိုယ်ဝတ်ဆံပယ် တင်စေ၍(လက်ကတော့ထိုးစေ၍) ဆောင့်ကြောင့်ထိုင်စေကာ လက်အုပ်ကို ချီစေပြီး ဤသို့ဆိုလော့' ဟု တိုက်တွန်းစကား ပြောကြားကာ -

**'ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊**
**ဓမ္မံ သရဏံ ဂစ္ဆာမိ၊**
**သံဃံ သရဏံ ဂစ္ဆာမိ'။**
**'ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊**
**ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊**
**ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ'။**
**'တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊**
**တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ၊**
**တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ'**

ဟူ၍ သရဏဂုံသုံးပါးကို ရှေ့မှတိုင်တည် ချပေးရသည်။

***"ရဟန်းတို့. . . ဤဆိုအပ်သော သရဏဂုံသုံးပါးဖြင့် ရှင်ပြုပေးရန်၊ ရဟန်းပြုပေးရန် ငါဘုရား ခွင့်ပြု၏"*** ဟု မိန့်ကြားတော်မူကာ သရဏဂုံ သုံးပါးဖြင့် ရှင်ရဟန်းပြုခြင်းကို ခွင့်ပြုတော်မူလေ၏။

**အရှေ့ဘက်ကောင်းကင်**

ဝါကျွတ်သောအခါ မြတ်စွာဘုရားသည် တပည့်ရဟန္တာ (၆၀)တို့အား မြို့ရွာအရပ်ဒေသများသို့ (၁)ပါးလျှင် တစ်နေရာစီ သာသနာပြုကြွရန် တိုက်တွန်းတော်မူပြီး ကိုယ်တိုင်လည်း ဥရုဝေလ တောသို့ သာသနာပြုရန် ကြွသွားတော်မူသည်။

လမ်းခရီးတစ်နေရာ၌ **ဘဒ္ဒဝဂ္ဂီ**မင်းသား ညီနောင်(၃၀) တို့နှင့် တွေ့၏။ ၎င်းမင်းသားတို့သည် မိမိတို့၏ ဇနီးမယားနှင့်အတူ လွတ်လပ်စွာ ပျော်ပါးလို၍ ဤတောအုပ်သို့ လာကြခြင်း ဖြစ်သည်။ ၎င်းတို့တွင် မင်းသားတစ်ယောက်၌ ဇနီး မရှိသဖြင့် ပြည့်တန်ဆာမ တစ်ဦးကို ခေါ်လာခဲ့ရာ ထိုမိန်းမသည် ထွက်ပြေးသွားသဖြင့် မြတ်စွာဘုရားကို **'မိန်းမတစ်ယောက်ကို မြင်ပါသလား'** ဟု မေးရာ မြတ်စွာဘုရားက **'မိန်းမကို ရှာဖွေခြင်းနှင့် မိမိကိုယ်ကို ရှာဖွေခြင်း နှစ်မျိုးတွင် ဘယ်အရာက မြတ်သနည်း'** ဟု မိန့် တော်မူကာ တရားဟောလေ၏။

မင်းသားညီနောင် (၃၀)တို့သည် အချို့သည် သောတာပန်၊ အချို့သည် သကဒါဂါမ်၊ အချို့သည် အနာဂါမ် ဖြစ်၍ သုံးကျိပ်စလုံးပင် ဧဟိဘိက္ခု ရဟန်းအဖြစ်ကို ရကြသည်။ ၎င်းတို့အားလုံး ကိုလည်း အရပ်မျက်နှာ အသီးသီးသို့ သာသနာပြုထွက်ကြရန် မိန့်တော်မူပြီး ဥရုဝေလတောသို့ ဆက်၍ကြွတော်မူသည်။

ဥရုဝေလတော၌ **ဥရုဝေလကဿပ၊ နဒီကဿပ၊ ဂယာကဿပ** အမည်ရှိသော ဘာသာရေးခေါင်းဆောင် ပရိဗိုဇ် ညီနောင် သုံးပါးသည် တပည့်ပရိသတ် များစွာကို အုပ်ချုပ်လျက် ရှိသည်။

ဥရုဝေလကဿပ နောက်လိုက်တပည့် ပရိဗိုဇ် (၅၀၀)၊ နဒီကဿပ၌ (၃၀၀)၊ ဂယာကဿပ၌ (၂၀၀) ရှိရာ နောက်လိုက်တပည့် စုစုပေါင်း (၁၀၀၀) ရှိ၏။ ကဿပညီနောင် ရှင်(၁၀၀၀)ဟု ဆိုသည်။ မြတ်စွာဘုရားသည် အံ့ဩဖွယ်တန်ခိုးများကို ပြ၍ ချွတ်တော်မူသည်။ တန်ခိုးတော်အမျိုးမျိုးကို ထပ်ကာ ထပ်ကာ ပြသောအခါမှသာ ကဿပညီနောင် ရှင်(၁၀၀၀)တို့သည် ဧဟိဘိက္ခုရဟန်း ဖြစ်ကြလေ၏။

ထိုရဟန်းတို့ကို ဗုဒ္ဓမြတ်စွာဘုရားက **'အဒိတ္တပရိယ'** ဒေသနာတရားကို ဟောကြားပြီး **'အာဒိတ္တ ပရိယာရသုတ်'**ကို ဟောတော်မူသောအခါ အလုံးစုံ ရဟန္တာ ဖြစ်ကြသည်။

မြတ်စွာဘုရားသည် ရဟန္တာ(၁၀၀၀) ခြံရံလျက် ဂယာသီသမှ ရာဇဂြိုဟ်ပြည်သို့ရောက်သော် ထန်းတောဥယျာဉ်၌ စံတော်မူသည်။ ထို့နောက် မြို့တွင်းသို့ ဝင်၍ ဗိမ္ဗိသာရမင်းကြီးအား ကတိပေးထားသည့်အတိုင်း ရာဇဂြိုဟ်ပြည်သို့ ကြွတော်မူကာ **မဟာနာရဒကဿပဇာတ်**ကို ဟောတော်မူသည်။

ဗိမ္ဗိသာရမင်းကြီးသည် မြတ်စွာဘုရားနှင့်တကွ သံဃာတော်(၁၀၀၀)တို့အား ဆွမ်းဘောဇဉ်များကို လောင်းလှူပြီးလျှင် ထန်းတောဥယျာဉ်မှာ ဝေးလှသဖြင့် မြို့နှင့် မနီးမဝေး၌ ရှိသော ဝေဠုဝန်ဥယျာဉ်တော်၌ သီတင်းသုံးတော်မူပါရန် လျှောက်ထား၍ မြတ်စွာဘုရားအား ဝေဠုဝန်ဥယျာဉ်တော်ကျောင်းကို လှူဒါန်းလေသည်။ မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း အာရာမ်ကို အလှူခံ

တော်မူ၍ ဗိမ္ဗိသာရမင်းမြတ်အား လှူအပ်သော ကျောင်းအလှူကို ဆယ်ဂါထာတို့ဖြင့် အနုမောဒနာ ဓမ္မဒေသနာတရား ဟောလေသည်။ ***(ဝေဠုဝနဒါနာနု ဒေသနာတရား ဖြစ်သည်)***

ဓမ္မဒေသနာ - Dhamma desanā, EXPOUNDING THE DHAMMA

တရားဟောခြင်း။

*ဥရုဝေလကဿပ - "ဘိက္ခုတို့ ပရိသတ်များကုန်သော ငါ၏ သာဝကဘိက္ခုတို့တွင် ဥရုဝေလကဿပသည် အမြတ်ဆုံး ဖြစ်၏" (ဧတဒဂ်ရ ဘိက္ခုဆု)*

●

## မြတ်စွာဘုရား၏ လက်ဝဲရံ - လက်ယာရံ

မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့သို့ မဟာသက္ကရာဇ် ၁၀၃ ခုနှစ်၊ ပြာသိုလပြည့်ကျော်(၁၁)ရက်နေ့ ရောက်ပြီး နောက်တစ်နေ့၌ ဝေဠုဝန်ကျောင်းတော်ကို အလှူခံပြီး သံဃာတော်များနှင့်အတူ သီတင်းသုံးတော်မူစဉ် (၅)ရက်မြောက်သော ပြာသိုလကွယ်နေ့၌ ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့သည် ၎င်းတို့၏ ပရိသတ် ပရိဗိုဇ် (၅၀၀)တို့နှင့်အတူ မြတ်စွာဘုရားထံ ရောက်လာကြသည်။

ရှင်သာရိပုတ္တရာမှာ ရှင်အဿဇိ(ပဥ္စဝဂ္ဂီရဟန်းငါးပါးတွင် အငယ်ဆုံး)ရဟန်းတော်ထံမှ ***'ယေဓမ္မာ ဟေတုပ္ပဘဝါ'*** အစရှိသော ဂါထာကို နာရသဖြင့် သောတာပန်ဖြစ်၍ ရှင်မောဂ္ဂလာန်

လည်း ယင်းဂါထာကိုပင် ရှင်သာရိပုတ္တရာထံမှတစ်ဆင့် နာရသဖြင့် သောတာပန် ဖြစ်လေသည်။ သူတို့နှစ်ပါးလုံးပင် သောတာပန်တည် ပြီးသော ပုဂ္ဂိုလ်များ ဖြစ်ကြသည်။

သူတို့သည် မြတ်စွာဘုရားထံရောက်၍ တရားနာရသော အခါ **ရှင်မောဂ္ဂလာန်**မှာ (၇)ရက်ဖြင့်ပင်(တပို့တွဲလဆန်း ၇ ရက် နေ့) ရဟန္တာ ဖြစ်လေသည်။

**ရှင်သာရိပုတ္တရာ**က (၁၅)ရက်ကြာမှ (တပို့တွဲလပြည့် နေ့) ရဟန်းဖြစ်သည်။

**ကဿပညီနောင်**ရဟန္တာများလည်း ရောက်ရှိပြီး သာသနာ သို့ ဝင်လာသော ရဟန်းတော်များလည်း တိုးလာသဖြင့် သံဃာ တော်ပေါင်း အမြောက်အမြား ဖြစ်လာခဲ့သည်။

သက္ကရာဇ် ၁၀၃ ခုနှစ်၊ တပို့တွဲလပြည့်နေ့၌ပင် တပည့် သာဝကတို့ကို စည်းဝေးစေလျက် ***အရှင်သာရိပုတ္တရာကို လက်ယာရံ အဂ္ဂသာဝက၊ အရှင်မောဂ္ဂလာန်ကို လက်ဝဲရံ အဂ္ဂ သာဝက*** အဖြစ် ခန့်တော်မူသည်။

*အရှင်မောဂ္ဂလာန် - "ဘိက္ခုတို့၊ တန်ခိုးကြီးမြတ်ကုန်သော ငါ၏ သာဝက ရဟန်းတို့တွင် မောဂ္ဂလာန်သည် အမြတ်ဆုံး ဖြစ်၏"*

*(တေဒဂ်ဆု)*

*အရှင်သာရိပုတ္တရာ - "ဘိက္ခုတို့၊ ပညာကြီးမြတ်ကုန်သော ငါ၏ သာဝကဘိက္ခုတို့တွင် ရှင်သာရိပုတ္တရာသည် အမြတ်ဆုံး ဖြစ်၏" (တေဒဂ်ဆု)*

ထိုအစည်းအဝေးသည် မြတ်စွာဘုရားလက်ထက်၌ ပထမဆုံးအကြိမ် စည်းဝေးသည့် တပည့်သာဝက အစည်းအဝေး***(သာဝကသန္နိပါတ)***ဖြစ်သည်။

ဗုဒ္ဓမြတ်စွာဘုရားသည် ထိုအစည်းအဝေး၌ တပည့်ရဟန်းတို့အား အဆုံးအမ ဩဝါဒစကား မိန့်ကြားသည်။ ထိုအဆုံးအမစကားကို **ဩဝါဒပါတိမောက်**ဟု ခေါ်သည်။

ထိုဩဝါဒစကားမှာ အကျဉ်းအားဖြင့် -

***"မြတ်သောအကျင့်ဆိုသည်မှာ သည်းခံနိုင်ခဲသည်ကို သည်းခံခြင်းပင် ဖြစ်သည်၊ နိဗ္ဗာန်ကို မွန်မြတ်သော ချမ်းသာဟူ၍ ဘုရားရှင်တို့ မိန့်တော်မူကုန်၏၊ ရဟန်းဖြစ်သူမှန်က သူတစ်ပါးကို မညှဉ်းဆဲချေ၊ သူတစ်ပါးကို ညှဉ်းဆဲသောသူသည် ရဟန်းမဟုတ်ချေ၊ မကောင်းမှု ဟူသမျှကို မပြုခြင်း၊ ကုသိုလ်ကောင်းမှုကို ပြည့်စုံစေခြင်း၊ မိမိစိတ်ကို စင်ကြယ်စေခြင်း"***

ဤသည်ကား ဘုရားရှင်၏ အဆုံးအမစကားအကျဉ်းဖြစ်သည်။

ဂေါတမမြတ်စွာဘုရားသည် မဟာသက္ကရာဇ် ၁၀၃ ခုနှစ် ပထမဝါကျွတ်သော် ပြာသိုလပြည့်နံနက်တွင် မြောက်ကျွန်းသို့ ဆွမ်းခံထွက်၍ အနောတတ်ရေအိုင်အနီး၌ ဆွမ်းဘုဉ်းပေးတော်မူပြီး သာသနာ့ရှိန်ဝါ ထွန်းပတောက်ပမည့် လက်ာဒီပမည်သော သီဟိုဠ်ကျွန်း(ယခု သီရိလင်္ကာနိုင်ငံ)သို့ ကိုယ်တော်မြတ်တစ်ပါးတည်း

ကြွရောက်တော်မူကာ များစွာသော ဘီလူးတို့ကို နှိမ်နင်းလျက် သုမနနတ်မင်းအား ဆံတော် လက်တစ်ဆုပ်ကို ပေးအပ်တော်မူခဲ့ပြီး အရှေ့မြောက်မီ ဥရုဝေလ အရပ်သို့ ကြွတော်မူခဲ့သည်။

*မှတ်ချက် - သီဟိုဠ်ကျွန်းမှတစ်ဆင့် မြန်မာနိုင်ငံ သရေခေတ္တရာ မြို့အနီး သီဟပဗ္ဗတတောင်သို့ ကြွချီတော်မူခဲ့သည်။**

*(* ညွှန်း-မြတ်စွာဘုရား မြန်မာနိုင်ငံသို့ ဒေသစာရီကြွချီတော်မူလာခြင်းနှင့် စေတီတော်များသမိုင်း-ဗိုလ်မှူးချုပ်ခင်မောင်ဝင်း-ငြိမ်း)*

မြတ်စွာဘုရားသည် ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်း၌ပင် သီတင်းသုံးတော်မူလျက် မိမိသိမြင်သော အမှန်တရားကို ပြကာ သာသနာတော်ဘီးကြီးကို လှည့်၍ စည်ပင်ပြန့်ပွားအောင် ပြုလုပ်တော်မူလေသည်။

မှန်ကန်သော အယူဝါဒကို ပြသညွှန်ကြား၍ တရားဟောတော်မူသဖြင့် များစွာသော လူတို့သည် အကျွတ်တရား ရရှိကြသည်။ မြတ်စွာဘုရားထံ၌ တပည့်ခံ၍ သာသနာတော်၌ ရဟန်းပြုကြသော ပုဂ္ဂိုလ်များလည်း အမြောက်အမြား ရှိလာခဲ့သည်။

ဥပါသကာ၊ ဒါယကာအဖြစ်(ဗုဒ္ဓဘာသာအဖြစ်) ခံယူသူများလည်း အထူးပင် များပြားလာခဲ့သည်။ ဗုဒ္ဓမြတ်စွာဘုရားသည် ထိုနှစ်(မဟာသက္ကရာဇ် ၁၀၄ ခု)တွင် ရာဇဂြိုဟ်မြို့ရှိ ဝေဠုဝန်ကျောင်းတော်၌ပင် **ဒုတိယ** ဝါဆိုတော်မူသည်။

●

**ကပိလဝတ်ပြည်သို့ ကြွခြင်း(ဒုတိယဝါဆိုတော်မူသည်)**
**(ရာဇဂြိုဟ်ပြည် ထန်းတောအနီး ဗိမ္ဗိသာရမင်းကြီး ဆောက်လုပ်လှူဒါန်းသည့် ဝေဠုဝန်ကျောင်းတိုက်)**
**(မဟာသက္ကရာဇ် ၁၀၄ ခုနှစ်၊ ဝါဆိုလပြည့်) B.C. - 588**

ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် 'သားတော်သည် ဘုရားအဖြစ်သို့ ရောက်ရှိ၍ ယခုအခါ ရာဇဂြိုဟ်မြို့၌ သီတင်းသုံး နေကြောင်း' သတင်းကြားရသဖြင့် သားတော်ကို ဖူးတွေ့ချင်လှ သောကြောင့် အမတ်တစ်ယောက်အား အပင့်ခိုင်းလိုက်လေသည်။ ထိုအမတ်သည် မြတ်စွာဘုရားထံသို့ရောက်၍ တရားနာရသော အခါ နောက်ပါဗိုလ်ခြေတစ်ထောင်နှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၍သာလျှင် ရဟန်းပြုလေသည်။

ဤင်းကဲ့သို့ (၉)ကြိမ်တိုင်အောင် အမတ်များကို စေလွှတ် သော်လည်း ပေါ်မလာကြသောအခါ (၁၀)ကြိမ်မြောက်တွင် ဖွား ဘက်တော် ကာဠုဒါယီအမတ်ကို စေလွှတ်လိုက်သည်။

ကာဠုဒါယီက ***'သူ့အား ရဟန်းပြုခွင့်ပေးလျှင် ရအောင် ပင့်ပေးပါမည်'*** ဟု ဝန်ခံလေသည်။

*ကာဠုဒါယီ - "ဘိက္ခုတို့၊ ဆွေမျိုးတို့၏ ကြည်ညိုစေတတ် ကုန်သော ငါ၏ သာဝကဘိက္ခုတို့တွင် ကာဠုဒါယီသည် အမြတ်ဆုံး ဖြစ်၏" (ဧတဒဂ်ရ ဘိက္ခုဆု)*

ကာဠုဒါယီသည် ရာဇဂြိုဟ်ပြည်သို့ ရောက်သောအခါ ရှေ့ကအမတ်များနည်းတူ နောက်ပါများနှင့်တကွ ရဟန်းပြုလေသည်။

အရဟတ္တဖိုလ်သို့ရောက်၍ ***'ဧဟိဘိက္ခု'*** ခေါ်တော်မူသော ရဟန္တာအဖြစ်သို့လည်း ရောက်သွားလေသည်။ တပေါင်းလပြည့်ရောက်သောအခါ **ကာဠုဒါယီ**သည် အခွင့်အခါကိုစောင့်၍ မြတ်စွာဘုရားအား ***'ခမည်းတော်နှင့် ဆွေတော်မျိုးတော်များကို တရားချီးမြှင့်ရန် ကပိလဝတ်ပြည်သို့ ခရီးဒေသစာရီ ကြွချီတော်မူသင့်ကြောင်း'*** ပင့်လျှောက်လေသည်။

ပင့်လျှောက်ချက်ကို လက်ခံတော်မူ၍ တပေါင်းလပြည့်နေ့တွင် ရာဇဂြိုဟ်ပြည်မှ ကပိလဝတ်ပြည်သို့ ကြွတော်မူလေသည်။

သံဃာတော်ပေါင်း နှစ်သောင်း ခြံရံလျက် တစ်နေ့လျှင် တစ်ယူဇနာကျ ကြွတော်မူခဲ့သည်။ တောလမ်း ခရီးတွင် စိမ်းလန်းသောမြက်ခင်း နီမြန်းသော ပန်းပွင့်တို့ဖြင့် သက်န်းတော်အရောင်တို့မှာ အထူးပန်ရလျက် ကြည့်ရှု၍ မငြီးအောင် တင့်တယ်လေသည်။ ကာဠုဒါယီအမတ်သည် မြတ်စွာဘုရား ထွက်တော်မူသည့်နေ့မှစ၍ နေ့စဉ် ကပိလဝတ်ပြည်သို့ ဈာန်အဘိညာဉ်ဖြင့် ကြွပြီး သုဒ္ဓေါဒန မင်းကြီးအား 'ယနေ့ မည်သည့်စခန်းသို့ ရောက်ပြီ' စသည်ဖြင့် ပြောပြလေသည်။

ရာဇဂြိုဟ်မြို့နှင့် ကပိလဝတ်ပြည်သည် ယူဇနာခြောက်ဆယ် ကွာသောကြောင့် နှစ်လတိတိ ကြွတော်မူရ၍ ကဆုန်လပြည့်တွင်မှ ကပိလဝတ်ပြည်သို့ ရောက်တော်မူသည်။

ဗုဒ္ဓမြတ်စွာဘုရား သီတင်းသုံးရန်အတွက် နိဂြောဓာရုံဥယျာဉ်အတွင်း၌ နိဂြောဓာရုံကျောင်းကို ဆောက်လုပ်၍ စီမံထား

သဖြင့် တပည့်သံဃာတော်ပေါင်း နှစ်သောင်းနှင့်တကွ နိဂြောဓာရုံကျောင်း၌ သီတင်းသုံးတော်မူသည်။

သာကီဝင်မင်းအပေါင်းတို့သည် ငယ်ရွယ်သော မြို့သူမြို့သားများကို ရှေ့ကသွားစေပြီး ၎င်းတို့က နောက်ကနေ လိုက်ကြသည်။

နောက်ဆုံးမှ သွားရခြင်းမှာ အသက်အရွယ်ကြီးသော သာကီဝင်မင်းတို့သည် ၎င်းတို့ထက် အသက်ငယ်သော မြတ်စွာဘုရားကို ရှိမခိုးချင်သောကြောင့် ဖြစ်သည်။

ဗုဒ္ဓမြတ်စွာဘုရားသည် သာကီဝင်မင်းတို့ စိတ်ထားကိုသိ၍ ကောင်းကင်သို့ ပျံတက်ပြီး ***တန်ခိုးပြာဋိဟာ***များကို ပြတော်မူသည်။

***(တန်ခိုးပြာဋိဟာ ဆိုသည်မှာ ရေ,မီးအစုံတို့ကို ခန္ဓာကိုယ်မှ တစ်ပြိုင်တည်း ဖြာထွက်စေတော်မူခြင်းကို ဆိုသည်)***

ထို့ကြောင့် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် တန်ခိုးပြာဋိဟာများကို တွေ့မြင်ရသောအခါ သားတော်ဘုရားအား လက်အုပ်မိုး၍ ရှိခိုးလေသည်။

**သားတော်မြတ်စွာဘုရား မွေးဖွားတော်မူစကတစ်ကြိမ်၊ လယ်ထွန်မင်္ဂလာ ပြုလုပ်စဉ်က တစ်ကြိမ် ရှိခိုးခဲ့၍ ယခုအချိန်မှာ တတိယအကြိမ် ရှိခိုးခြင်းဖြစ်ကြောင်း လျှောက်ထားလေ၏။**

သာကီဝင်ဆွေတော်မျိုးတော်အားလုံးလည်း ရှိခိုးကြလေသည်။

ထိုအခါ မြတ်စွာဘုရားသည် ကောင်းကင်မှ ဆင်းသက်တော်မူလေသည်။ ထိုခဏ၌ပင် ***ပေါက္ခရဝဿ*** အမည်ရှိသော မိုးကြီးရွာလေသည်။

စွတ်စိုလိုသောသူများ စွတ်စို၍ မစွတ်စိုလိုသော သူများ မိုးတစ်ပေါက်မျှ မစိုချေ။ ဆွေတော်မျိုးတော်တို့သည် အလွန်ထူးဆန်းလှပါတကားဟု အံ့ဩ၍ ပြောဆိုကြသည်။

မြတ်စွာဘုရားက **ဝေဿန္တရာ**ဇာတ်တော်ကို ဟောတော်မူသည်။

သာကီဝင်ဆွေမျိုးတို့သည် တရားနာပြီးသောအခါ ပြန်သွားကြလေသည်။ မည်သူမျှ မြတ်စွာဘုရားအား ဆွမ်းစားမပင့်ကြချေ။

နောက်တစ်နေ့၌ ဗုဒ္ဓမြတ်စွာဘုရားသည် နောက်ပါသံဃာတော် နှစ်သောင်းနှင့် အတူတကွ ကပိလဝတ်မြို့ထဲသို့ ဆွမ်းခံကြွတော်မူလေသည်။ ကပိလဝတ်ပြည် တစ်ပြည်လုံးမှာလည်း ဆွမ်းခံကြွသည်ကို တအံ့တဩ ဖြစ်နေကြသည်။ ဗုဒ္ဓမြတ်စွာဘုရားသည် အိမ်ပေါက်စေ့ ဆွမ်းခံရပ် သော်လည်း မည်သူမျှ မလောင်းဝံ့ချေ။ မလောင်းကြပါ။ တစ်မြို့လုံးသို့ ထိုသတင်းသည် ချက်ချင်းပျံ့နှံ့ကာ နန်းတော်အတွင်းသို့ပင် ရောက်သွားလေသည်။

ယသော်ဓရာ မိဖုရားသည် ထိုသတင်းကို ကြားသောအခါ သားတော်ကလေး ရာဟုလာကို လက်ဆွဲ၍ အဆောင်တော် လေသာနန်းတံခါးမှ လှမ်းမျှော်ရှုစားလေသည်။

**အရှေ့ဘက်ကောင်းကင်**

ဗုဒ္ဓမြတ်စွာဘုရား၏ ရုပ်လက္ခဏာ တင့်တယ်ပုံကို ယသော်မရာ ချီးကျူးဖွဲ့ဆိုသော ဂါထာများ ရှိသည်။ **နရသီဟ**ဂါထာဟု ခေါ်သည်။ **(နရ-လူ၊ သီဟ-မြတ်သော)** ဗုဒ္ဓမြတ်စွာဘုရား မြို့ထဲ၌ ဆွမ်းခံနေကြောင်းကို သုဒ္ဓေါဒန ဘုရင်ကြီး ကြားသောအခါ ချက်ချင်းပင် သားတော်ထံသို့ သွားလေသည်။

***"သားတော်ဘုရား၊ ခမည်းတော်ကို အရှက်ခွဲတော်မူခြင်းလော၊ သည်မျှလောက်သော သံဃာအတွက် နန်းတော်တွင် ဆွမ်းမရနိုင်ဟု ထင်ပါသလော"***

***"ခမည်းတော်မင်းကြီး ဆွမ်းခံစားခြင်းသည် ရဟန်းသံဃာတို့၏ အလေ့ဖြစ်သည်"***

ဟု မိန့်တော်မူလေသည်။

မြတ်စွာဘုရားက အထက်ပါအတိုင်း မြွက်ကြားလျက် ဂါထာတစ်ပုဒ် ဟောတော်မူရာ မင်းကြီးသည် မြို့လယ်လမ်းမ၌ပင် ရပ်လျက် သောတာပန်အဖြစ်သို့ ရောက်လေ၏။

မြတ်စွာဘုရားနှင့် သံဃာတော် နှစ်သောင်းတို့ကိုလည်း နန်းတော်သို့ ဆွမ်းစားပင့်သွားလေသည်။ ယသော်ရောမှတစ်ပါး သာကီဝင်မင်းအားလုံး မြတ်စွာဘုရားထံ လာရောက်ရှိခိုးကြသည်။

ဗုဒ္ဓမြတ်စွာဘုရားသည် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးအား သပိတ်ပေးတော်မူပြီး ရှင်သာရိပုတ္တရာနှင့် ရှင်မောဂ္ဂလာန်တို့ကိုခေါ်ကာ ယသော်ရောအဆောင်သို့ ကြွရောက်ကန်တော့ခံလေသည်။

ထိုအဆောင်၌ပင် ယသော်ဓရာကို **စန္ဒကိန္နရီဇာတ်** ဟောတော်မူလေ၏။

ဗုဒ္ဓမြတ်စွာဘုရားသည် ကပိလဝတ်ပြည်သို့ရောက်ပြီး (၃)ရက်မြောက်နေ့တွင် သုဒ္ဓေါဒနမင်းကြီးသည် သားတော် နန္ဒကို အိမ်ရှေ့အရာ အပ်နှင်းရန်အတွက် သမီးတော် ဇနပဒကလျာဏီနှင့် ထိမ်းမြားပေးရန် စီစဉ်သည်။

ဗုဒ္ဓမြတ်စွာဘုရားသည် မင်္ဂလာမဏ္ဍပ်သို့ ဆွမ်းခံကြွ၍ တရားဟောသည်။ ထို့နောက် ညီတော် နန္ဒကို သပိတ်ထမ်းစေကာ ကျောင်းသို့ ခေါ်သွားလေ၍ ရဟန်းပြုပေးသည်။ ညီတော်နန္ဒ ရဟန်းပြုသည်ကို မပျော်မွေ့သောကြောင့် ဗုဒ္ဓက တရားပြရလေသည်။ နောက်ဆုံးတွင် သံဝေဂရပြီး ရဟန္တာ ဖြစ်သွားသည်။

ကပိလဝတ်ပြည်သို့ ရောက်၍ (၇)ရက်မြောက်သောနေ့၌ (၇)နှစ်အရွယ်ရောက်ပြီဖြစ်တဲ့ သားတော်ကလေး ရာဟုလာသည် ဆွမ်းစားကြွလာသော မြတ်စွာဘုရားနားသို့ ချဉ်းကပ်ပြီး သူ့မယ်တော် သင်ပေးသည့်အတိုင်း **'အမွေပေးပါ၊ အမွေပေးပါ'** ဟု တောင်းလေ၏။

ဆွမ်းစားပြီး၍ ကျောင်းသို့ ပြန်ကြွသည့်တိုင်အောင် သက်န်းစဆွဲ၍ လိုက်ပါလာရာ မြတ်စွာဘုရားက **'သားတော်အား လောကုတ္တရာအမွေကို ပေးအံ့'** ဟု မိန့်တော်မူ၍ ရှင်သာရိပုတ္တရာအား ရာဟုလာကို ရှင်သာမဏေပြုရန် ခိုင်းတော်မူလေသည်။

ဗုဒ္ဓမြတ်စွာဘုရားသည် ဝါဆိုချိန်နီးသောအခါ သံဃာတော်များ ခြံရံလျက် ကပိလဝတ်ပြည်မှ ရာဇဂြိုဟ်ပြည်သို့ ပြန်ကြွတော်မူလေသည်။ ညီတော်နန္ဒ ရဟန်းနှင့် သားတော်ရာဟုလာ သာမဏေတို့လည်း လိုက်ပါသွားကြလေသည်။

ရာဇဂြိုဟ်မြို့သို့ ရောက်ခါနီး **အနုပိယသရက်ဥယျာဉ်**ကို ရောက်တော်မူသောအခါ **အနုရုဒ္ဓါ၊ အာနန္ဒာ၊ ဘဒ္ဒိယ၊ ကိမိလ၊ ဘဂု၊ ဒေဝဒတ်** ဟူသော သာကီဝင်မင်းသား (၆)ယောက်နှင့် **ဥပါလိ**မည်သော ဆတ္တာသည်တို့သည် မြတ်စွာဘုရားထံ ရဟန်းပြုရန် ဆိုက်ရောက်လာပေသည်။

**နန္ဒ** - *"ဘိက္ခုတို့၊ ဣန္ဒြေကို စောင့်စည်းကုန်သော ငါ၏ သာဝကဘိက္ခုတို့တွင် နန္ဒသည် အမြတ်ဆုံး ဖြစ်၏"*

*(တေဒဂ်ရ ဘိက္ခုဆု)*

**ရာဟုလာ** - *"ဘိက္ခုတို့၊ အကျင့်သိက္ခာကို လိုလားကုန်သော ငါ၏ သာဝကဘိက္ခုတို့တွင် ရာဟုလာသည် အမြတ်ဆုံး ဖြစ်၏" (တေဒဂ်ရ ဘိက္ခုဆု)*

**အနုရုဒ္ဓါ** - *"ဘိက္ခုတို့၊ ဒိဗ္ဗစက္ခု အဘိညာဉ်ရသော ငါ၏ သာဝကဘိက္ခုတို့တွင် အနုရုဒ္ဓါသည် အမြတ်ဆုံးဖြစ်၏"*

*(တေဒဂ်ရ ဘိက္ခုဆု)*

**အာနန္ဒာ** - *"ဘိက္ခုတို့၊ အကြားအမြင်များကုန်သော ငါ၏ သာဝကဘိက္ခုတို့တွင် အာနန္ဒာသည် အမြတ်ဆုံးဖြစ်၏"*

*(တေဒဂ်ရ ဘိက္ခုဆု)*

"ဘိက္ခုတို့၊ ငါ၏စကားကို ကြာမြင့်စွာ ဆောင်နိုင်သည့် သတိရှိကုန်သော ငါ၏ သာဝကဘိက္ခုတို့တွင် အာနန္ဒာသည် အမြတ်ဆုံး ဖြစ်၏" (ဧတဒဂ်ရ ဘိက္ခုဆု)

"ဘိက္ခုတို့၊ ငါဟောကြားသည့်အတိုင်း အလုံးစုံသော ပုဒ်တို့ကို သိစွမ်းနိုင်သည့် ပညာရှိကုန်သော ငါ၏ သာဝက ဘိက္ခုတို့တွင် အာနန္ဒာသည် အမြတ်ဆုံး ဖြစ်၏" (ဧတဒဂ်ရ ဘိက္ခုဆု)

"ဘိက္ခုတို့၊ ငါ၏စကားကို သင်ခြင်း၊ ဆောင်ခြင်း၊ သရဇ္ဈာယ်ခြင်းတို့၌ လုံ့လရှိကုန်သော ငါ၏ သာဝကဘိက္ခုတို့တွင် အာနန္ဒာသည် အမြတ်ဆုံး ဖြစ်၏" (ဧတဒဂ်ရ ဘိက္ခုဆု)

"ဘိက္ခုတို့၊ ငါ့ကို ဆည်းကပ်လုပ်ကျွေးခြင်းတို့၌ လုံ့လ ရှိကုန်သော ငါ၏ သာဝကဘိက္ခုတို့တွင် အာနန္ဒာသည် အမြတ်ဆုံး ဖြစ်၏"
(ဧတဒဂ်ရ ဘိက္ခုဆု)

**ဘဒ္ဒိယ** - "ဘိက္ခုတို့၊ မြတ်သောအမျိုး၌ ဖြစ်ကုန်သော ငါ၏ သာဝကဘိက္ခုတို့တွင် ကာဠီဂေါဓာ အမည်ရှိသော သာကီဝင်မင်းသမီး၏သား ဘဒ္ဒိယသည် အမြတ်ဆုံး ဖြစ်၏"
(ဧတဒဂ်ရ ဘိက္ခုဆု)

ဗုဒ္ဓသည် ဥပါလိနှင့် ညီတော်မင်းသားများကို ရဟန်းပြုပေးပြီးနောက် ရာဇဂြိုဟ်သို့ ဆက်လက်ကြွခဲ့သည်။

ထိုနှစ် မဟာသက္ကရာဇ် ၁၀၅ ခုနှစ် ဝေဠုဝန်ကျောင်းတိုက်တွင် **တတိယ** ဝါဆိုတော်မူသည်။

●

အရှေ့ဘက်ကောင်းကင်

**ဝေသာလီပြည်သို့ ကြွခြင်း(တတိယဝါဆိုတော်မူသည်)**
**(ရာဇဂြိုဟ်ပြည် ထန်းတောအနီး ဗိမ္ဗိသာရမင်းကြီး ဆောက်လုပ်လှူဒါန်းသည့် ဝေဠုဝန်ကျောင်းတိုက်)**
**(မဟာသက္ကရာဇ် ၁၀၅ ခုနှစ်၊ ဝါဆိုလပြည့်) B.C. - 587**

မဟာသက္ကရာဇ် ၁၀၅ ခုနှစ်တွင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ဝါဆိုသီတင်းသုံးတော်မူစဉ်အခါ၌ပင် မဂဓရာဇ်တိုင်း မဟာတိတ္ထရွာမှ ***ရှင်မဟာကဿပ(ပိပ္ပလိ)***၊ အဝန္တိတိုင်း ဥဇ္ဇေနီပြည်မှ ***ရှင်မဟာကစ္စည်း***၊ ကုရုတိုင်း ထုလ္လကောဋ္ဌိနိဂုံးမှ ***ရှင်ရဋ္ဌပါလ***၊ ရာဇဂြိုဟ်မှ ***ရှင်ပိလိန္ဒဝစ္ဆ***၊ ***ရှင်မဟာပန်*** နှင့် ***ရှင်စူဠပန်***၊ ကာလစမ္ပာနဂိုရ်မှ ***အရှင်သောဏ*** စသော အမျိုးကောင်းသား ထင်ရှားသူ ပုဂ္ဂိုလ်များသည် ဗုဒ္ဓမြတ်စွာဘုရားထံ လာရောက်ရဟန်းပြုကြလေသည်။

ရှင်မဟာကဿပကား ရှင်သာရိပုတ္တရာ နှင့် ရှင်မောဂ္ဂလာန်ကလွဲလျှင် မြတ်စွာဘုရား၏ တပည့်သာဝကတို့တွင် အထင်ရှားဆုံး ကျော်ကြားဆုံး တပည့်ကြီးတစ်ပါး ဖြစ်သည်။

***ရှင်မဟာကဿပ*** - *"ဘိက္ခုတို့၊ ကိုယ်တိုင် ဓုတင်ဆောင်၍ သူတစ်ပါးတို့အားလည်း ဓုတင်ဆောင်ရန် ဟောပြောသော ငါ၏ သာဝကဘိက္ခုတို့တွင် မဟာကဿပသည် အမြတ်ဆုံး ဖြစ်၏"*

*(ဧတဒဂ်ရ ဘိက္ခုဆု)*

***ရှင်မဟာကစ္စည်း*** - *"ဘိက္ခုတို့၊ အကျဉ်းအားဖြင့် ဟောကြားသော တရား၏ အနက်ကို ဝေဖန်တတ်သော ငါ၏ သာဝက*

ဘိက္ခုတို့တွင် မဟာကစ္စည်းသည် အမြတ်ဆုံး ဖြစ်၏"
(ဧတဒဂ်ရ ဘိက္ခုဆု)

**ရှင်ရဋ္ဌပါလ** - "ဘိက္ခုတို့၊ သဒ္ဓါအားဖြင့် ရဟန်းပြုကုန်သော ငါ၏ သာဝကဘိက္ခုတို့တွင် ရဋ္ဌပါလသည် အမြတ်ဆုံး ဖြစ်၏" (ဧတဒဂ်ရ ဘိက္ခုဆု)

**ရှင်ပိဏ္ဍောလ** - "ဘိက္ခုတို့၊ ခြင်္သေ့မင်းကဲ့သို့ ရဲဝံ့စွာ ကြုံးဝါးနိုင်ကုန်သော ငါ၏ သာဝကဘိက္ခုတို့တွင် ရှင်ပိဏ္ဍောလသည် အမြတ်ဆုံး ဖြစ်၏" (ဧတဒဂ်ရ ဘိက္ခုဆု)

**ရှင်မဟာပန်** - "ဘိက္ခုတို့၊ ရူပါဝစရ ဈာန်အရာတို့၌ ကျွမ်းကျင်လိမ္မာကြကုန်သော ငါ၏ သာဝကဘိက္ခုတို့တွင် ရှင်မဟာပန်သည် အမြတ်ဆုံး ဖြစ်၏" (ဧတဒဂ်ရ ဘိက္ခုဆု)

**ရှင်စူဠပန်** - "ဘိက္ခုတို့၊ ရူပါဝစရ ဈာန်အရာတို့၌ ကျွမ်းကျင်လိမ္မာကြကုန်သော ငါ၏ သာဝကဘိက္ခုတို့တွင် ရှင်စူဠပန်သည် အမြတ်ဆုံး ဖြစ်၏" (ဧတဒဂ်ရ ဘိက္ခုဆု)

"ဘိက္ခုတို့၊ စိတ်ဖြင့်ပြီးသောကိုယ်ကို ဖန်ဆင်းတတ်ကုန်သော ငါ၏ သာဝကဘိက္ခုတို့တွင် စူဠပန်သည် အမြတ်ဆုံး ဖြစ်၏"
(ဧတဒဂ်ရ ဘိက္ခုဆု)

**ရှင်သောဏ** - "ဘိက္ခုတို့၊ ထက်သောလုံ့လရှိကုန်သော ငါ၏ သာဝကဘိက္ခုတို့တွင် ကောဋိဝီသအနွယ်၌ဖြစ်သော သောဏသည် အမြတ်ဆုံး ဖြစ်၏" (ဧတဒဂ်ရ ဘိက္ခုဆု)

ထိုအချိန်သည်ကား ဗုဒ္ဓမြတ်စွာဘုရား၏ သာသနာတော်ကြီးသည် အထူးပင် စည်ပင်ပြန့်ပွားသည့်ကာလဖြစ်သည်။

အရှေ့ဘက်ကောင်းကင်

တပည့် သံဃာအဖွဲ့ကြီးမှာလည်း ကြီးမားကျယ်ပြန့်လာလေသည်။ မြို့ရွာဇနပုဒ်များသို့လည်း တပည့်သံဃာတော်များသည် ဗုဒ္ဓမြတ်စွာဘုရား၏ အဆုံးအမတရားတော်များကို ဟောကြားဖြန့်ဖြူးနေကြလေသည်။

ထိုအတွက်ကြောင့် သာသနာတော်သို့ ခိုလှုံလာကြသော ပုဂ္ဂိုလ်အမြောက်အမြားလည်း တိုးပွားလာခဲ့သည်။ များစွာသော လူတို့သည် ကိုးကွယ်မှုနှင့် ပတ်သက်၍ ယခုမှ အမှန်ကိုရောက်ပြီဟု ဝမ်းမြောက်နေကြသည်။

ထိုအချိန်၌ပင် ဝေသာလီပြည် လိစ္ဆဝီမင်း အုပ်ချုပ်သော ဒေသ၌ ရောဂါကပ်ဆိုးများ ဆိုက်ရောက်လေသည်။

လိစ္ဆဝီမင်းသည် ပထမသော် နတ်များကို ပူဇော်ပ,သ၏။ ယင်းသို့ ပြုလုပ်၍ မရသောအခါ တချို့က တိတ္ထိဆရာကြီးများကို ပင့်ရန် အကြံပေး၏။ တချို့က ဗုဒ္ဓမြတ်စွာဘုရားကို ပင့်ရန် အကြံပေး၏။ နောက်ဆုံး ဗုဒ္ဓမြတ်စွာဘုရားကို ပင့်ရန် သဘောတူကြ၍ ရာဇဂြိုဟ်ပြည်သို့ သွားရောက်ပင့်ကြသည်။

သတ္တဝါများ ကယ်ရန်အရေးဖြစ်၍ ဗုဒ္ဓမြတ်စွာဘုရားသည် နောက်ပါသံဃာတော်များနှင့် ဝေသာလီပြည်သို့ ကြွတော်မူသည်။ ဘုရား၊ တရား၊ သံဃာ ဟူသော ရတနာသုံးပါးဂုဏ်ကို ဖော်ပြလျက် သစ္စာဆိုသည့် **ရတနသုတ်ပရိတ်**ကို ရှင်အာနန္ဒာအား သင်ပေး၍ မြို့ကို ပတ်စေပြီး တစ်ညလုံး ရွတ်စေသည်။

ရတနသုတ် ပရိတ်တော်၏ တန်ခိုးတော်ကြောင့် ဘေးဆိုးမှ လွတ်ငြိမ်းသွားကြလေသည်။

ဗုဒ္ဓမြတ်စွာဘုရားသည် ဝေသာလီပြည်၌ (၁၅)ရက်ခန့်နေ၍ **ရာဇဂြိုဟ်**ပြည်သို့ ပြန်ကြွကာ မဟာသက္ကရာဇ် (၁၀၆)ခုနှစ်တွင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတိုက်တွင် **စတုတ္ထ** ဝါဆိုတော်မူသည်။

●

**ဝေသာလီပြည်သို့ ကြွခြင်း(စတုတ္ထ ဝါဆိုတော်မူသည်)**
**(ရာဇဂြိုဟ်ပြည် ထန်းတောအနီး ဗိမ္ဗိသာရမင်းကြီး ဆောက်လုပ်လှူဒါန်းသည့် ဝေဠုဝန်ကျောင်းတိုက်)**
**(မဟာသက္ကရာဇ် ၁၀၆ ခုနှစ်) B.C. - 586**

မဟာသက္ကရာဇ် ၁၀၆ ခုနှစ် ဗုဒ္ဓမြတ်စွာဘုရားသည် ဝါကျွတ်သောအခါ ဝေသာလီသို့ ဒေသစာရီကြွချီတော်မူ၍ ဝေသာလီပြည်အနီး မဟာဝုန်တောကြီးအတွင်းရှိ စုလစ်မွမ်းချွန် အထွတ်တပ်ထားသော ပြာသာဒ်ဇရပ်ကျောင်း၌ သီတင်းသုံးတော်မူသည်။

ဝေသာလီမင်းများ သိသဖြင့် မြတ်စွာဘုရားထံ ချဉ်းကပ်ပြီး ယခုနှစ်တွင် ဝေသာလီ၌ ဝါဆိုသီတင်းသုံးတော်မူရန် လျှောက်ထားကြလေသည်။

(၁၀၇)ခုနှစ်တွင် မဟာဝုန်တောဇုပ်အတွင်း ပြာသာဒ်ဆောင်ဖြစ်သော ဇရပ်၌ **ပဉ္စမ** ဝါဆိုတော်မူသည်။

ဝါဆိုရန် တစ်လကျော် ကျန်ရှိသောအခါ ကပိလဝတ်ပြည်မှ ခမည်းတော် သုဒ္ဓေါဒနမင်းကြီး နာမကျန်းဖြစ်၍ မြတ်စွာဘုရား

သည် သံဃာ(၅၀၀)နှင့်တကွ ကပိလဝတ်ပြည်သို့ ကြွတော်မူသည်။ ဗုဒ္ဓမြတ်စွာဘုရား ရောက်ရှိတော်မူပြီး (၃)ရက်မြောက်သောနေ့တွင် ခမည်းတော်မင်းကြီးသည် လူဝတ်ကြောင်ဖြင့်ပင် ရဟန္တာဖြစ်ပြီး နောက် ပရိနိဗ္ဗာန်စံသည်။ သုဒ္ဓေါဒနမင်းကြီးကား မြတ်စွာဘုရား ပထမအကြိမ် ကပိလဝတ်ပြည်သို့ ကြွတော်မူစဉ်ကပင် ***သကဒါဂါမ်*** တည်ပြီးဖြစ်သည်။

***(သကဒါဂါမ် ဆိုသည်မှာ ကာမဘုံသို့ တစ်ကြိမ်သာ ပြန်လာသော ပုဂ္ဂိုလ်ဟု အဓိပ္ပာယ်ရပါသည်)***

သကဒါဂါမီ - Sakadāgāmī, ONCE-RETURNER

သကဒါဂါမ်ပုဂ္ဂိုလ်။

ယခုတစ်ဖန် ထပ်မံ၍ ဓမ္မပါလဇာတ် တရားနာရသဖြင့် **အနာဂါမ်** ဖြစ်၍ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်စံတော်မူသည်။

***(အနာဂါမ် ဆိုသည်မှာ ဘယ်တော့မှ ပြန်မလာသော ပုဂ္ဂိုလ်ဟု အဓိပ္ပာယ်ရပါသည်)***

အနာဂါမိ - Anāgāmi, NON-RETURNER

အနာဂါမ်၊ ကာမဘုံ၌ ပဋိသန္ဓေမနေသော ပုဂ္ဂိုလ်။

သုဒ္ဓေါဒနမင်းကြီး၏ ဈာပနကိစ္စ ပြီးသောအခါ မိထွေးတော် ဂေါတမီသည် နိဂြောဓာရုံကျောင်း၌ သီတင်းသုံးတော်မူသော ဗုဒ္ဓမြတ်စွာဘုရားထံသို့ ရောက်လာသည်။ မိန်းမများကို သာသနာတော်၌ ရဟန်းပြုရန် ခွင့်ပြုတော်မူပါမည့်အကြောင်း တောင်းပန်လျှောက်ထားလေသည်။ ဗုဒ္ဓက ခွင့်မပြု။ သုံးကြိမ်တိုင်

အောင် လျှောက်ထားလေသည်။ ဗုဒ္ဓက ခွင့်ပြုတော်မမူသဖြင့် ဝမ်းနည်းညှိုးငယ်စွာ ပြန်သွားရရှာသည်။

ဝါဆိုရန် နီးကပ်လာသောအခါ ဗုဒ္ဓမြတ်စွာဘုရားနှင့် တပည့်သံဃာအပေါင်းတို့သည် ဝေသာလီပြည် မဟာဝုန်တောသို့ ပြန်၍ **ပဉ္စမ** ဝါဆိုတော်မူသည်။

●

**မိန်းမများကို ရဟန်းပြုပေးခြင်း(ပဉ္စမ ဝါဆိုတော်မူသည်)**
**(ဝေသာလီပြည်အနီး မဟာဝုန်တောကြီးအတွင်း ကူဋါဂါရ ကျောင်းတိုက်)**
**(မဟာသက္ကရာဇ် ၁၀၇ ခုနှစ်) B.C. - 585**

ထိုနှစ် ဝေသာလီပြည်၌ပင် ဝါဆိုတော်မူသည်။ မြတ်စွာဘုရား ကပိလဝတ်ပြည်မှ ဝေသာလီပြည်သို့ ပြန်ကြွသွားသောအခါတွင် မိထွေးတော်ဂေါတမီသည် သာကီဝင်မင်းသမီး (၅၀၀)နှင့်အတူ မိမိတို့ဘာသာ ဆံပင်ကိုရိတ်၍ သစ်ခေါက်ဆိုးအဝတ်ကိုဝတ်ကာ ရဟန်းမအသွင်ပြုကြပြီး ဝေသာလီပြည်သို့ လိုက်လာကြသည်။

*ထိုသာကီဝင်မင်းသမီး(၅၀၀)တို့ကား ခမည်းတော် သုဒ္ဓေါဒနမင်းကြီး ပရိနိဗ္ဗာန်မစံမီက ကပိလဝတ်ပြည် နှင့် ကောလိယပြည်တို့ နှစ်ပြည်ထောင်မင်းတို့ တိုက်ခိုက်သောအခါ၌ ဗုဒ္ဓမြတ်စွာဘုရားသည် ကြွရောက်တော်မူပြီး ငြိမ်းချမ်းရေးတရား ဟောတော်မူကာ ရန်စစ်မီးကို ငြိမ်းအေးတားဆီးလိုက်သည်။*

*ထို့နောက် ကပိလဝတ်ပြည်မှ မင်းသား(၂၅၀)နှင့် ကောလိယပြည်မှ မင်းသား(၂၅၀) ပေါင်း(၅၀၀)တို့ ဗုဒ္ဓထံအပ်၍ ရဟန်းပြုစေသည်။ ထိုရဟန်းပြုသွားသော မင်းသား(၅၀၀)တို့၏ ဇနီးများမှာ ထိုသာကီဝင်မင်းသမီး (၅၀၀)တို့ ဖြစ်သည်။*

ဂေါတမီနှင့် သာကီဝင်မင်းသမီး (၅၀၀)တို့သည် မြတ်စွာဘုရားအား ရှိသေသောအားဖြင့် ယာဉ်မစီးဘဲ ခြေလျင်လာခဲ့ကြရာ ဝေသာလီပြည် မဟာဝုန်တောသို့ ရောက်သောအခါ ရှင်အာနန္ဒာနှင့် ပထမတွေ့သည်။

အကျိုးအကြောင်းကို မေးပြီးနောက် ရှင် အာနန္ဒာသည် ချက်ချင်းပင် မြတ်စွာဘုရားထံသို့ဝင်ကာ မိထွေးတော်ဂေါတမီ ရဟန်းပြုလိုသော ဆန္ဒကြောင့် ဆိုက်ရောက်လာပါကြောင်း လျှောက်ထား၍ ***'မာတုဂါမများကို သာသနာတော်၌ ရဟန်းပြုရန် ခွင့်ပြုတော်မူပါ'*** ဟု တောင်းပန်လေ၏။

သို့သော် မြတ်စွာဘုရားက ခွင့်မပြု။

သုံးကြိမ်တိုင်တိုင် ငြင်းပယ်တော်မူသည်။

အာနန္ဒာသည် လက်မလျှော့ဘဲ မြတ်စွာဘုရား ငယ်စဉ်အခါ၌ မိထွေးတော်ဂေါတမီ ပြုစုစောင့်ရှောက်ခဲ့ပုံနှင့် မိထွေးတော်ဂေါတမီ၏ ကျေးဇူးများပုံတို့ကို လျှောက်ထားတောင်းပန်ပြန်လေသည်။ ယင်းသို့ လျှောက်ထားသောအခါ မြတ်စွာဘုရားသည် မိထွေးတော် ဂေါတမီအား **ဂရုဓမ်** တရား(၈)ပါးဖြင့် ရဟန်းပြုခွင့်ပြုတော်မူလေသည်။

ဂရုဓမ် (၈)ပါး ဆိုသည်မှာ -

(၁) ဘိက္ခုနီမသည် ဝါ တစ်ရာရသည် ဖြစ်စေကာမူ ယနေ့ ရဟန်းပြုသော ရဟန်းယောကျ်ားကို ရှိခိုးရမည်၊ အရိုအသေပေးရမည်။
(၂) ဘိက္ခုနီမသည် ရဟန်းယောကျ်ား ကင်းသောကျောင်း၌ ဝါ မဆိုရ။
(၃) ဘိက္ခုနီမသည် လပြည့် လကွယ်နေ့တိုင်း ရဟန်းယောကျ်ားသံဃာ၌ ဥပုသ်မေးရမည်၊ အဆုံးအမ ခံရမည်။
(၄) ဘိက္ခုနီမသည် ဝါကျွတ်သောအခါ ရဟန်းယောကျ်ားသံဃာ (ဘိက္ခုသံဃာ) ရဟန်းမိန်းမသံဃာ(ဘိက္ခုနီသံဃာ)၌ ပဝါရဏာ ပြုရမည်။ (အပြစ်တွေ့က ဆိုဆုံးမရန် ဖိတ်ကြားရမည်။)
(၅) ဘိက္ခုနီမသည် သံဃာဒိသိသ် အာပတ်သင့်လျှင် ဘိက္ခုသံဃာ၊ ဘိက္ခုနီသံဃာ၌ (၁၅)ရက် မာနတ်ကျင့်ရမည်။ (သံဃာမြတ်နိုးအောင် ကျင့်သုံးနေရမည်။)
(၆) နှစ်နှစ်တိုင်တိုင် သိက္ခာပုဒ်ခြောက်ပါးကို ကျင့်သုံးပြီးသော သိက္ခာမာန်ကို ဘိက္ခုသံဃာ၊ ဘိက္ခုနီသံဃာ၌ ရဟန်းပြုရမည်။
(၇) ဘိက္ခုနီမသည် မည်သည့်အကြောင်းကြောင့်မျှ ရဟန်းယောကျ်ားကို မဆဲရေးရ။
(၈) ဘိက္ခုနီမက ရဟန်းယောကျ်ားတို့အား ပြောဆိုခြင်းကို တားမြစ်ရမည်။ ရဟန်းယောကျ်ားတို့က ဘိက္ခုနီမတို့အား ပြောဆိုခြင်းကို မတားမြစ်ရ။

မိထွေးတော်ဂေါတမီသည် ဂရုဓံ(၈)ပါးကို ဝန်ခံရုံဖြင့် ရဟန်းဖြစ်လေသည်။ ကျွန်သာကီဝင်မင်းသမီး (၅၀၀)တို့ကား ရဟန်းယောကျ်ားသံဃာ(ဘိက္ခုသံဃာ)နှင့် ရဟန်းပြုကြလေသည်။ နောင်အခါ သာသနာသို့ ဝင်ကြသော မာတုဂါမများမှာလည်း ဘိက္ခုသံဃာ၊ ဘိက္ခုနီသံဃာ နှစ်ဖက်စုလုံး၌ နှစ်ကြိမ်တိုင် ရဟန်းခံရသည်။

ဘိက္ခု - Bhikkhu, MEMBER OF THE BUDDHIST ORDER

ရဟန်း၊ ဘုန်းကြီး၊ သံသရာဘေးကို ရှုလေ့ရှိသူ။

ဘိက္ခုနီ - Bhikkhuni, ORDER OF BHIKKHUNIS

ဘိက္ခုနီမ၊ ရဟန်းမ။

ဗုဒ္ဓမြတ်စွာဘုရားသည် ဝါကျွတ်သောအခါတွင် ရာဇဂြိုဟ်ပြည်သို့ ပြန်ကြွတော်မူလျက် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူသည်။ ဗိမ္ဗိသာရမင်းကြီး၏ မိဖုရား **ခေမာ** သည် မြတ်စွာဘုရား၏ တရားတော်ကို နာရသဖြင့် လူဝတ်အဖြစ်ပင် ရဟန္တာအဖြစ်သို့ ရောက်ပြီး ရဟန်းပြုလေသည်။ ***ဝိသာခါ***သူဌေးကြီး၏ဇနီး ***ဓမ္မဒိန္နာ***၊ ***ဝိပ္ပလိ***(ရှင်မဟာကဿပ)၏ဇနီး ***ဘဒ္ဒကာပိလာနီ***တို့လည်း ရဟန်းပြုကြသည်။ ကပိလဝတ်ပြည်မှ ***ဇနပဒကလျာဏီ*** နှင့် ရာဟုလာ၏ မယ်တော် **ယသော်ဓရာ** မိဖုရားတို့လည်း ရာဇဂြိုဟ်သို့ လိုက်လာပြီး ရဟန်းပြုကြသည်။ ဝါဆိုချိန် နီးသောအခါ မဟာသက္ကရာဇ်(၁၀၈) ခုနှစ် ရာဇဂြိုဟ်ပြည်၌ **ဆဋ္ဌမ** ဝါဆိုတော်မူသည်။

●

**အရှေ့ဘက်ကောင်းကင်**

**ဂေါတမီ** - "ဘိက္ခုတို့ ညဉ့်၏အပိုင်းအခြားကို သိကုန်သော ငါ၏ သာဝိကာဘိက္ခုနီတို့တွင် မဟာဂေါတမီသည်အမြတ်ဆုံး ဖြစ်၏" (တေဒဂ်ရ ဘိက္ခုနီဆု)

**ခေမာ** - "ဘိက္ခုတို့ ကြီးမြတ်သော ပညာနှင့် ပြည့်စုံကုန်သော ငါ၏ သာဝိကာဘိက္ခုနီတို့တွင် ခေမာသည် အမြတ်ဆုံး ဖြစ်၏" (တေဒဂ်ရ ဘိက္ခုနီဆု)

**ဓမ္မဒိန္နာ** - "ဘိက္ခုတို့ တရားဟောကုန်သော ငါ၏ သာဝိကာဘိက္ခုနီတို့တွင် ဓမ္မဒိန္နာသည် အမြတ်ဆုံး ဖြစ်၏" (တေဒဂ်ရ ဘိက္ခုနီဆု)

**ဘဒ္ဒကာပိလာနီ** - "ဘိက္ခုတို့ ရှေး၌ နေဖူးသော ခန္ဓာအစဉ်ကို အောက်မေ့နိုင်ကုန်သော ငါ၏ သာဝိကာဘိက္ခုနီတို့တွင် ဘဒ္ဒကာပိလာနီသည် အမြတ်ဆုံး ဖြစ်၏" (တေဒဂ်ရဘိက္ခုနီဆု)

**ဝိသာခါ** - "ဘိက္ခုတို့ လှူဒါန်းခြင်း၌ မွေ့လျော်ကုန်သော ငါ၏ သာဝိကာ ဥပါသိကာတို့တွင် မိဂါရမာတာ ဝိသာခါသည် အမြတ်ဆုံး ဖြစ်၏" (တေဒဂ်ရ ဥပါသိကာဆု)

**အောင်ခြင်းရှစ်ပါးမှ သစ္စက ပရိဗိုဇ်ကို အောင်မြင်တော်မူခြင်း**

ဗုဒ္ဓဘုရား ပွင့်တော်မမူမီကပင် ဝေသာလီပြည်၌ ကြွယ်ဝသော အမျိုးသားတစ်ယောက် ရှိသည်။ ***နိဂဏ္ဌ*** အယူရှိသောသူတို့ထံတွင် ပညာသင်ကြားသဖြင့် ဝါဒအမျိုးပေါင်း (၅၀၀)ကို တတ်မြောက်သည်။

မိမိနေအိမ်အရပ် ဝေသာလီပြည်သို့ ပြန်လာပြီး မိမိတတ်မြောက်ခဲ့သော ဝါဒအား လိစ္ဆဝီမင်းသားတို့ကို သင်ကြား၍ မင်းဆရာပြုလေ၏။ မကြာမီ ***နိဂဏ္ဌ အယူရှိသော ပရိဗိုဇ်မ***သည်လည်း ဝေသာလီပြည်သို့ ရောက်ရှိလာသည်။ ထိုပရိဗိုဇ်မသည်လည်း အယူဝါဒ(၅၀၀)ကို တတ်မြောက်လေသည်။ သူတို့နှစ်ဦး ဝါဒပြိုင်ရာ တစ်ဦး၏ ပြဿနာကို တစ်ဦး မဖြေနိုင်ဘဲ ပညာတူဖြစ်နေကြသည်။ ဤသို့ဖြင့် ***နိဂဏ္ဌယောကျ်ားနှင့် နိဂဏ္ဌမိန်းမ***တို့ ထိမ်းမြားလက်ထပ်ကြ၏။ သမီးကြီး(၄)ယောက်နှင့် သားအငယ် သစ္စက ဟူ၍ သားသမီး(၅)ယောက် မွေးဖွားသည်။ မောင်ငယ် သစ္စကသည် အစ်မတို့ထက် ပို၍ ဝါဒကျွမ်းသည်။ အဖ၏ ဝါဒ (၅၀၀)နှင့် အမိ၏ ဝါဒ(၅၀၀)တို့ကို သင်ယူ၍ ဝါဒ(၁၀၀၀)ကို တတ်ကျွမ်းသည်။ ထိုသစ္စကသည် ဝေသာလီပြည်သို့ မြတ်စွာဘုရား ရောက်လာလျှင် ဝါဒပြိုင်မည်ဟု ကြံရွယ်ထားသည်။ ထိုအချိန်၌ မြတ်စွာဘုရားသည် ဝေဠုဝန်တောရှိ ***ကူဋာဂါရ***ကျောင်း၌ သီတင်းသုံးတော်မူသည်။ မကြာမီ သစ္စကပရိဗိုဇ်သည် မြတ်စွာဘုရား ရှေ့မှောက်သို့ ရောက်ရှိလာပြီး သစ္စကပရိဗိုဇ်က ဘုရားရှင်အား **'အရှင်ဂေါတမ. . . တပည့်သာဝကတို့ကို မည်သို့ ဆုံးမတော်မူပါသနည်း၊ အကျွန်ုပ် သိလိုပါသည်'** ဟူ၍ လျှောက်၏။

ဘုရားရှင်က **'ငါ၏ တပည့်သာဝကတို့အား လောက၌ လူနတ်ဗြဟ္မာ သတ္တဝါဟု သတ်မှတ်ကြသည်ကား ခန္ဓာငါးပါး၏အစုသာ ဖြစ်သည်'** ဟူ၍ ဖြေကြားလေသည်။ သစ္စကကလည်း

အခြားသူများကို လွှဲချခြင်းငှာ မတတ်ရသည်ကား **'အရှင်ဂေါတမ အကျွန်ုပ်လည်း ဤရုပ်, နာမ်, ခန္ဓာကို ငါ၏ကိုယ်ဟု အယူရှိပေသည်'** ဟု ဆို၏။ ဤသို့ အမေးအဖြေ ပြုလုပ်ရင်း နောက်ဆုံးတွင် သစ္စကပရိဗိုဇ်လည်း **'အရှင်၏ ဝါဒကို အသက်ရှင်သမျှ ယုံမှတ်ကိုးကွယ်ပါတော့မည်'** ဟု ဝန်ခံလျှောက်ထား၍ မြတ်စွာဘုရားသည် ပရိဗိုဇ်အား ချွတ်တော်မူနိုင်ခြင်းဖြင့် အောင်မြင်တော်မူလေသည်။

**သစ္စံ ဝိဟာယ အတိသစ္စကဝါဒကေတုံ၊ ဝိဒါဘိရောပိတမန့် အတိအန္ဓဘူတံ။**

**ပညာပဒီပဇလိတော ဇိတဝါ မုနိန္ဒော၊ တံတေဇသာ ဘဝတု မေ ဇယမင်္ဂလာနိ။**

*မှန်သောစကားကို ပယ်၍ မမှန်ကို အမှန်လုပ်ကာ ဝါဒများကို တံခွန်အလား လွှင့်ထူသွားသူ၊ မိမိ၏ဝါဒဖြင့် သူတစ်ပါးတို့အား နှိမ်နင်းလိုသော စိတ်ထားရှိသူ၊ အလွန်မိုက်မဲသည့် ကူဒန္တခေါ်သော သစ္စကပရိဗိုဇ်ကို မြတ်စွာဘုရားသည် ပညာတန်ဆောင်ဆီမီးရောင်ကို ညှိထွန်းတော်မူခြင်းဖြင့် အောင်တော်မူလေပြီ။ သစ္စကပရိဗိုဇ်ကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေ။*

●

**သာဝတ္ထိပြည်သို့ ကြွခြင်း(ဆဋ္ဌမ ဝါဆိုတော်မူသည်)**
**(ရာဇဂြိုဟ်ပြည်အနီး မကုလတောင်ချယားတောကျောင်းတိုက်)**
**(မဟာသက္ကရာဇ် ၁၀၈ ခုနှစ်) B.C. - 584**

ထိုနှစ် (၁၀၈)ခုနှစ် ဝါဆိုခါနီးသောအခါ ဗုဒ္ဓမြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်အနီး မကုလတောင် ချယားတောကျောင်းတိုက်၌ **ဆဋ္ဌမ** ဝါဆိုတော်မူသည်။ ဝါကျွတ်၍ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတိုက်သို့ ပြန်လည် သီတင်းသုံးတော်မူလေသည်။ သာဝတ္ထိပြည်မှ ***အနာထပိဏ်သူဌေး***သည် ရာဇဂြိုဟ်ပြည်ရှိ ***ဝိသာလသူဌေး***ထံသို့ အရောင်းအဝယ်ကိစ္စဖြင့် လာလေရာ ဝိသာလသူဌေးသည် မြတ်စွာဘုရားနှင့်တကွ သံဃာတော်များကို ဆွမ်းကျွေးရန် စီမံချက်ပြုတ်နေသည်ကို တွေ့ရသဖြင့် မေးကြည့်ရာ ဝိသာလသူဌေးက **'မြတ်စွာဘုရားနှင့်တကွ သံဃာတော်များကို ဆွမ်းကျွေးမည်'** ဖြစ်ကြောင်း ပြောကြားလေသည်။ ထို့ကြောင့် အနာထပိဏ်သူဌေးမှာ မြတ်စွာဘုရားကို ချက်ချင်းပင် ဖူးမြော်လိုစိတ် ဖြစ်ပေါ်လာပေသည်။ နောက်တစ်နေ့ မိုးလင်းသောအခါ မြတ်စွာဘုရား သီတင်းသုံးတော်မူရာသို့ လာခဲ့ပေသည်။ မြတ်စွာဘုရားသည် မဝေးမနီးမှ လာနေသော အနာထပိဏ်သူဌေးကို ***'သုဒတ္တ လာခဲ့လော့'***ဟု ငယ်နာမည်ကို ထုတ်ဖော်၍ ခေါ်တော်မူသည်။ ထို့နောက် တရားတော်ကို နာရသဖြင့် သောတာပန် တည်လေ၏။ ဝိသာလသူဌေးကြီး ဆွမ်းကျွေးပြီးသောအခါ နောက်တစ်နေ့၌ အနာထပိဏ်သူဌေးသည် မြတ်စွာဘုရားကို သံဃာတော်

များနှင့်တကွ ဆွမ်းကျွေး၍ သာဝတ္ထိပြည်သို့ ကြွရောက်၍ သီတင်းသုံးတော်မူပါရန် ပင့်လျှောက်လေ၏။ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်တွင် သင့်လျော်သလောက်နေပြီး သာဝတ္ထိပြည်သို့ ကြွတော်မူလေသည်။

## ဇေတဝန်ကျောင်းတိုက်

ရာဇဂြိုဟ်ပြည်နှင့် သာဝတ္ထိပြည်သည် (၄၅)ယူဇနာ ကွာဝေးသည်။ အနာထပိဏ်သူဌေးသည် ပြန်ရောက်စကာလ၌ သာဝတ္ထိပြည်သို့ မြတ်စွာဘုရားနှင့် သံဃာတော်များ သီတင်းသုံးတော်မူရန်အတွက် ကျောင်းတော်ကြီးကို စတင်၍ စီမံဆောက်လုပ်စေတော့သည်။ ***ဇေတမင်းသား၏ဥယျာဉ်(ဇေတဝန)***ကို ဥယျာဉ်မြေရှိသရွေ့ ငွေအပြည့်ခင်းပြီး တစ်ဆယ့်ရှစ်ကုဋေသော ငွေဖြင့် ဝယ်ယူကာ တစ်ဆယ့်ရှစ်ကုဋေ အကုန်အကျခံသော ကျောင်းတော်ကြီးကို လက်သမားပေါင်း(၁၀၀၀)ဖြင့် ဆောက်လုပ်လေ၏။ ***ဇေတဝန်ကျောင်း***ဟူ၍ ခေါ်သည်။ ဗုဒ္ဓသာသနာတော်၌ အထင်ရှားဆုံး ကျောင်းတော်ကြီး ဖြစ်သည်။

●

အနာထပိဏ် သူဌေးကြီးသည် မြတ်စွာဘုရားနှင့် သံဃာတော်များ သာဝတ္ထိပြည်သို့ ရောက်သောအခါတွင် ဇေတဝန်ကျောင်းကြီးလည်း ဆောက်လုပ်ပြီးစီး၍ မြတ်စွာဘုရားအား

ဇေတဝန်ကျောင်းသို့ ကြွရောက်ပါရန် လျှောက်ထားပင့်ဆောင်လေ၏။ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းသို့ရောက်ပြီး (၂)ရက်ကြာသောအခါ ဇေတဝန်ကျောင်းကြီးကို မြတ်စွာဘုရား ညွှန်ကြားတော်မူသည့်အတိုင်း လှူဒါန်းပါ၏ဟုဆို၍ မြတ်စွာဘုရားထံ၌ ရေစက်သွန်းချ လှူဒါန်းလေသည်။ ထိုနေ့မှစ၍ ကျောင်းရေစက်ချပွဲကြီးကို (၉)လတိုင်တိုင် ကျင်းပလေသည်။ ကျောင်းရေစက်ချ အလှူပွဲကြီးမှာလည်း တစ်ဆယ့်ရှစ်ကုဋေပင် ကုန်ကျ၏။ ဥယျာဉ်မြေဝယ်ခ ဆယ့်ရှစ်ကုဋေ၊ ကျောင်းတော်ဆောက်လုပ်ခြင်းအတွက် ဆယ့်ရှစ်ကုဋေ၊ ကျောင်းရေစက်ချပွဲအတွက် ဆယ့်ရှစ်ကုဋေ၊ စုစုပေါင်း ငါးဆယ့်လေးကုဋေ ဖြစ်၏။ ဗုဒ္ဓမြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူစဉ်အခါ၌ပင် ***ဥပ္ပလဝဏ်*** သည် သာသနာတော်၌ ရဟန်းပြုလေသည်။ သာဝတ္ထိပြည်ကို အုပ်ချုပ်သော ***ကောသလ***မင်းကြီးလည်း မြတ်စွာဘုရားထံ ခိုလှုံဆည်းကပ်လာသည်။ ***စူဠအနာထပိဏ်၊ မလ္လိကာ၊ သုပ္ပဝါသာ*** စသည့်ပုဂ္ဂိုလ်များလည်း ကိုးကွယ်ဆည်းကပ်ကြလေသည်။

***အနာထပိဏ်သူဌေး*** - *"ဘိက္ခုတို့၊ လှူဒါန်းခြင်း၌ မွေ့လျော်ကုန်သော ငါ၏ သာဝကဥပါသကာတို့တွင် သုဒတ္တ အနာထ ပိဏ္ဍိက သူကြွယ်သည် အမြတ်ဆုံး ဖြစ်၏"*

*(ဧတဒဂ်ရ ဥပါသကာဆု)*

***သုပ္ပဝါသာ*** - *"ဘိက္ခုတို့၊ မွန်မြတ်သော ဝတ္ထုကို ပေးလှူတတ်သော ငါ၏ သာဝကဥပါသိကာတို့တွင် ကောလိယ မင်းသမီး သုပ္ပဝါသာသည် အမြတ်ဆုံးဖြစ်၏"*
*(ဧတဒဂ်ရ ဥပါသိကာဆု)*

●

## တန်ခိုးပြာဋိဟာပြခြင်း

ထိုနှစ်(၁၀၉) ဝါဆိုချိန်နီးသောအခါ တိတ္ထိများသည် မြတ်စွာဘုရားနှင့် တန်ခိုးပြိုင်ရန် သာဝတ္ထိပြည်၌ မဏ္ဍပ်ကြီး ဆောက်လုပ်ကြသည်။ ထိုသို့ တန်ခိုးပြိုင်ရန်အတွက် မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်မှ ကြွသောအခါမှပင် နောက်ယောင်ခံ လိုက်လာကြခြင်း ဖြစ်သည်။ မြတ်စွာဘုရား ရာဇဂြိုဟ်ပြည်၌ သီတင်းသုံးတော်မူစဉ် သူကြွယ်တစ်ဦးသည် ဝါးလုံးများကို အတောင်(၆၀)မြင့်အောင် ဆက်၍ အဖျားတွင် **စန္ဒကူးသပိတ်**ကို ချိတ်ဆွဲထားပြီး ***'လောက၌ ရဟန္တာပုဂ္ဂိုလ်ရှိက ဤသပိတ်ကို တန်ခိုးဖြင့် ယူစေသတည်း'*** ဟု ကြေညာလေသည်။ ထိုသပိတ်ကို ***ရှင်ပိဏ္ဍောလ***က တန်ခိုးဖြင့် ယူဆောင်လေသည်။ ထိုအကြောင်းကို မြတ်စွာဘုရားက သိသဖြင့် ***'ရဟန်းများသည် တန်ခိုးမပြရ'*** ဟု ပညတ်တော်မူခဲ့လေသည်။ ထိုပညတ်တော်မူခြင်းကို အခွင့်ကောင်းယူ၍ တိတ္ထိတို့သည် မြတ်စွာဘုရားနှင့် တန်ခိုးပြိုင်လိုကြောင်း ကြေညာလေသည်။ မြတ်စွာဘုရားသည် ***သရက်ဖြူပင်ရင်း***၌ တန်ခိုးပြမည်ဟု ဆိုသဖြင့် တိတ္ထိများသည် သရက်ဖြူပင် ဟူသမျှ ဖျက်ဆီးကြလေသည်။

ဝါဆိုလပြည့်နေ့သို့ ရောက်သောအခါ မြတ်စွာဘုရားသည် **ကဏ္ဍာ**မည်သော ဥယျာဉ်မှူးက ဆက်ကပ်သည့် သရက်ဖြူသီးကို ဘုဉ်းပေးသုံးဆောင်၍ အစေ့ကို ဥယျာဉ်မှူး ကဏ္ဍာကိုပင် အပင်စိုက်ခိုင်းတော်မူရာ မြတ်စွာဘုရား၏ တန်ခိုးကြောင့် ချက်ချင်းအပင်ပေါက်ကာ သရက်ဖြူပင်ကြီး ဖြစ်လာလေသည်။ **တိတ္ထိတို့၏** မဏ္ဍပ်ကြီးသည်လည်း လေကြီး မိုးကြီး တိုက်ခိုက်ရွာသွန်းသဖြင့် ပြိုကျပျက်စီး၍ ထွက်ပြေးကြရလေ၏။ မြတ်စွာဘုရား တန်ခိုးတော်ပြမည့်သတင်းကို ကြားသိသဖြင့် ပရိသတ်အပေါင်းတို့မှာ သာဝတ္ထိမြို့အတွင်း ပြည့်ကျပ်နေလေတော့၏။ မြတ်စွာဘုရားသည် ပရိသတ်ကြီး၏ အထက်ကောင်းကင်၌ အရှေ့မှ အနောက်သို့ ကြည့်၍မဆုံးသော ရတနာစင်္ကြံကြီးကို ဖန်တီးပြီး စင်္ကြံထက်သို့တက်ကာ လူးလာခေါက်တုံ့လျှောက်လျက် တန်ခိုးပြာဋိဟာကို ပြတော်မူလေသည်။

●

## တာဝတိံသာ နတ်ပြည်သို့ ကြွတော်မူခြင်း(သတ္တမ ဝါဆိုတော်မူသည်)
## (ပင်လယ်ကသစ်ပင်ရင်း ခင်းအပ်ထားသော ပဏ္ဍုကမ္ဗလာမြကျောက်ဖျာထက်၌ အဘိဓမ္မာတရား ဟောတော်မူကာ သတ္တမဝါဆိုတော်မူသည်)
## (မဟာသက္ကရာဇ် ၁၀၉ ခုနှစ်) B.C. - 583

ထိုနှစ်(၁၀၉)ခုနှစ် ရောက်သောအခါ ဗုဒ္ဓမြတ်စွာဘုရားသည် တာဝတိံသာ၌ **သတ္တမ**ဝါဆိုတော်မူ၍ နတ်ဗြဟ္မာ အပေါင်းတို့အား ဝါတွင်း သုံးလပတ်လုံး ***ကုသလာဓမ္မာ၊ အကုသလာဓမ္မာ၊***

***အဗျာကတတာမွှာ*** အစချီသောနည်းဖြင့် ***အဘိဓမ္မာဒေသနာ***ကို ဟောတော်မူလေသည်။ သီတင်းကျွတ်လပြည့် ရောက်သောအခါ မြတ်စွာဘုရားသည် သိကြားမင်းအား လူ့ပြည် ***သင်္ကဿနဂိုရ်***သို့ ဆင်းကြွတော်မူမည်ဟု အမိန့်တော်ရှိကာ ***တာဝတိံသာ သုဒဿန နတ်မြို့တော်*** မှ ***လူ့ပြည် သင်္ကဿနဂိုရ်*** အထိ အလယ်မှ ပတ္တမြား စောင်းတန်း၊ လက်ယာမှ ရွှေစောင်းတန်း၊ လက်ဝဲဘက်မှ ငွေစောင်း တန်း စသည့် စောင်းတန်းလှေကားကြီး သုံးသွယ်ကို ဖန်တီးလေ သည်။ မြတ်စွာဘုရားသည် သတ္တဝါအများ သဒ္ဓါတရား တိုးပွား ထက်သန်စေခြင်းငှာ အားလုံးသော သတ္တဝါများ လောကကြီးတစ်ခု လုံးကို တိုးလျှိုပေါက်မြင်ကြစေရန် တန်ခိုးဖြင့် ဓိဋ္ဌာန်တော်မူပြီး အလယ်ပတ္တမြားစောင်းတန်းဖြင့် ဆင်းကြွတော်မူလေသည်။ လက် ယာဘက် ရွှေစောင်းတန်းမှ ဗြဟ္မာများက ရွှေထီး၊ ငွေထီး၊ သန္တာထီး စသည်တို့ကို မိုးလျက် လက်ဝဲဘက် ငွေစောင်းတန်းမှ နတ်များက ရွှေတံခွန်၊ ငွေတံခွန်၊ သန္တာတံခွန် စသည်တို့ကို ကိုင်ကြလျက် မြတ်စွာဘုရားကို ခြံရံလိုက်ပါကြသည်။ ယင်းသို့ ဆင်းကြွတော်မူ လာသည်ကို လူ့ပြည်ရှိ ပရိသတ်များက အထင်အရှား တွေ့မြင်ကြ သည်။ ထိုအခါ မီးရှူး မီးတိုင်များဖြင့် ဆီးကြိုပူဇော်ကြသည်။ ဤပွဲ တော်ကြီးကို အကြောင်းပြု၍ သီတင်းကျွတ်လပြည့်နေ့၌ မီးထွန်းပွဲ ကျင်းပလေ့ ရှိကြသည်။

ဤသတ္တမဝါ၌ ဗုဒ္ဓသည် တာဝတိံသာနတ်ပြည်သို့ကြွ၍ မယ်တော် နတ်သားအမှူးရှိသော နတ်အပေါင်းတို့အား ဝါတွင်း သုံးလပတ်လုံး အဘိဓမ္မာတရားကို ဟောကြားတော်မူခဲ့သည်။ ထိုသို့

ဟောတော်မူစဉ်မှာပင် လူ့ပြည်သို့ နေ့စဉ် ပြန်ကြွလာပြီး နတ်ပြည်၌ ဟောကြားခဲ့သော တရားအကျဉ်းချုပ်ကို ရှင်သာရိပုတ္တရာအား ပြန်လည်ဟောကြား၏။

တစ်ဖန် ရှင်သာရိပုတ္တရာကလည်း ထိုတရားကို မိမိ၏ တပည့်ဖြစ်သော ရဟန်းငါးရာတို့အား ထပ်ဆင့်ဟောကြားပြန်၏။

ယနေ့ထိ တည်ရှိနေသော အဘိဓမ္မပိဋကသည် ရှင်သာရိပုတ္တရာက တပည့်ရဟန်း ငါးရာတို့အား ဟောကြားခဲ့ပြီး သင်္ဂါယနာ တင်ခဲ့ခြင်း ဖြစ်ပေသည်။

ဗုဒ္ဓမြတ်စွာဘုရား ဟောကြားအပ်သော အဘိဓမ္မာတရားကို နာကြားရသဖြင့် မယ်တော်နတ်သားသည် သောတာပတ္တိဖိုလ်သို့ ရောက်ရှိခဲ့လေသည်။

နတ်ပြည် - Deva loka, CELESTIAL REALM

နတ်ပြည်။ နတ်ပြည်ခြောက်ထပ်ရှိသည်။

၎င်းနတ်ပြည်ခြောက်ထပ်တို့မှာ-

၁။ စာတုမဟာရာဇ် - Cãtumahãrãjika

၂။ တာဝတိံသာ - Tãvatiṃsã

၃။ ယာမာ - Yãmã

၄။ တုသိတာ - Tusitã

၅။ နိမ္မာနရတိ - Nimmãnarati

၆။ ပရနိမ္မိတဝသဝတ္တီ - Paranimmitavasavatti

●



ဗုဒ္ဓမြတ်စွာဘုရား တာဝတိံသာ သုဓမ္မာသဘင် နတ်ပြည်တော် မှ
လူ့ပြည် သင်္ကာသနဂိုရ်သို့ ဆင်းကြွတော်မူနေပုံ

အရှေ့ဘက်ကျောင်းဆောင်



ဗုဒ္ဓမြတ်စွာဘုရား စိဉ္စမာဏ မိန်းမဆိုက်ကို အောင်မြင်တော်မူခြင်း

အခရှူဘက်ကောင်းကောင်

## အောင်ခြင်းရှစ်ပါးမှ စိဉ္စမာဏ မိန်းမမိုက်ကို အောင်မြင်တော်မူခြင်း

မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်၌ ဝါဆိုပြီးသော် သင်္ကဿနဂိုရ်ပြည်သို့ ဆင်းသက်တော်မူကာ သာဝတ္ထိပြည်သို့ ကြွတော်မူလေသည်။ ထိုစဉ် ***စိဉ္စမာဏဝိကာ*** အမည်ရှိသော ***ပရိဗိုဇ်မ*** ၏ ရန်ပြုခြင်းကို ခံရသည်။ မြတ်စွာဘုရားထံတွင် တပည့်သာဝက များ တစ်နေ့တခြား တိုးပွားလာ၍ တိတ္ထိတို့မှာ မှေးမှိန်သွားနေကြ သည်။ ဤသို့ဖြင့် တိတ္ထိတို့သည် ဝန်တိုစိတ်များ ဖြစ်ပေါ်လာကြ သည်။ ထို့ကြောင့် စိဉ္စမာဏအား မြတ်စွာဘုရားကို မကောင်း သတင်း ဖြစ်ပေါ်အောင် ပြုပါလော့ဟု တာဝန်ပေးကြလေသည်။ မြတ်စွာဘုရားနှင့် စိဉ္စမာဏတို့ အထင်မှားခံရအောင် စိဉ္စမာဏက ကိုယ်ဝန်ဆောင် မိန်းမအသွင်ပြုလုပ်၍ လူအများ အထင်မှား အောင် နေထိုင်ပြုမူလေသည်။ ထိုအခါ၌ ထိုဖြစ်ရပ်ကို သိကြားမင်း သိရှိသွားပြီး စိဉ္စမာဏ မိန်းမယုတ်သည် ဘုရားရှင်ကို မဟုတ်မမှန် လုပ်ကြံစွပ်စွဲနေပြီ၊ ပရိသတ်အလယ်၌ အဖြစ်မှန်ကိုသိအောင် ငါ ရှင်းရတော့မည်ဟု ကြံစည်သည်။ နောက်ဆုံး ပရိသတ်တို့သည် လည်း အဖြစ်မှန်ကို သိရှိသွားကြပြီး စိဉ္စမာဏအား ကျောင်းတော်မှ နှင်ထုတ်လိုက်လေသည်။ ဘုရားရှင် မျက်ကွယ်ရာသို့ ရောက်သော အခါ၌ မြေမျိုခံရသည်။ အဝီစိမှ မီးလျှံများသည်လည်း စိဉ္စမာဏ အား ရစ်ပတ်၍ အဝီစိထဲသို့ ခေါ်ဆောင်သွားလေသည်။ အောင် မြင်တော်မူခြင်း တစ်ပါး ဖြစ်သည်။ ***<u>အောင်ခြင်းရှစ်ပါး တစ်ပါးပင်</u>*** ဖြစ်သည်။

**ကတွာန ကဋ္ဌမုဒရံ ဣဝ ဂဗ္ဘိနိယာ၊**
**စိဉ္စာယ ဒုဋ္ဌဝစ နံ ဇနကာယမဇ္ဈေ။**
**သန္တေန သောမဝိဓိနာ ဇိတဝါ မုနိန္ဒော၊**
**တံတေဇ သာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။**

*တရားနာကြသော လူရှင်ရဟန်း ပရိသတ်တို့၏ အလယ်၌ သစ်သားကို ကိုယ်ဝန်ဆောင်မိန်းမ၏ ဝမ်းဗိုက်ကဲ့သို့ အတုပြု၍ လုပ်ဆောင်လာသူ စိဉ္စမာဏဝိကာ အမည်ရှိသော မိန်းမယုတ်၏ မဟုတ်တရား စွပ်စွဲဖျက်ဆီးသော စကားကို မြတ်စွာဘုရားသည် ငြိမ်သက်ဖြူစင် ချမ်းအေးသော အစီအရင်ဖြင့် အောင်တော်မူလေပြီ။ စိဉ္စမာဏ မိန်းမယုတ်ကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေ။*

●

မြတ်စွာဘုရားသည် **သက်သနဂိုရ်**မြို့မှနေ၍ ခရီးဒေသစာရီ ကြွချီတော်မူကာ ***ဘဂ္ဂတိုင်း သံသုမာရဂိရိ***မြို့သို့ ရောက်ရှိလေ၏။ ထိုမြို့၌ရှိသော ***နကုလပိတာ၊ နကုလမာတာ*** သူကြွယ်ဇနီးမောင်နှံသည် မြတ်စွာဘုရားကို မြင်မြင်ချင်း သူတို့မြို့၌ သီတင်းသုံးရန် ပင့်လျှောက်ကြလေသည်။ ပင့်လျှောက်ချက်ကို လက်ခံတော်မူကာ ***ရှစ်ဝါ***မြောက် ဝါဆိုတော်မူသည်။

●

**သံသုမာရဂိရိမြို့သို့ ကြွတော်မူခြင်း(အဋ္ဌမ ဝါဆိုတော်မူသည်)**
**(ဘဂ္ဂတိုင်း၊ သံသုမာရဂိရိမြို့ အနောက် ဘေသကဠာတောအုပ် အတွင်း ဝါဆိုတော်မူသည်)**
**(မဟာသက္ကရာဇ် ၁၁၀ ခုနှစ်) B.C. - 582**

ထိုနှစ်(၁၁၀)ခုနှစ်တွင် ***သံသုမာရဂိရိ***မြို့ အနောက် ***ဘေသကဠာတောအုပ်***အတွင်း၌ ဝါဆိုတော်မူသည်။ ထိုအခါ၌ပင် ဗုဒ္ဓမြတ်စွာဘုရားသည် သံသုမာရဂိရိမြို့၌ အုပ်စိုးသော ဗောဓိမင်းအား ***'ချမ်းသာသုခကို လွယ်ကူစွာ မရနိုင်ကြောင်း၊ ဒုက္ခခံမှ သုခ ခံစားရကြောင်း'*** အစချီသော သိဒ္ဓတ္ထမင်းသားအဖြစ်မှ တောထွက်ပြီး ဆင်းရဲခံကာ ကျင့်ကြံခဲ့ပုံ အလုံးစုံကို ပြန်လည်၍ မိန့်ကြားတော်မူသည်။ ဝါကျွတ်သောအခါ ဒေသစာရီ ကြွချီ၍ အမြို့မြို့ အရွာရွာ၌ တရားဟောတော်မူပြီး သာဝတ္ထိပြည် ဇေတဝန်ကျောင်းသို့ ပြန်ကြွတော်မူလေသည်။ ဇေတဝန်ကျောင်းသို့ ရောက်ရှိ၍ သီတင်းသုံးတော်မူစဉ် ***ကောသမ္ဗီပြည်မှ ဃောသက၊ ကုက္ကုဋ၊ ပါဝါရိက*** အမည်ရှိသော သူဌေးသုံးဦးလည်း လာရောက်ဖူးမြော်ကြသည်။ ထို့နောက် သူဌေးသုံးဦး ဆောက်လုပ်သော ကျောင်း၌ ***နဝမ*** ဝါဆိုတော်မူသည်။

●

ဗုဒ္ဓမြတ်စွာဘုရား၏ တပည့်ရဟန်းများ အဓိကရုဏ်းဖြစ်ခြင်း
(နဝမ ဝါဆိုတော်မူသည်)
**(ကောသမ္ဗီပြည် ဃောသိတာရုံ၊ ကုက္ကုဋာရုံ၊ ပါဝါရိကာရုံ ကျောင်းသုံးကျောင်း၌ ဝါဆိုတော်မူသည်)**
**(မဟာသက္ကရာဇ် ၁၁၁ ခုနှစ်) B.C. - 581**

သူဌေးသုံးဦး ဆောက်လုပ်သည့် ကောသမ္ဗီပြည် ***ဃောသိတာရုံ၊ ကုက္ကုဋာရုံ၊ ပါဝါရိကာရုံ*** ကျောင်းသုံးကျောင်းတို့၌ **နဝမ** ဝါဆိုတော်မူသည်။ ဝါကျွတ်သောအခါ အထက်ပါကျောင်းများ၌ပင် ဆက်လက်သီတင်းသုံးတော်မူစဉ် တပည့်ရဟန်း အချင်းချင်း ***ငြင်းခုံမှု အဓိကရုဏ်း*** ဖြစ်ပွားခဲ့သည်။ အဓိကရုဏ်း ကြီးကျယ်လာပြီး နှစ်စု ကွဲသွားလေသည်။ ဗုဒ္ဓမြတ်စွာဘုရားရှင်က ဟောပြောဆုံးမသော်လည်း ရဟန်းများက နားမထောင်ကြသဖြင့် ***ကောသမ္ဗီပြည်*** မှ ခုနစ်ယူဇနာခန့်ကွာသော **ဗာလကလောဏရွာ**သို့ တစ်ပါးတည်း ထွက်ခွာသွားတော့လေသည်။ ထိုရွာ၌ တစ်ပါးတည်းနေလျက် ***ဘဂုမထေရ်***အား တစ်ပါးတည်း ကျင့်သုံးနေထိုင်မှုဝတ်ကို ဟောကြားကာ ထိုရွာ၏ အရှေ့ဘက်ရှိ ***ပါစီနဝံသတော***သို့ ဆက်လက်ကြွတော်မူလေသည်။ ထိုတော၌ ***အရှင်အနုရုဒ္ဓါ၊ အရှင်နန္ဒိယ၊ အရှင်ကိမိလ*** မထေရ်တို့သည် အချင်းချင်း ညီညွတ်စွာ သီတင်းသုံးနေထိုင်လျက် ရှိကြသည်။ အချင်းချင်း ညီညွတ်စွာ နေထိုင်ခြင်း အကျိုးကို ဟောကြားတော်မူလျက် ***ပါလိလေယျကတော(ပလလည်းတော)***သို့ ကြွကာ **ဒသမ**မြောက် ဝါဆိုတော်မူလေသည်။

## ပါလိလေယျကတော(ပလလည်းတော)(ဒသမ ဝါဆိုတော်မူသည်) (မဟာသက္ကရာဇ် ၁၁၂ ခုနှစ်) B.C. - 580

ထိုနှစ် (၁၁၂)ခုနှစ်တွင် ပလလည်းတော၌ တစ်ပါးတည်း ဝါဆိုတော်မူသည်။ ဗုဒ္ဓမြတ်စွာဘုရားအား ***ပလလည်း ဆင်မင်း***က သစ်သီးကြီးငယ် ရှာဖွေဆက်ကပ်ခြင်းဖြင့် ဝတ်ကြီးဝတ်ငယ် ပြုစုလေသည်။ သာဝတ္ထိပြည်မှ **အနာထပိဏ်**သည် အံမိကရဟန်းငြိမ်းအောင် လုပ်ပေးရန်အတွက် **ရှင်အာနန္ဒာ**အား ဘုရားကိုပင့်ပေးရန် တောင်းပန်လေသည်။ ရဟန်း (၅၀၀)နှင့်တကွ ရှင်အာနန္ဒာသည် ဗုဒ္ဓမြတ်စွာဘုရားထံ လိုက်လာပြီး ပင့်လေသည်။ ဗုဒ္ဓမြတ်စွာဘုရားသည် ဇေတဝန်ကျောင်းသို့ ပြန်လည်ရောက်လာသောအခါ ***ကောသမ္ဗီပြည်***မှ အဓိကရုဏ်းဖြစ်သော ရဟန်းတို့သည် ခေါင်းမဖော်ဝံ့ကြပေ။ မြတ်စွာဘုရားသည် ထိုရဟန်းတို့အား ငြင်းခုံမှု အဓိကရုဏ်းဖြစ်ရခြင်း၏ အပြစ်ကို ဟောပြောဆုံးမတော်မူလေသည်။

**ပရေ စ န ဝိဇာနန္တိ၊ မယမေတ္ထ ယမာမသေ။**
**ယေ စ တတ္ထ ဝိဇာနန္တိ၊ တတော သမ္မန္တိ မေဓဂါ။**

ထိုသို့ တရားဟောတော်မူလေရာ ကောသမ္ဗီရဟန်းအားလုံး သောတာပန် ဖြစ်သွားကြလေသည်။ ဗုဒ္ဓမြတ်စွာဘုရားသည် သာဝတ္ထိပြည်မှ ရာဇဂြိုဟ်သို့ ဒေသစာရီ ကြွချီတော်မူပြီး သီတင်းသုံးလျက် သတ္တဝါများကို တရားမေ့ ဟောကြားတော်မူ၍ ***(၁၁)ဝါ***မြောက် ဝါဆိုတော်မူသည်။

အရှေ့ဘက်ကောင်းကင်

## အောင်ခြင်းရှစ်ပါးမှ နန္ဒောပနန္ဒ နဂါးမင်းကို အောင်မြင်တော်မူခြင်း

ဇေတဝန်ကျောင်းတော်၌ အနာထပိဏ်သူဌေးသည် ဘုရားရှင်အား တပည့်ရဟန္တာ(၅၀၀)နှင့်တကွ နေအိမ်သို့ ဆွမ်းဘုဉ်းပေး ကြွတော်မူရန် ပင့်ဖိတ်လေသည်။ ဆွမ်းစား မကြွမီ ဘုရားရှင်သည် လောကဓာတ် စကြဝဠာပေါင်း တိုက်တစ်သောင်းကို ကြည့်ရှုတော်မူလေသော် **နန္ဒောပနန္ဒ နဂါးမင်း**သည် ဉာဏ်တော်၌ ကျွတ်ချိန်ကို မြင်၍ ထင်လာလေသည်။ ဆွမ်းစားချိန် နီးသောအခါ ရဟန်း(၅၀၀)နှင့်အတူ တာဝတိံသာနတ်ပြည်သို့ ကြွတော်မူသည်။ ထိုစဉ် နန္ဒောပနန္ဒ နဂါးမင်းသည် နတ်စည်းစိမ်ကို ခံစားလျက်ရှိသည်။ ဘုရားရှင်နှင့် ရဟန္တာတို့ ကြွသွားသဖြင့် နဂါးမင်း၏ ဦးခေါင်းပေါ်သို့ မြေမှုန့်များ ကျလာသည်။ နဂါးမင်းသည် အမျက်ဒေါသ ဖြစ်၏။ နဂါးမင်းနှင့် အရှင်မောဂ္ဂလာန်တို့ ပညာချင်းပြိုင်ကြရာ နဂါးမင်း အရှုံးပေးလိုက်ရသည်။ ထို့ကြောင့် နဂါးမင်းအား အရှင်မောဂ္ဂလာန်သည် မြတ်စွာဘုရားရှင်၏ ရှေ့တော်သို့ ခေါ်ဆောင်သွားလေသည်။ ဘုရားရှင်သည် နဂါးမင်းအား နဂါးနှင့်လျော်ကပ်သော ဓမ္မကထာဖြင့် ကောင်းစွာဆုံးမတော်မူလေသည်။ နဂါးမင်းလည်း ဥပါသကာအဖြစ် ခံယူတော်မူသည်။ ဤသို့ဖြင့် နန္ဒောပနန္ဒ နဂါးမင်းအား ဗုဒ္ဓမြတ်စွာဘုရား အောင်တော်မူလေသည်။ ဘုရားရှင်လည်း ***'နန္ဒောပနန္ဒ နဂါးမင်းအား သွားရောက်၍ ချွေချွတ်တော်မူရခြင်းကြောင့် နေမြင့်ပေသည်'*** ဟု မိန့်တော်မူကာ ဖြစ်ပုံအလုံးစုံကို ပြန်လည်ဟောကြားတော်မူသည်။ အောင်ခြင်းရှစ်ပါးတွင် တစ်ပါး ဖြစ်၏။

**အရှေ့ဘက်ကောင်းကင်**

**နန္ဒောပနန္ဒဘုဇဂံ ဝိဗိဓံ မဟိဒ္ဓိံ၊ ပုတ္တေန ထေရဘုဇဂေန ဒမာပယန္တော။**

**ဣဒ္ဓူပဒေသဝိဓိနာ ဇိတဝါ မုနိန္ဒော၊ တံတေဇသာ ဘဝတု မေ ဇယမင်္ဂလာနိ။**

*အထူးထူးအပြားပြား တန်ခိုးကြီးမားသော နန္ဒောပနန္ဒ နဂါးမင်းကို မြတ်စွာဘုရားသည် တပည့်သားဖြစ်သူ ရှင်မောဂ္ဂလာန်ကို နှစ်ဆကြီးသော နဂါးအသွင်ဖြင့် အခိုးအလျှံကို လွှတ်စေလျက် တန်ခိုးဖန်ဆင်းခြင်း၌ နည်းညွှန် ဥပဒေပေးသော အစီအရင်ဖြင့် အောင်တော်မူလေပြီ။ နန္ဒောပနန္ဒ နဂါးမင်းကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေ။*

●

## ဗကဗြဟ္မာမင်းကို အောင်မြင်တော်မူခြင်း

မြတ်စွာဘုရားရှင်သည် ဇေတဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် မိစ္ဆာဒိဋ္ဌိ အယူရှိသော ဗကဗြဟ္မာမင်းနှင့် ခုနစ်ကျိပ်နှစ်ပါးသော ဗြဟ္မာတို့ကို ဟောပြောချွတ်ချွတ်ရန် မြင်တော်မူသည်။ သို့ဖြင့် ဗြဟ္မာပြည်သို့ ကြွတော်မူ၍ ဟောပြော ချွတ်ချွတ်တော်မူခဲ့သည်။ ဗကဗြဟ္မာကြီးသည် ရှေးအခါ တစ်ခုသောကမ္ဘာဝယ် လူတို့နေရာ ဗာရာဏသီပြည်၌ **ကေသဝ** မည်သော ပုဏ္ဏားသူကြွယ် ဖြစ်ခဲ့သည်။ အိမ်ရာထောင်မှု၏ အပြစ်ကို မြင်သဖြင့် ရသေ့ပြုလေ

သည်။ စတုတ္ထကသိုဏ်းကိုရှု၍ လောကီဖြစ်သော ဈာန်သမာပတ်တို့ကို မပြတ်ကြိုးစားလေ့လာသည်။ ထိုစဉ်အခါက ဂေါတမဘုရားလောင်းသည် ကေသဝရသေ့၏ အန္တေဝါသိကတပည့် ဖြစ်ဖူးသည်။ ဘုရားရှင်သည် ကေသဝမည်သော ပုဏ္ဏားသူကြွယ်ဖြစ်စဉ်ဘဝမှစ၍ ဗကဗြဟ္မာကြီး၏ ရှေးဟောင်းဖြစ်စဉ်ကို ဟောတော်မူသည်။ ဗကဗြဟ္မာကြီး၏ မေးတိုင်းကိုလည်း ဖြေတော်မူ၏။ ထို့နောက် ပုန်းကွယ်ပျောက်လျှို တန်ခိုးပြိုင်ခြင်း ပြုလုပ်ကြသည်။ ဘုရားရှင်သည် ဗကဗြဟ္မာနှင့်တကွ ဗြဟ္မာ့ပရိသတ်၊ ဗြဟ္မာ့အခြွေအရံတို့ မျက်မှောက်၌ တန်ခိုးဖြင့် ကိုယ်ပျောက်ကွယ်၍ ဖုံးကွယ်ပြ၏။ ထိုအခါမှသာ ဗကဗြဟ္မာတို့သည် မိစ္ဆာအယူကိုပယ်၍ သမာအယူကို ပြောင်းလဲကြသည်။ ဘုရားရှင်သည် ဗကဗြဟ္မာကြီးနှင့် ဗြဟ္မာအားလုံးအား သစ္စာလေးပါးကို ဟောပြော၍ ပြန်လည်ကြွသွားတော်မူသည်။ ဘုရားရှင်၏ အောင်မြင်ခြင်းတစ်ပါး ဖြစ်သည်။

<u>***အောင်ခြင်း ရှစ်ပါး တစ်ပါး***</u>ပင် ဖြစ်သည်။

**ဒုဂ္ဂါဟဒိဋ္ဌိဘုဇဂေန သုဒဋ္ဌဟတ္ထံ၊ ဗြဟ္မံ သုတံ ဇုတိမဟိဒ္ဓိ ဗကာဘိဓာနံ။**

**ဉာဏာဂဒေန ဝိဓိနာ ဇိတဝါ မုနိန္ဒော၊ တံတေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။**

*မကောင်းသောအယူ မိစ္ဆာဒိဋ္ဌိ မြွေဆိုးလက်၌ ကိုက်ခဲခြင်းခံရသူ၊ ကျော်စော၍ ထွန်းလင်းတောက်ပသော ကြီးမားသော တန်ခိုးရှင် ဗကဗြဟ္မာကြီးကို မြတ်စွာဘုရားသည် ဉာဏ်တော်တည်း*

ဟူသော အဆိပ်ဖြေဆေး အစီအရင်ဖြင့် အောင်တော်မူလေပြီ၊ ဇဂကပြဟ္မာကြီးကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေ။

●

**ဗုဒ္ဓမြတ်စွာဘုရားနှင့် လယ်သမား(ကောဒသမ ဝါဆိုတော်မူသည်) (၁၁ - ဝါ)**

**(မဂဇတိုင်း၊ ရာဇဂြိုဟ်မြို့မှ သုံးဂါဝုတ်(ငါးမိုင်ကျော်ခန့်)နာဠမည်သော ပုဏ္ဏားရွာ၊ *ဒက္ခိဏာဂိရိကျောင်း*တိုက်၌ ဝါဆိုတော်မူသည်)**

**(မဟာသက္ကရာဇ် ၁၁၃ ခုနှစ်) B.C. - 579**

ထိုနှစ် (၁၁၃)ခုနှစ်တွင် ဗုဒ္ဓမြတ်စွာဘုရားသည် ***နာဠရွာ***၌ သီတင်းသုံးတော်မူစဉ်အခါက ထိုရွာသားဖြစ်သော ***ကသိဘာရဒွါဇ*** အမည်ရှိသော လယ်သမားပုဏ္ဏားကြီးကို လယ်ထွန်တရား ဟောတော်မူသည်။ တစ်နေ့သောအခါတွင် ထိုလယ်သမားပုဏ္ဏားကြီးသည် ထွန်တုံးပေါင်း ငါးရာဖြင့် လယ်ထွန်ပွဲ ပြုလုပ်လေ၏။ ဗုဒ္ဓသည် နာဠရွာ၌ သီတင်းသုံးစဉ် လယ်သမားပုဏ္ဏားကြီး ကသိဘာရဒွါဇ၏ လယ်ထွန်ပွဲသို့ ကြွသွားသည်။ တရားတော်ကို လယ်လုပ်ငန်းနှင့် ဥပမာပြုကာ ဟောကြားတော်မူသည်။ ***'ပုဏ္ဏားကြီး၊ မည်သူမဆို စပါးမျိုးစေ့ကြဲ၍ ထွန်ယက်စိုက်ပျိုးသကဲ့သို့ သဒ္ဓါမျိုးစေ့ကြဲ၍ ကြိုးစားကျင့်ဆောင်ပါက အမြိုက်နိဗ္ဗာန်အသီးကို ရနိုင်သည်'*** ပုဏ္ဏားကြီးလည်း အကျွတ်တရား ရသွားလေသည်။



ဗုဒ္ဓမြတ်စွာဘုရား လယ်သမားပုဏ္ဏားကြီးအား လယ်ထွန်တရားဟောတော်မူစဉ်

အရှေ့ဘက်ကောင်းကင်

ဗုဒ္ဓသည် လယ်ယာနှင့် လယ်လုပ်ငန်းကို မြတ်နိုးသည်။ လယ်သမားများကိုသာမက ရဟန်း သံဃာများနှင့် အခြားသူများကို ထရားဟောရာတွင် လယ်ယာနှင့် လယ်လုပ်ငန်းကို ဥပမာပေး၍ ဟောတော်မူလေ့ရှိသည်။ ထို့ပြင် သင်္ကန်းကိုပင် လယ်ကွက်ပုံသဏ္ဌာန်အခန်းအကွက်ချုပ်၍ ရဟန်းများ ဝတ်ရုံရန် ပညတ်တော်မူခဲ့သည်။

●

## လယ်ဥပမာတရား

တစ်ခါသော် ရဟန်းရှင်လူများအား ဗုဒ္ဓက 'စပါးစိုက်ပျိုးမည်ဆိုလျှင် လယ်ကွက်ကို ကြည့်ပါ၊ ထိုလယ်ကွက်၌ မြေသား မညီမညာ နိမ့်တုံမြင့်တုံရှိခြင်း၊ ကျောက်စရစ် ကျောက်ခဲများရှိခြင်း၊ ဆယ်ပြာပေါက်ခြင်း၊ ထွန်ကြောင်းရာ မနက်ခြင်း၊ ရေဝင်ပေါက် မရှိခြင်း၊ ရေထွက်ပေါက် မရှိခြင်း၊ ရေသွင်းရေမြောင်း မရှိခြင်း၊ ကန်သင်းရိုး ဖွဲ့စည်းမှု မရှိခြင်း ဟူသော ၈ ကျွဏာရှစ်မျိုးကို တွေ့ရသော် မစိုက်ပျိုးလေနှင့်၊ အချည်းနှီးသော လယ်ကွက်ဖြစ်၏။ မကောင်းသော လယ်ယာမြေ ဖြစ်၏။ မျိုးစေ့ကုန်၍ လူပန်းရုံသာရှိမည်။ ထို့အတူ လူတို့တွင်လည်း လက္ခဏာရှစ်မျိုးနှင့် ယှဉ်သည်၊ မယှဉ်သည်ကို ဆင်ခြင်စိစစ်ရာ၏။ ထိုလက္ခဏာရှစ်မျိုးကား မမှန်သော အသိအမြင် အယူအဆ၊ မမှန်သော ကြံစည်တွေးတောမှု၊ မမှန်သော စကားပြောဆိုမှု၊ မမှန်သော လုပ်ကိုင်ဆောင်ရွက်မှု၊

မမှန်သော အသက်မွေးဝမ်းကျောင်းမှု၊ မမှန်သော အားထုတ်မှု၊ မမှန်သော ဆင်ခြင်အောက်မေ့မှု၊ မမှန်သော တည်ကြည်စွဲမြဲမှုတို့ ဖြစ်၏။ ဤလက္ခဏာရှစ်မျိုးနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် အချည်းနှီးသောပုဂ္ဂိုလ် ဖြစ်၏။ မကောင်းသောပုဂ္ဂိုလ် ဖြစ်၏။ ထိုပုဂ္ဂိုလ်အား ဆည်းကပ်ခြင်း၊ ပေးကမ်းကူညီခြင်း၊ ပေါင်းသင်းဆက်ဆံခြင်းပြုသော်လည်း အကျိုးမရှိနိုင်၊ အကျိုးမဲ့သာလျှင် ရှိလိမ့်မည်' ဟူ၍ လယ်မြေနှင့် ဥပမာပြုကာ ဟောကြားဆုံးမတော်မူသည်။

ဗုဒ္ဓမြတ်စွာဘုရားသည် '**နာဠပုဏ္ဏားရွာ**၌ ဝါဆိုပြီး ဝါကျွတ်သောအခါ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းသို့ ကြွချီတော်မူသည်။ ဝေဠုဝန်ကျောင်းမှ တစ်ဖန် ဒေသစာရီ ကြွချီတော်မူလေရာ ဝါလနီးသောအခါ ***ဝေရဉ္ဇာပြည်***သို့ ရောက်လေသည်။ ဝေရဉ္ဇာပြည်၌ ပစ္စည်းဥစ္စာ အလွန်ကြွယ်ဝ၍ ထင်ရှားသော ပုဏ္ဏားမျိုး သူကြွယ်ကြီးသည် မြတ်စွာဘုရားထံ ချဉ်းကပ်၍ သူရှေးက ကြားဖူးသည့်အတိုင်း မြတ်စွာဘုရားအား အမျိုးမျိုး စွပ်စွဲလျှောက်ထားလေ၏။ မြတ်စွာဘုရားက ပုဏ္ဏားကြီး စွပ်စွဲသမျှကို ဖြေကြားတော်မူလေသည်။ ပုဏ္ဏားကြီးသည် အလွန်ကျေနပ်လှသောကြောင့် မြတ်စွာဘုရားကို သံဃာတော်(၅၀၀)နှင့်တကွ ဤဝေရဉ္ဇာမြို့၌ ဝါဆိုသီတင်းသုံးတော်မူရန် လျှောက်ထားလေသည်။

●

## ဝေရဉ္စာပြည်၌ ဒုဗ္ဘိက္ခန္တရကပ်ကြီးဆိုက်ခြင်း
## (ဒွါဒသမဝါဆိုတော်မူသည်)(၁၂-ဝါ)
## (ဝေရဉ္စာပြည်၊ ပုဏ္ဏားရွာ၌ ဝါဆိုတော်မူသည်)
## (မဟာသက္ကရာဇ် ၁၁၄ ခုနှစ်) B.C. - 578

ထိုနှစ်(၁၁၄)ခုနှစ် ဝေရဉ္စာပြည်၊ ပုဏ္ဏားရွာ၌(၁၂)ဝါမြောက် ဝါဆိုတော်မူသည်။ ထိုအချိန်၌ **ဝေရဉ္စာပြည်**တွင် ငတ်မွတ်ခေါင်းပါးသော **ဒုဗ္ဘိက္ခန္တ**ရကပ်ကြီး ဖြစ်လေသည်။ မိုးခေါင်ရေရှားအစာပြတ်သဖြင့် လူပေါင်းများစွာ သေကြေပျက်စီးကြသည်။မြတ်စွာဘုရားကို ဝါဆိုရန် တောင်းပန်လျှောက်ထားသော ပုဏ္ဏားသူကြွယ်ကြီးသည် မြတ်စွာဘုရားကို သတိမရဘဲ တစ်ကြိမ်မျှ ဆွမ်းမကျွေးချေ။ ရဟန်းများလည်း ဆွမ်းခံ၍ မရချေ။ ထိုအချိန်၌ ***ဥတ္တရပထ*** တိုင်းပြည်မှ မြင်းကုန်သည်များသည် ဝေရဉ္စာပြည်၌ ရောက်ရှိနေကြသည်။ မြင်းကုန်သည်များသည် ရဟန်းသံဃာများအား မိမိတို့တွင် ပါသည့် မြင်းစာကျွေးသည့် မုယောဆန်ကို ပေးလှူကြသဖြင့် ရဟန်းတို့သည် ထိုမြင်းစာ မုယောဆန် အနည်းငယ်ကို အမှုန့်ထောင်းပြီး ရေနှင့် ဖျော်သောက်ရလေသည်။ မြတ်စွာဘုရားလည်း ထိုမြင်းစာ မုယောဆန်ကို ဘုဉ်းပေးတော်မူရသည်။ ဝါကျွတ်သောအခါတွင် အရပ်တစ်ပါးသို့ ကြွတော်မူမည်ဖြစ်ကြောင်း ပုဏ္ဏားသူကြွယ်ကို အကြောင်းကြားမှသာ ပုဏ္ဏားကြီးသည် သတိရကာ မြတ်စွာဘုရားနှင့် သံဃာတော်(၅၀၀)တို့အား အကြီးအကျယ် အလှူကြီး ပေးလှူတော့သည်။ နောက်တစ်နေ့တွင် မြတ်စွာဘုရား

သည် ဟာရာဏသီပြည်သို့ ကြွတော်မူလေသည်။ ဟာရာဏသီပြည်တွင် သင့်တင့်လျောက်ပတ်စွာနေပြီး ***စာလိယတောင် ချယားတော***သို့ ဒေသစာရီ ကြွချီတော်မူ၍ ဝါဆိုတော်မူသည်။

●

**နတ်ဘီလူးတို့အား တရားဓမ္မ ဟောကြားဆုံးမတော်မူခြင်း**
**(တေရသမ ဝါဆိုတော်မူသည်)(၁၃ - ဝါ )**
**(စာလိယတောင် ချယားတော၌ ဝါဆိုတော်မူသည်)**
**(မဟာသက္ကရာဇ် ၁၁၅ ခုနှစ်) B.C. - 577**

ထိုနှစ်(၁၁၅)ခုနှစ်တွင် စာလိယတောင် ချယားတော၌ ဝါဆိုတော်မူ၍ များစွာသော နတ်ဘီလူးတို့အား တရားဓမ္မဟောကြားဆုံးမတော်မူလေရာ နတ်ဘီလူးပေါင်းများစွာ အကျွတ်တရား ရရှိကြသည်။ မောဃိယသုတ္တန် အစရှိသော ဒေသနာတရားတော်ကို ဟောကြားတော်မူ၍ ဝါထွက်သောအခါ သာဝတ္ထိပြည်သို့ ကြွချီတော်မူလေသည်။

●

**စုဒ္ဒသမ ဝါဆိုတော်မူသည် - (၁၄-ဝါ )**
**(သာဝတ္ထိပြည်၊ *ဇေတဝန်ကျောင်းတိုက်၌* ဝါဆိုတော်မူသည်)**
**(မဟာသက္ကရာဇ် ၁၁၆ ခုနှစ်) B.C. - 576**
**အောင်ခြင်းရှစ်ပါးမှ အဂ္ဂုလိမာလကို အောင်မြင်တော်မူခြင်း**

ထိုနှစ်(၁၁၆)ခုနှစ်တွင် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်၌ ဝါဆိုတော်မူသည်။ ထိုအခါ ဗုဒ္ဓမြတ်စွာဘုရားသည် လူဆိုး

ကြီး **အင်္ဂုလိမာလ**ရှိရာ တောသို့ တစ်ပါးတည်း ကြွတော်မူကာ အင်္ဂုလိမာလကို ချွတ်တော်မူသည်။ မြတ်စွာဘုရားသည် အင်္ဂုလိမာလက သူ့မိခင်ကိုသတ်ရန် လိုက်နေစဉ် ကြားကဝင်၍ ရပ်လေသည်။ အင်္ဂုလိမာလသည် မြတ်စွာဘုရားကို တစ်ဟုန်ထိုး လိုက်လေသည်။ သို့သော် တန်ခိုးတော်ကြောင့် မမီချေ။ 'ရဟန်း ရပ်လော့' 'အင်္ဂုလိမာလ၊ ငါ ရပ်နေသည်၊ သင်သာ ရပ်လော့' အင်္ဂုလိမာလ အလွန်အားကောင်း အပြေးသန်သူဖြစ်၍ မမီနိုင် ဖြစ်နေသည်ကို မြတ်စွာဘုရားက 'ငါ ရပ်နေသည်' ဟု ဆိုသဖြင့် အံ့အားသင့်ပေသည်။ ထို့နောက် ဗုဒ္ဓမြတ်စွာဘုရားသည် အင်္ဂုလိမာလကို တရားပြဆုံးမတော်မူသည်။ အင်္ဂုလိမာလလည်း တရားရကာ ဓားကို စွန့်လွှတ်လိုက်သည်။ ဗုဒ္ဓ၏ ခြေအစုံကို ဦးခိုက်၍ ရဟန်းအဖြစ် ခံတော်မူလေသည်။ <u>**အောင်မြင်ခြင်း ရှစ်ပါးတွင် တစ်ပါး**</u> ဖြစ်၏။

**ဥက္ခိတ္တခဂ္ဂမတိဟတ္ထ သုဒါရုဏံ၊ ဓာဝံ တိယောဇန ပထင်္ဂုလိမာလဝန္တံ။**

**ဣဒ္ဓီဘိသင်္ခတမနော ဇိတဝါ မုနိန္ဒော၊ တံတေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။**

*ဓားကို လက်၌မြှောက်မိုး၍ အလွန်ကြမ်းကြုတ်ရက်စက်သူ၊ သုံးယူဇနာခရီးကို မမောမပန်း တစ်ဟုန်တည်း ပြေးနိုင်စွမ်းသူ၊ လက်ညှိုးပန်းကုံး ဆွဲထားသူ အင်္ဂုလိမာလ လူဆိုးကြီးကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေ။*

## အင်္ဂုလိမာလ ပရိတ်တော်

ရှင်အင်္ဂုလိမာလ မြို့တွင်းသို့ ဆွမ်းခံဝင်လျှင် မြင်သမျှသောလူတို့သည် "ဤသူပင် ငါတို့အဖကို သတ်၏၊ ငါတို့သားကို သတ်၏" စသည်ဖြင့် ပြောကြလျက် အချို့အိမ်တံခါးကို ပိတ်ကုန်၏။ အချို့လည်း ပြေးကုန်၏။ အချို့လည်း အုတ်ခဲဖြင့် ပစ်ကုန်၏။ တစ်စုံတစ်ခုသော ဆွမ်း၊ ယာဂုတို့ကိုမျှ မလောင်းကြကုန်။ ကျောင်းသို့ ရောက်သောအခါ သံဃာတို့ထံမှ မျှတကာ ဆွမ်းကိုယူ၍ စားသုံးသူဆောင်၍ စားရလေသည်။

ထိုအကြောင်းအရာကို ဘုရားရှင် သိတော်မူ၍ အင်္ဂုလိမာလကို ခေါ်တော်မူပြီး တရားဓမ္မကို ပြတော်မူ၍ အသက်မွေးရခြင်း လွယ်စိမ့်သောငှာ-

**"ယတောဟံ ဘဂိနိ အရိယာယ၊**
**ဇာတိယာ ဇာတော နာဘိဇာနာမိ၊**
**သဉ္စိစ္စ ပါဏံ ဇီဝိတာ ဝေါရောပေတာ၊**
**တေန သစ္စေန သောတ္ထိ တေ ဟောတု သောတ္ထိ ဂဗ္ဘဿ"**

ဟူသော ပရိတ်တော်ကို သင်တော်မူ၏။

ရှင်အင်္ဂုလိမာလလည်း ထိုပရိတ်တည်းဟူသော ဆေးဖြင့်သာလျှင် ချမ်းသာစွာ ကိုယ်ဝန်မှ မထမြောက်ကုန်သော မာတုဂါမတို့အား ပရိတ်တရားကိုဟော၍ ချမ်းသာစွာ ထမြောက်စေ၏။ ထိုအခါမှသာလျှင် ဒါယကာ၊ ဒါယိကာမတို့လည်း ရှင်အင်္ဂုလိမာလာသည် တန်ခိုးကြီးပေစွဟု သဒ္ဓါပသန္နဖြစ်၍ လှူဒါန်းပူဇော်ကြကုန်၏။

**(ပဉ္စမ ဝါဆိုတော်မူသည်)(၁၅-ဝါ)**
**(ကပိလဝတ်ပြည်၊ *နိဂြောဓာရုံကျောင်းတိုက်၌* ဝါဆိုတော်မူသည်)**
**(မဟာသက္ကရာဇ် ၁၁၇ ခုနှစ်) B.C. - 575**

ထိုနှစ်(၁၁၇)ခုနှစ်တွင် ဇေတဝန်ကျောင်းတော်မှ ဝါကျွတ်သောအခါတွင် မြတ်စွာဘုရားသည် ဒေသစာရီ ကြွချီတော်မူ၍ ***ကပိလဝတ်ပြည် နိဂြောဓာရုံ***ကျောင်း၌ (၁၅-ဝါ)မြောက် ဝါဆိုတော်မူသည်။ တစ်ဖန် ဝါကျွတ်သောအခါ ဒေသစာရီကြွချီတော်မူ၍ ***အာဠဝီပြည်***သို့ ရောက်သောအခါ အာဠဝီပြည်၌ ဝါဆိုတော်မူသည်။

●

**(သောဠသမ ဝါဆိုတော်မူသည်)(၁၆-ဝါ)**
**(အာဠဝီပြည်၊ အဂ္ဂါဠဝစေတီ၌ ဝါဆိုတော်မူသည်)**
**(မဟာသက္ကရာဇ် ၁၁၈ ခုနှစ်) B.C. - 574**

ဗုဒ္ဓမြတ်စွာဘုရားရှင်သည် အာဠဝီပြည်၌ ဝါဆိုသော အကြောင်းအရာကား ဤသို့တည်း။

**အောင်ခြင်းရှစ်ပါးမှ အာဠဝကဘီလူးကို အောင်မြင်တော်မူခြင်း**

ထိုနှစ်(၁၁၈)ခုနှစ်တွင် မြတ်စွာဘုရား သည် လူနတ်ဗြဟ္မာတို့ကို တရားဟောကြား ဆုံးမတော်မူရန် ဒေသစာရီ ကြွချီတော်မူခဲ့ရာ ***အာဠဝီပြည်***သို့ ရောက်တော်မူသည်။ အာဠဝီပြည်သည်


ဟိမဝန္တာအနီးတွင်ရှိ၍ အာဠာဝကဘီလူး နေထိုင်သည်။ အာဠာဝက ဘီလူးအား ဘုရင်မင်းမြတ်က တစ်နေ့လျှင် လူ(၁)ယောက်ကျ အစာဆက်နေရသော ဘီလူး ဖြစ်သည်။ ထိုနေ့သည်ကား ဘုရင့် သားတော်ကလေးကို ဘီလူးထံ အစာဆက်ရမည့်နေ့ ဖြစ်သည်။ အာဠဝီပြည်သို့ ရောက်တော်မူ၍ ***အာဠာဝက ဘီလူးကြီး***အား ချွတ်တော်မူသည်။ ဘုရားရှင်သည် အလွန်ကြမ်းတမ်းခက်မာသော အာဠာဝကဘီလူးကြီးအား အောင်တော်မူခြင်းသည် ဘုရားရှင်၏ ***(၃)အောင်ခြင်း တစ်ပါး***ပင် ဖြစ်လေသည်။

**မာရာတိရေကမတိယုဇ္ဈိတ သဗ္ဗရတ္တိ၊ ယောရံ ပန္နာဠဝကမက္ခမထဒ္ဓယက္ခံ။**

**ခန္တီသုဒန္တဝိဓိနာ ဇိတဝါ မုနိန္ဒော၊ တံတေဇသာ ဘဝတု မေ ဇယမင်္ဂလဂ္ဂံ။**

*မာရ်နတ်သားထက် လွန်ကဲစွာ ညဉ့်လုံးပေါက် စစ်ထိုးနိုင်၍ ကြောက်ဖွယ်ကောင်းပြီး သူတစ်ပါးတို့ သည်းမခံနိုင်အောင် ကြမ်းတမ်းခက်မာသော အာဠာဝက ဘီလူးကြီးကို မြတ်စွာဘုရားသည် သည်းခံတော်မူခြင်း၊ ကောင်းစွာ ယဉ်ကျေးစေတော်မူခြင်း အစီအရင်ဖြင့် အောင်တော်မူလေပြီ။ အာဠာဝကဘီလူးကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေ။*

ဗုဒ္ဓမြတ်စွာဘုရားသည် ဝါကျွတ်သောအခါ ရာဇဂြိုဟ်ပြည်သို့ ရောက်တော်မူပြီး ဝေဠုဝန်ကျောင်းတိုက်၌ ဝါဆိုတော်မူသည်။



အာဠဝကဘီလူးကို မြတ်စွာဘုရား အောင်တော်မူခြင်း

ဒေဝဒတ် သံဃာကိုဆင်းခွဲခြင်း(သတ္တရသမ ဝါဆိုတော်မူသည်)
(၁၇ - ဝါ )

**(ရာဇဂြိုဟ်ပြည်၊ ထန်းတောအနီး ဗိမ္ဗိသာရမင်းကြီး ဆောက်လုပ်လှူဒါန်းသော ဝေဠုဝန်ကျောင်းတိုက်၌ ဝါဆိုတော်မူသည်) (မဟာသက္ကရာဇ် ၁၁၉ ခုနှစ်) B.C. - 573**

ထိုနှစ်(၁၁၉)ခုနှစ်တွင် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတိုက်၌ ဝါဆိုတော်မူသည်။ ထိုအချိန်အခါ၌ မြတ်စွာဘုရားသည် ဒေဝဒတ်၏ သေကြောင်းကြံခြင်းကို အကြိမ်ကြိမ် ခံရသည်။ ပထမအကြိမ် ဒေဝဒတ်သည် အဇာတသတ်မင်း၏ လေးသည်တော်

တို့ကို စေလွှတ်၍ မြတ်စွာဘုရားကို ပစ်သတ်ခိုင်းသည်။ သို့ရာတွင် မြတ်စွာဘုရား၏ မေတ္တာအစွမ်းကြောင့် လေးသမားသည် မြတ်စွာဘုရားကို မပစ်နိုင်ချေ။ ဒုတိယအကြိမ်၌ ဒေဝဒတ်သည် ***ဂိဇ္ဈကုဋ်တောင်***မှ ကြီးစွာသော ကျောက်တုံးကြီးကို ခလုတ်ဖြင့် မြုလှပ်ကာ တောင်ခြေရင်း၌ မြတ်စွာဘုရား စင်္ကြံလျှောက်နေခိုက်တွင် ခလုတ်ဖြုတ်၍ လှိမ့်ချလိုက်သည်။ မြတ်စွာဘုရား၏ ဘုန်းတန်ခိုးတော်ကြောင့် လမ်းခုလတ်မှ ကျောက်တုံးနှစ်ခု ရုတ်တရက် ပေါ်ပေါက်ပြီး ဆီးခံသဖြင့် ကျောက်တုံးကြီးသည် မြတ်စွာဘုရားထံသို့ ရောက်အောင် ကျမလာပေ။ သို့ရာတွင် ကျောက်တုံးကြီး ပြင်းထန်စွာ ထိခိုက်မိသောကြောင့် ကျောက်ချပ်လွှာတစ်ခု ပဲ့စဉ်ကာ မြတ်စွာဘုရား ခြေမတော်ကို ထိသဖြင့် သွေးခြည်ဥသွားသည်။

●

## နာဠာဂီရိဆင်ကို အောင်မြင်တော်မူခြင်း

တတိယအကြိမ်သည်ကား ***နာဠာဂီရိ ဆင်ကြီး***ကို အရက်(၁၆)အိုးတိုက်၍ မြတ်စွာဘုရား ဆွမ်းခံကြွလာတော်မူသောအခါ လွှတ်ပေးလေသည်။ ဗုဒ္ဓမြတ်စွာဘုရား၏ အလွန်ထက်မြက်သော မေတ္တာတန်ခိုးတော်ကြောင့် နာဠာဂီရိဆင်ကြီးသည် မြတ်စွာဘုရား၏ ခြေတော်ရင်း၌ဝပ်၍ ရှိခိုးလေ၏။ ထိုအခါမှစ၍ နာဠာဂီရိဆင်လည်း ***'ဓနပါလ'*** ဟု အမည်တွင်လေသည်။ ထိုဆင်မင်းအား တရားဟောရာတွင် အနီးဝန်းကျင်မှ ကြားနာရသော ပရိသတ်တို့

သည်လည်း အကျွတ်တရား ရကြလေသည်။ နာဠာဂိရိဆင်သည် ဘုရားရှင်၏ ခြေတော်ကို ပူဇော်ဦးခိုက်လျက် နောက်ဆုတ်၍သွားပြီးလျှင် မိမိတင်းကုပ်ကို ဝင်လေသည်။ မည်သည့်သတ္တဝါကိုမျှ ညှဉ်းဆဲခြင်း မပြု လိမ္မာယဉ်ကျေးစွာ နေလေသည်။ ဤသည်ကား ဘုရားရှင်၏ **__အောင်မြင်ခြင်း တစ်ပါး__**ပင် ဖြစ်သည်။

**နာဠာဂိရိ ဂဇဝရံ အတိမတ္တဘူတံ၊**
**ဒါဝဂ္ဂိစက္ကမ သနီဝ သုဒါရုဏန္တံ။**
**မေတ္တမ္ဗုသေကဝိဓိနာ ဇိတဝါ မုနိန္ဒော၊**
**တံတေဇသာ ဘဝတု မေ ဇယမင်္ဂလာနိ။**

*တောမီး မိုးကြိုးစက်ကဲ့သို့ ကြမ်းကြုတ်၍ အလွန်မုန်ယစ်နေသော အဇာတသတ်မင်း၏ စီးတော်ဆင် နာဠာဂိရိကို မြတ်စွာဘုရားသည် မေတ္တာတော်ရေသွန်းခြင်း အစီအရင်ဖြင့် အောင်တော်မူလေပြီ။ နာဠာဂိရိဆင်ကို အောင်တော်မူသော ထိုမြတ်စွာဘုရား၏ တန်ခိုးတော်ကြောင့် အကျွန်ုပ်အား အောင်ခြင်းမင်္ဂလာ ဖြစ်ပါစေ။*

ထိုနှစ် ဝါကျွတ်သောအခါ မြတ်စွာဘုရားသည် ဒေသစာရီကြွချီတော်မူပြီး ဆင်းရဲသား ပုဏ္ဏားတစ်ယောက်ကို ထမင်းကျွေးပြီး တရားဟောတော်မူသည်။ ထိုပုဏ္ဏားသည် သောတာပန် တည်လေ၏။ ဗုဒ္ဓမြတ်စွာဘုရား၏ တစ်သက်တာ၌ ထမင်းကျွေးပြီး တရားဟောခြင်းမှာ ဤတစ်ကြိမ်သာ ရှိသည်။ ယင်းသို့ ဆင်းရဲသားပုဏ္ဏားအား ထမင်းကျွေးကာ တရားဟောသည်ကို ရဟန်းများက ကဲ့ရဲ့သဖြင့် ဗုဒ္ဓမြတ်စွာဘုရားက. . .



နာဠဂိရိဆင်ကို အောင်မြင်တော်မူခြင်း

**"ငါသည် ဤပုဂ္ဂိုလ်အား တရားရမည်ကို မြင်သောကြောင့် တရားဟောခြင်း ဖြစ်လေသည်"**ဟု မိန့်ကြားတော်မူလေသည်။

ဝါဆိုချိန် နီးသောအခါ အာဠဝီပြည်မှ ကြွတော်မူပြီး ရာဇဂြိုဟ်မြို့နှင့် မနီးမဝေး **စာလိယတောင်၌** ဝါဆိုတော်မူသည်။

●

(စာလိယတောင်၌ ဝါဆိုတော်မူသည်)

(အဋ္ဌာရသမ ဝါဆိုတော်မူသည်)(၁၈-ဝါ)

**(မဟာသက္ကရာဇ် ၁၂၀ ခုနှစ်) B.C. - 572**

ထိုနှစ်(၁၂၀)ခုနှစ်တွင် ရာဇဂြိုဟ်မြို့အနီး **စာလိယတောင်၌** ဝါဆိုတော်မူသည်။ နောက်နှစ်လည်း စာလိယတောင်၌ ဝါဆိုသည်။

အရှေ့ဘက်ကောင်းကင်

**(စာလိယတောင်၌ ဝါဆိုတော်မူသည်)**
**(ကျွန်ုပ်ဝိသတိမ ဝါဆိုတော်မူသည်)(၁၉-ဝါ)**
**(မဟာသက္ကရာဇ် ၁၂၁ ခုနှစ်) B.C. - 571**

ထိုနှစ်(၁၂၁)ခုနှစ်တွင် ရာဇဂြိုဟ်မြို့အနီး ***စာလိယတောင်***၌ (၂)ဝါဆိုပြီး ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ ***(၂၀)ဝါ*** မြောက် ဝါဆိုကော်မူသည်။

●

**ဒေဝဒတ် မြေမျိုခြင်း(ဝိသတိမ ဝါဆိုတော်မူသည်)(၂၀-ဝါ)**
**(ရာဇဂြိုဟ်ပြည်၊ ထန်းတောအနီး ဗိမ္ဗိသာရမင်းကြီး ဆောက်လုပ်လှူဒါန်းသော *ဝေဠုဝန်ကျောင်းတိုက်*၌ ဝါဆိုတော်မူသည်)**
**(မဟာသက္ကရာဇ် ၁၂၂ ခုနှစ်) B.C. - 570**

ထိုနှစ်(၁၂၂)ခုနှစ်တွင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတိုက်၌ (၂၀)ဝါမြောက် ဝါဆိုတော်မူသည်။ ထိုအချိန်အခါတွင် ဒေဝဒတ်သည် သံဃာဂိုဏ်းခွဲလေသည်။ ဒေဝဒတ်သည် အဇာတသတ်၏ အကူအညီဖြင့် မြတ်စွာဘုရားကို အကြိမ်ကြိမ် လုပ်ကြံခဲ့သော်လည်း မအောင်မြင်သဖြင့် နောက်ဆုံးတွင် မြတ်စွာဘုရားထံ၌ အချက်(၅)ခုကို ပညတ်ရန် လျှောက်ထားလေသည်။ ထိုပညတ်ချက်(၅)ခုမှာ -

(၁) ရဟန်းတို့သည် အသက်ထက်ဆုံး တောရဆောက် တည်ကြပါစေ။ ရွာဦးကျောင်း၌နေသော ရဟန်းကို ကြီးလေးသောအာပတ်သင့်စေရာ၏။

(၂) ရဟန်းတို့သည် အသက်ထက်ဆုံး ဆွမ်းခံ၍သာ စားကြပါစေ။ ဒါယကာတို့လှူသောဆွမ်းကို စားသောရဟန်းကို ကြီးလေးသော အာပတ်သင့်စေရာ၏။

(၃) ရဟန်းတို့သည် အသက်ထက်ဆုံး ပံ့သကူသင်္ကန်းကိုသာ ဝတ်ရုံကြပါစေ။ ဒါယကာတို့လှူသော သင်္ကန်းဝတ်ရုံ သုံးဆောင်သော ရဟန်းကို ကြီးလေးသော အာပတ်သင့်စေရာ၏။

(၄) ရဟန်းတို့သည် အသက်ထက်ဆုံး သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက်၌သာနေသည့် ရုက္ခမူ ဓုတင်ကို ဆောင်ကြပါစေ။ အမိုးရှိသောကျောင်း၌နေသော ရဟန်းကို ကြီးလေးသော အာပတ်သင့်စေရာ၏။

(၅) ရဟန်းတို့သည် အသက်ထက်ဆုံး ငါးအမဲကို မစားဘဲ သက်သတ်လွတ်ကိုသာ စားကြပါစေ။ ငါးအမဲကို စားသော ရဟန်းကို ကြီးလေးသော အာပတ်သင့်စေရာ ဟူသော အချက်ငါးခုကို ပညတ်ရန် တောင်းဆိုခဲ့သည်။

မြတ်စွာဘုရားသည် ဤအချက်(၅)ခုကို မည်သည့်နည်းနှင့်မျှ ပညတ်တော်မူမည် မဟုတ်။ သာသနာတော် အရှည်တည်တံ့ရေးကို တွေးမျှော်ဆင်ခြင်တော်မူလျက် ဒေဝဒတ် လျှောက်တင်သည့် အချက်(၅)ချက်ကို ပညတ်တော်မူသည်။ ဒေဝဒတ်သည် မိမိဘက်ပါသော ရဟန်းသံဃာ(၅၀၀)ကို ခေါ်သွားလေ၏။ ဒေဝဒတ်နောက်ပါ ရဟန်းများမှာ ***ဂယာသီသ***သို့ ရောက်၍ စိတ်ပျက်စ **တစ်ကြိမ်**ဖြစ်သည်။ ထို့နောက် ရှင်သာရိပုတ္တရာနှင့်

ရှင်မောဂ္ဂလာန်တို့ ကြွရောက်ပြီး တရားဟောသောအခါ ထိုရဟန်းများသည် မြတ်စွာဘုရားထံသို့ ပြန်လည်၍ လိုက်ပါသွားကြသည်။ ဒေဝဒတ်လည်း စိတ်နှလုံးထိခိုက်ကာ သွေးအန်ရောဂါဖြစ်၍ နောက် (၉)လခန့် ကြာသောအခါ မြတ်စွာဘုရားရှိရာ သာဝတ္ထိပြည်သို့ အရောက်တွင် ဝန်ချတောင်းပန်လိုသဖြင့် မြတ်စွာဘုရားထံသို့ ပို့ခိုင်းလေသည်။ ဇေတဝန်ကျောင်း ရေကန်အနီးသို့ရောက်သောအခါ၌ ဒေဝဒတ်ကို ထမ်းလာသူများက ထမ်းစင်ကိုချ၍ ရေချိုးကြစဉ် ဒေဝဒတ်သည် ထမ်းစင်မှထ၍ ခြေထောက် မြေသို့အချတွင် မြေမျိုခံရလေသည်။

ရာဇဂြိုဟ်ပြည့်ရှင် အဇာတသတ်မင်းကြီးသည် ဆရာဒေဝဒတ်နှင့် ပေါင်းမိ၍ ခမည်းတော် ဗိမ္ဗိသာရမင်းကြီးကို သတ်ခဲ့မိသဖြင့် စိတ်မကောင်းဖြစ်နေရာတွင် သူ့ဆရာဒေဝဒတ်အကြောင်း ကြားရပြန်သောအခါ နောင်တကြီးစွာ ရနေလေသည်။ မြတ်စွာဘုရားသည် ဆရာဇီဝက၏ သရက်ဥယျာဉ်၌ တန်ဆောင်မုန်းလပြည့်နေ့ညတွင် သီတင်းသုံးတော်မူလေသည်။ အဇာတသတ်သည် မြတ်စွာဘုရားရှိရာ သရက်ဥယျာဉ်သို့ လိုက်လာခဲ့လေသည်။ ထိုအချိန်၌ မြတ်စွာဘုရားသည် တပည့် သံဃာအပေါင်းတို့နှင့် အလွန်သေဝပ်စွာ တရားထိုင်နေကြသည်။ အဇာတသတ်သည် စည်းကမ်းသေဝပ်လှသော ရဟန်းတော်များကို အလွန်စိတ်ဝင်စားသဖြင့် **'ရဟန်းပြုသည့်အတွက် မျက်မှောက်ဘဝ၌ ခံစားရသောအကျိုးရှိပါသလား'** ဟု လျှောက်ထားလေရာ မြတ်စွာဘုရားက

ရဟန်းပြုသည့်အကျိုးကိုပြသည့် **သာမညဖလသုတ်**ကို ဟောတော်မူသည်။

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတိုက်၌ ဝါ(၂၀)မြောက် ဝါဆိုတော်မူပြီး သီတင်းကျွတ်သောအခါ ဒေသစာရီ ကြွတော်မူ၍ နောက်ဆုံးတွင် အမြဲဝါဆိုရန် သာဝတ္ထိပြည်သို့ ကြွတော်မူလေသည်။

●

**(သာဝတ္ထိပြည် ဇေတဝန်ကျောင်းတိုက်၌ ဝါဆိုတော်မူသည်)**
**(မဟာသက္ကရာဇ် ၁၂၃ ခုနှစ် B.C. - 569 မှ မဟာသက္ကရာဇ် ၁၄၆ ခုနှစ် B.C. - 546 )အထိ**

**(၂၄)ဝါပတ်လုံး သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတိုက်နှင့် ပုဗ္ဗာရုံကျောင်းတိုက်တို့၌ ဝါဆိုတော်မူသည်။ နှစ်ပေါင်း (၂၄)နှစ်တိုင်အောင် အမြဲဝါဆိုတော်မူလျက် ဝါပချိန်များ၌သာ လှည့်လည်၍ ဗုဒ္ဓမြတ်စွာဘုရားသည် တရားဟောတော်မူခဲ့သည်။**

*၎င်း(၂၄)ဝါတွင် -*

*မဟာသက္ကရာဇ်(၁၂၃)ခုနှစ် (၂၁)ဝါမြောက်*

*မှ*

*မဟာသက္ကရာဇ်(၁၄၁)ခုနှစ် (၃၉)ဝါအထိ*

*ဇေတဝန်ကျောင်း၌ (၁၉)ဝါ ဝါဆိုတော်မူသည်*

*မဟာသက္ကရာဇ်(၁၄၂)ခုနှစ် (၄၀)ဝါမြောက်*

*မှ*

*မဟာသက္ကရာဇ်(၁၄၆)ခုနှစ် (၄၄)ဝါအထိ*

*ဝိသာခါ၏ ပုဗ္ဗာရုံကျောင်း၌ (၅)ဝါ ဝါဆိုတော်မူသည်။*

မြတ်စွာဘုရားသည် ပုဗ္ဗာရုံကျောင်း၌ (၄၄)ဝါမြောက် ဝါဆိုပြီး သီတင်းကျွတ်သောအခါ ရာဇဂြိုဟ်ပြည်သို့ ကြွလျက် တရားဒေသနာများကို ဟောကြားတော်မူလေသည်။

**ပုဗ္ဗာရုံကျောင်း**

ပုဗ္ဗာရုံကျောင်းကား ဝိသာခါ ဒါယိကာမ ဆောက်လုပ်လှူဒါန်းသော ကျောင်းဖြစ်သည်။ သာဝတ္ထိပြည်၏ အရှေ့ဘက်၌ရှိသောကြောင့် ပုဗ္ဗာရုံကျောင်းဟု ခေါ်သည်။ ဝိသာခါသည် အဖိုးငွေ ကိုးကုဋေတန်သော သူမ၏ မဟာလ္လတာ တန်ဆာကိုရောင်း၍ ပုဗ္ဗာရုံကျောင်းကို ဆောက်သည်။ ပုဗ္ဗာရုံကျောင်းတိုက်ကြီးကား နှစ်ထပ်တိုက် အုတ်ပြာသာဒ်ကြီး ဖြစ်သည်။ တစ်ထပ် တစ်ထပ်၌ အခန်းပေါင်း (၅၀၀) ရှိသည်။ နှစ်ထပ်ပေါင်းသော်(၁၀၀၀)ဖြစ်၏။ ကျောင်းတိုက်ကြီး၏ အထပ်ထပ်၌ အဖိုးတန်ကော်ဇောအပြည့် ခင်းထား၏။ ကျောင်းမြေနေရာအတွက် ကိုးကုဋေ၊ ကျောင်းအဆောက်အဦ အတွက် ကိုးကုဋေ၊ ကျောင်းရေစက်ချပွဲ ကိုးကုဋေ၊ စုစုပေါင်းအားဖြင့် နှစ်ဆယ့်ခုနစ်ကုဋေ ကုန်ကျသည်။

မြတ်စွာဘုရားသည် ယခုအခါ သက်တော်(၇၈)ရှိပြီ ဖြစ်သောကြောင့် အရွယ်တော်လည်း အိုမင်းလာခဲ့သည်။ ဇရာလက္ခဏာများလည်း မသိမသာ ပေါ်လာပေသည်။ ယင်းသို့ အိုမင်းရင့်ရော်၍ ဇရာ၏လက္ခဏာ ပေါ်လာသော်လည်း တရားဟောခြင်းအလုပ်ကို လျှော့ပေါ့ခြင်း မပြုပေ။

## မင်္ဂလာတရားတော်

ဗုဒ္ဓသည် ဇေတဝန်ကျောင်း၌ သီတင်းသုံးစဉ် တစ်ခုသော သန်းခေါင်ယံအချိန်၌ နတ်သားတစ်ပါး ရောက်ရှိလာသည်။ **'အရှင်ဘုရား၊ လူနတ်တို့ ကြီးပွားချမ်းသာရာဖြစ်သော မင်္ဂလာတရားကို ဟောကြားတော်မူပါ'** ဟု ဗုဒ္ဓကို တောင်းပန်လေသည်။ ဗုဒ္ဓက **'အို. . . နတ်သား၊ သူမိုက်တို့ကို ပေါင်းသင်းမှု မပြုရခြင်းသည် ကြီးပွားတိုးတက်ရာ မင်္ဂလာတစ်ပါး ဖြစ်၏'** စသည်ဖြင့် မင်္ဂလာတရား (၃၈)ပါးကို ဟောကြားတော်မူ၏။ နံနက်မိုးသောက်သောအခါ ရှင်အာနန္ဒာအား ထိုမင်္ဂလာတရားတော်ကို တစ်ဖန်ပြန်လည်ဟောကြားတော်မူသည်။

## သိင်္ဂါလသုတ်

တစ်နေ့နံနက်တွင် ရာဇဂြိုဟ်ပြည်မှ သိင်္ဂါလသူကြွယ်သားသည် ဖခင်ဖြစ်သူ သေခါနီးတွင် မှာကြားခဲ့သည့်အတိုင်း အရပ်ခြောက်မျက်နှာကို ရှိခိုးနေသည်။ ဗုဒ္ဓသည် မြို့တွင်းကြွစဉ် ထိုနေရာသို့ ရောက်ရှိတော်မူသည်။ ဗုဒ္ဓက. . .

**"ချစ်သား သိင်္ဂါလ၊ အရပ် ခြောက်မျက်နှာကို ရှိခိုးရန် မလို၊ ငါ ညွှန်ပြသော ကျင့်ဝတ်ကိုသာ လိုက်နာလော့"**

ဟု မိန့်တော်မူကာ သိင်္ဂါလသုတ်ကို ဟောတော်မူသည်။ သိင်္ဂါလသုတ်တွင် မိဘကျင့်ဝတ်၊ သားသမီးကျင့်ဝတ်၊ ဆရာကျင့်ဝတ်၊ တပည့်ကျင့်ဝတ်၊ ခင်ပွန်းကျင့်ဝတ်၊ မယားကျင့်ဝတ်၊ မိတ်ဆွေကျင့်ဝတ် စသည်တို့ ပါရှိသည်။

## ကာလမသုတ်

ဗုဒ္ဓသည် ကာလမမင်းမျိုးတို့ အုပ်စိုးရာ ကေသမုတ္တိနိဂုံးသို့ ကြွချီတော်မူစဉ် ကာလမအမျိုးသားတို့သည် မိမိတို့ ကြုံတွေ့ရသော ပြဿနာကို လျှောက်ထားသည်။ ထိုအခါ ဗုဒ္ဓက . . .

*"ချစ်သားတို့၊ သူတစ်ပါးထံမှတစ်ဆင့်ကြားဖြင့် မှန်မည်ဟု မယူဆနှင့်၊ ဆရာအဆက်ဆက် ဆောင်ခဲ့လာသော အစဉ်အလာဟူ၍လည်း မှန်မည်ဟု မယူကြနှင့်၊ ဤသို့ ဖြစ်ရသတတ်ဟူ၍လည်း မှန်ပြီဟု မယူကြနှင့်။ ကျမ်းဂန်လာစကားဟု ဆိုရုံမျှဖြင့်လည်း မှန်ပြီဟု မယူကြနှင့်၊ မိမိဉာဏ်ဖြင့် သုံးသပ်ရုံမျှဖြင့်လည်း မှန်ပြီဟု မယူကြနှင့်၊ ကြံဆယူခြင်းဖြင့်လည်း မှန်ပြီဟု မယူကြနှင့်၊ လေးစားသော ပုဂ္ဂိုလ် ဖြစ်ရုံမျှဖြင့်လည်း မှန်ပြီဟု မယူကြနှင့်၊ ကိုယ်သိအောင် လုပ်ပြီးမှသာ မှန်ပြီဟု ယူကြလော့"*

ဟူ၍ ဆုံးမတော်မူကာ ကာလမသုတ်ကို ဟောတော်မူသည်။

●

(ဝေသာလီပြည်အနီး ဝေဠုဝရွာ၌ ၄၅-ဝါ ဝါဆိုတော်မူသည်)
(သက်တော်-၇၉)(မဟာသက္ကရာဇ် ၁၄၇ ခုနှစ် B.C. - 545)

ရာဇဂြိုဟ်ပြည်မှ သာဝတ္ထိပြည်အရောက် ဒေသစာရီ ကြွတော်မူစဉ် သတ္တဝါများကို တရားဟောတော်မူသည်။ သက်တော်မှာလည်း (၇၉)နှစ်ကျော်ခဲ့လေပြီ ဖြစ်သည်။ သာဝတ္ထိပြည်မှ တစ်ဖန် ဝေသာလီပြည်သို့ ဒေသစာရီ လှည့်လည်တော်မူကာ ဝါဆို ချိန်နီးသောအခါ၌ ဝေသာလီပြည်အနီးရှိ ***ဝေဠုဝရွာ***ကလေးသို့ ကြွချီတော်မူလာသည်။ ထိုဝါတွင်း၌ပင် ***ပိတ်ဝမ်းသွေးကျရောဂါ*** ဖြစ်လာလေသည်။ ရောဂါမှာ အလွန်ပြင်းထန်လျက် အသက်ကိုပင် အန္တရာယ်ပြုနိုင်လောက်သည့် ရောဂါဖြစ်ပေသည်။ ဗုဒ္ဓမြတ်စွာဘုရားသည် အသက်ကိုပင် ရန်ရှာလောက်သည့် ရောဂါကြီးဖြစ်ကြောင်း သိတော်မူသဖြင့် **'ငါသည် အလုပ်အကျွေး တပည့်များကို မခေါ်ဘဲ ရဟန်းသံဃာကို မပန်ကြားဘဲ ပရိနိဗ္ဗာန်ပြုခြင်းငှာ မသင့်၊ ဤရောဂါဝေဒနာကို ဖယ်ရှား၍ အသက်ဇီဝိတိန္ဒြေ တည်စေနိုင်သည့် သမာပတ်ကို ဝင်စားမှသင့်မည်'** ဟု ဆင်ခြင်ကာ သမာပတ်အစွမ်းဖြင့် ရောဂါကိုဖယ်ရှားပြီး လာမည့်ဆယ်လအတွင်း အသက်အန္တရာယ်ပြုနိုင်သည့် ရောဂါမျိုး မဖြစ်အောင် အသက်ကို ပြုပြင်စီရင်တော်မူလေ၏။ ယင်းသို့ပြုခြင်းကို အာယုသင်္ခါရ ခေါ်သည်။***(အာယု-အသက်၊ သင်္ခါရ-ပြုပြင်စီရင်ခြင်း)*** ရှင်အာနန္ဒာနှင့်တကွ တချို့သော ရဟန်းများက မြတ်စွာဘုရားနှင့်အတူ ***ဝေဠုဝရွာ***၌ပင် ဝါဆိုတော်မူသည်။

●

ဗုဒ္ဓမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူစဉ်(သက်တော်- ၈၀)(၄၅-ဝါ)
(မဟာသက္ကရာဇ် ၁၄၈ ခုနှစ် B.C. - 544

ကဆုန်လပြည့် အင်္ဂါနေ့တွင် ပရိနိဗ္ဗာန်ပြုသည်)

ဗုဒ္ဓမြတ်စွာဘုရားသည် ဝါကျွတ်သောအခါ အလုပ်အကျွေး ဒကာတို့အား တရားဟောရန် သာဝတ္ထိပြည်သို့ ပြန်ကြွတော်မူသည်။ သာဝတ္ထိပြည်ရောက်၍ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးတော်မူနေစဉ် မဟာသက္ကရာဇ်(၁၄၇)ခုနှစ်၊ တန်ဆောင်မုန်းလဆန်း(၈)ရက်နေ့တွင် **ရှင်သာရိပုတ္တရာ**သည် သူ၏ အခြံအရံ တပည့်(၅၀၀)နှင့်တကွ မြတ်စွာဘုရား တရားဟောတော်မူသည့်နေရာသို့ ဝင်လာလေသည်။ သင့်လျော်သောနေရာ၌ ထိုင်၍ ဗုဒ္ဓမြတ်စွာဘုရားအား ရှိခိုးလျက် ပရိနိဗ္ဗာန်ပြုတော့မည့်အကြောင်း ခွင့်တောင်းလျှောက်ထားလေသည်။ **'ဘုန်းတော်ကြီးသော မြတ်စွာဘုရား ယခုအခါ၌ တပည့်တော်သည် သံသရာ,အစ သတ်၍,ဖြတ်ခြင်းကို ပြုပါတော့မည်ဘုရား၊ တပည့်တော်ကား ဘဝအထူးထူးသို့ ကူးပြောင်းမှု မရှိတော့ပါ၊ တပည့်တော်သည် (၇)ရက်ကြာသောအခါ ပရိနိဗ္ဗာန်ပြုပါတော့မည်၊ ဗုဒ္ဓမြတ်စွာဘုရားသည် တပည့်တော်အား ပရိနိဗ္ဗာန်ပြုရန် ခွင့်ပြုတော်မူပါဘုရား'** ဟု လျှောက်ထားလေသည်။ ဗုဒ္ဓမြတ်စွာက **'သာရိပုတ္တရာ မည်သည့်အရပ်၌ ပရိနိဗ္ဗာန်ပြုမည်နည်း'** ဟု မေးတော်မူလေသည်။ ရှင်သာရိပုတ္တရာက **'နာဠကရွာ မယ်တော်၏ တိုက်ခန်း၌ ပရိနိဗ္ဗာန်ပြုပါမည်ဘုရား'** ဟု လျှောက်ထားလေ၏။

ထို့နောက် မြတ်စွာဘုရားက 'သာရိပုတ္တရာ သင့်အချိန်ကို သင် သိသလော' ဗုဒ္ဓမြတ်စွာဘုရားသည် ရှင်သာရိပုတ္တရာအား သွားခွင့်ပြုပြီး တစ်ဖန်ဆက်၍ မိန့်တော်မူပြန်သည်။ 'ချစ်သား သာရိပုတ္တရာ ဤရဟန်းများအဖို့ သင်ကဲ့သို့သော ရဟန်းကို နောင်တွေ့ကြုံရဖို့ အလွန်ခဲယဉ်းသည်။ သို့ဖြစ်၍ ရဟန်းများကို တရားဟောပါ' ဟု မိန့်တော်မူပြန်သည်။ သို့ဖြစ်၍ မြတ်စွာဘုရားသည် သူ့အား တန်ခိုးပြစေလိုကြောင်း နားလည်၍ ကောင်းကင်သို့ ပျံတက်ကာ တန်ခိုးအမျိုးမျိုးပြ၍ တရားဟောလေသည်။ တရားဟောကြားပြီးလျှင် ကောင်းကင်မှ ဆင်းသက်၍ အရပ်လေးမျက်နှာမှ မြတ်စွာဘုရားအား ရှိခိုးကန်တော့လေ၏။ အထက်ပါအတိုင်း အားရပါးရ ရှိခိုးပြီးနောက် မြတ်စွာဘုရားကိုမြင်သည့် အရပ်သို့ သည့်တိုင်အောင် ရှိခိုးလျက် နောက်ဆုတ်သွားလေသည်။

ရှင်သာရိပုတ္တရာကိုယ်တော်ကြီးသည် နာဠကရွာ၊ မယ်တော်၏အိမ်တွင် မိမိကို ဖွားမြင်သည့်အခန်း၌ပင် သက္ကရာဇ် (၁၄၇) ခုနှစ်၊ တန်ဆောင်းမုန်းလပြည့်နေ့ မိုးသောက်ယံ အရုဏ်တက်ချိန်တွင် ပရိနိဗ္ဗာန်စံတော်မူသည်။ ရှင်သာရိပုတ္တရာ၏ ညီတော် **ရှင်စုန္ဒမထေရ်**သည် ရှင်သာရိပုတ္တရာ၏ ဓာတ်တော်များကို ***သာဝတ္ထိပြည်***သို့ ယူဆောင်လာ၍ ***ဇေတဝန်ကျောင်း မြောက်ဘက်မုခ်ဝအနီး၌ စေတီ***တည်စေသည်။ ဗုဒ္ဓမြတ်စွာဘုရားသည် သာဝတ္ထိပြည်မှ ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်း၌ သီတင်းသုံးတော်မူသည်။ သက္ကရာဇ်(၁၄၇)ခုနှစ်၊ တန်ဆောင်းမုန်းလကွယ်နေ့၌

လက်ဝဲရံ **ရှင်မောဂ္ဂလာန်**ကိုယ်တော်ကြီး ပရိနိဗ္ဗာန်ပြုတော်မူပြန်သည်။ ဗုဒ္ဓမြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၌လည်း ကြာရှည်စွာမနေဘဲ ဝေသာလီပြည်သို့ ကြွတော်မူပြန်သည်။

သက္ကရာဇ်(၁၄၇)ခုနှစ်၊ တပို့တွဲလပြည့်နေ့တွင် **ရှင်အာနန္ဒာ**အား ဗုဒ္ဓမြတ်စွာဘုရားသည် ***မိမိပရိနိဗ္ဗာန်ပြု***တော့မည့်အကြောင်းဖွင့်ဟပြောဆိုတော်မူလေသည်။ ရှင်အာနန္ဒာလည်း များစွာပူဆွေးသောကရောက်သဖြင့် ဗုဒ္ဓက တရားပြ ဆုံးမတော်မူလေသည်။

**"ချစ်သား အာနန္ဒာ ခင်မင်သောသူတို့နှင့် တစ်နေ့နေ့တွင် သေကွဲ ကွဲရမည်၊ ရှင်ကွဲ ကွဲရမည်၊ ကိုယ့်လမ်းကိုယ်သွား၊ သူ့လမ်း သူသွား၊ တခြားစီ ဖြစ်ရမည် မဟုတ်လော၊ ဖြစ်ပွားပေါ်ပေါက်လာသည့် အရာဟူသမျှ ပျက်စီးတတ်သောသဘောရှိသည်၊ မပျက်စီးပါနှင့်ဟု ဆို၍မရ"**

ထို့နောက် ဗုဒ္ဓသည် ရှင်အာနန္ဒာအား ဝေသာလီပြည်ရှိရဟန်းအားလုံးကို စည်းဝေးရန် ဖိတ်ကြားစေပြီးသော် . . .

**"ချစ်သား ရဟန်းတို့၊ ငါဘုရားသည် ယနေ့မှစ၍ (၃)လမြောက်သောနေ့တွင် ပရိနိဗ္ဗာန်ပြုတော့မည်၊ ထို့ကြောင့် ချစ်သားတို့ မမေ့မလျော့ နေကြ။ သတိရှိသူ၊ သီလရှိသူ ဖြစ်ကြ။ ကောင်းစွာ တည်ကြည်ကြ။ ကောင်းသောအကြံကို ကြံကြ။ မိမိကိုယ်ကို စောင့်ရှောက်ကြ"**

ဟု မိန့်ကြားတော်မူလေသည်။

## အာယုသင်္ခါရလွှတ်ခြင်း

ဗုဒ္ဓမြတ်စွာဘုရားသည် ဝေသာလီပြည်သို့ ရောက်ပြီး နောက် တစ်နေ့သောအခါ ဆွမ်းခံကြွတော်မူ၍ ဆွမ်းစားပြီးသော် ရှင်အာနန္ဒာကိုခေါ်၍ မြို့၏အရှေ့ဘက် စာပါလစေတီသို့ ကြွတော် မူသည်။ "ချစ်သား အာနန္ဒာ၊ ဝေသာလီပြည်သည် မွေ့လျော်ဖွယ် ရာ သာယာလှသည်။ ***အရှေ့ဘက်တွင် ဥဒေနစေတီ၊ တောင် ဘက်တွင် ဂေါတမကစေတီ၊ အနောက်ဘက်တွင် သတ္တမ္ဗ စေတီ၊ မြောက်ဘက်တွင် ဗဟုပုတ္တကစေတီ*** ဟူ၍ စေတီများ ဝန်းရံလျက် သာယာလှပေသည်။ သာနန္ဒရစေတီ၊ စာပါလစေတီ များလည်း သာယာမွေ့လျော်ဖွယ်ရှိသည်" ဗုဒ္ဓမြတ်စွာဘုရားသည် ရှင်အာနန္ဒာ ခင်းပေးသည့် ဓမ္မခဏ်(သားရေအခင်း)တွင် ထိုင်လျက် ပတ်ဝန်းကျင်ကို ကြည့်တော်မူပြီး အထက်ပါအတိုင်း မိန့်တော်မူ သည်။ ထို့နောက် မြတ်စွာဘုရားသည် တစ်စုံတစ်ရာ ဘာမျှ မလျှောက်ထားသော ရှင်အာနန္ဒာအား 'သွားတော့' ဟု ခွင့်ပြုလိုက် သည်။ ရှင်အာနန္ဒာ ထွက်ခွာသွား၍ မကြာမီပင် မာရ်နတ် ရောက် လာသည်။ မာရ်နတ်သည် မြတ်စွာဘုရားအား ပရိနိဗ္ဗာန်ပြုရန် လျှောက်ထားလေ၏။ 'မြတ်စွာဘုရားအား ပရိနိဗ္ဗာန်စံတော်မူပါ၊ ပရိနိဗ္ဗာန်စံဖို့ အချိန်တော်ပါပြီ' အထက်ပါအတိုင်း လျှောက်ထား လေသည်။ မြတ်စွာဘုရားက 'မာရ်နတ်၊ သင် မကြောင့်ကြနှင့်၊ ငါဘုရားသည် ယနေ့မှ နောင်(၃)လမြောက်သော် ပရိနိဗ္ဗာန် ပြုတော်မူအံ့' မြတ်စွာဘုရားသည် အထက်ပါအတိုင်း မိန့်ကြားကာ

အာယုသင်္ခါရ လွှတ်တော်မူသည်။ ထိုအခါ ကမ္ဘာကြီးတစ်ခုလုံးသည် မဟာပထဝီမြေပြင်နှင့် ကောင်းကင်ပါမကျန် ပြင်းထန်စွာ မြည်ဟည်းလျက် 'ရဟန်းရှင်လူနှင့် နတ်ဗြဟ္မာ အပါအဝင် သတ္တဝါအပေါင်းသည် အဘယ့်ကြောင့် မြတ်စွာဘုရားအား အသက်တမ်းကုန်ဆုံးသည့်တိုင်အောင် တည်နေတော်မူပါဟု မတောင်းပန်ဘဲနေကြပါဘိသနည်း' ဟု ပြစ်တင်ကြိမ်းမောင်းကာ မြေငလျင် ပြင်းထန်စွာလှုပ်သည်။ မိုးသည်းထန်စွာရွာ၍ အရပ်လေးမျက်နှာမှ လျှပ်ရောင်ဝါ ပြက်သန်း၍ ကြောက်ခမန်းအသံကြီးများလည်း ပေါ်ထွက်လာသည်။ ရှင်အာနန္ဒာသည် မြတ်စွာဘုရားနှင့် မနီးမဝေး သစ်ပင်ရင်း၌နေသည်ဖြစ်ရာ မြေငလျင်ကြီးစွာ လှုပ်တော်မူခြင်းကို မြတ်စွာဘုရားထံ သွားရောက်၍ မေးမြန်းလျှောက်ထားလေသည်။ မြတ်စွာဘုရားက ရှင်အာနန္ဒာအား ငလျင်လှုပ်ခြင်းမှာ -

(၁) ကမ္ဘာ့အောက်ခံလေထုကြီး လှုပ်သောကြောင့် ရေထုကြီး လှုပ်သည်။ ရေထုကြီး လှုပ်သောကြောင့် ယင်းအပေါ်၌ တည်နေသော ပထဝီမြေကြီးလှုပ်ခြင်း။
(၂) တန်ခိုးကြီးသော ပုဂ္ဂိုလ်များ၏ တန်ခိုးဣဒ္ဓိပါဒ်ကြောင့်လှုပ်ခြင်း။
(၃) ဘုရားလောင်း ပဋိသန္ဓေနေသောကြောင့် လှုပ်ခြင်း။
(၄) ဘုရားလောင်း ဖွားမြင်သောကြောင့် လှုပ်ခြင်း။
(၅) ဘုရားလောင်း ဖြစ်တော်မူခြင်းကြောင့် လှုပ်ခြင်း။
(၆) မြတ်စွာဘုရား ဓမ္မစကြာတရား ဟောသောကြောင့် လှုပ်ခြင်း။
(၇) မြတ်စွာဘုရား အာယုသင်္ခါရ လွှတ်သောကြောင့် လှုပ်ခြင်း။
(၈) မြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူသောကြောင့် လှုပ်ခြင်း။


အရှေ့ဘက်ကောင်းကင်

ဟူ၍ မြေငလျင်လှုပ်ခြင်းအကြောင်း(၈)မျိုး ရှိသည်ဟု မိန့်တော်မူပြီးလျှင် 'ယနေ့ ငလျင်လှုပ်ခြင်းမှာ ငါဘုရား အာယုသင်္ခါရ လွှတ်တော်မူသောကြောင့် လှုပ်ခြင်းဖြစ်သည်' ဟု ဆက်၍ မိန့်တော်မူသည်။

***"အာနန္ဒာ၊ ယခုပင် ငါဘုရားသည် အာယုသင်္ခါရ လွှတ်တော်မူအပ်ပြီ"***

## ဗုဒ္ဓမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူခြင်း

ဗုဒ္ဓမြတ်စွာဘုရားသည် ဝေသာလီပြည်မှ ***ဘဏ္ဍုရွာ*** သို့ ကြွချီတော်မူသည်။ များစွာသော ရဟန်းပရိသတ်တို့သည် မြတ်စွာဘုရားနောက်တော်မှ ခြံရံလိုက်ပါလာကြလေသည်။ ဘဏ္ဍုရွာသို့ ရောက်ရှိစဉ် သစ္စာလေးပါးနှင့် ဆက်သည့် တရားကို ဟော၏။ ဘဏ္ဍုရွာ၌ အနည်းငယ်နေပြီး တစ်ဖန် ခရီးထွက်တော်မူပြန်သည်။ နွေရာသီအချိန် ဖြစ်သောကြောင့် လမ်းခရီး ပတ်ဝန်းကျင်သည် ခြောက်သွေ့နေသည်။ မြတ်စွာဘုရားသည် ***ဟတ္ထိဂါမ(ဆင်ရွာ)၊ အမ္ဗဂါမ(သရက်ပင်ရွာ)၊ ဇမ္ဗုဂါမ(သပြေပင်ရွာ)***တို့ကို တစ်ရွာပြီး တစ်ရွာ သီတင်းသုံးတော်မူလျက် တရားရေအေး တိုက်ကျွေးဆုံးမတော်မူပြီးနောက် ***ပါဝါမြို့***သို့ ကြွတော်မူလေသည်။ ထိုအချိန်သည် ကဆုန်လပြည့်သို့ရောက်ရန် ရက်အနည်းငယ်သာ ကျန်တော့သည်။ လမ်းခရီးတစ်လျှောက် တွေ့ကြုံခဲ့ရသော မြို့များ၊ ရွာများ၊ သစ်ပင်တောအုပ်များသည် တစ်ခုပြီးတစ်ခု နောက်တွင် ကျန်ရစ်ခဲ့လေသည်။ ***ဖွားတော်မူစက*** စ၍ ***တောထွက်သည်***အထိလည်း



ဗုဒ္ဓမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူခြင်း

ကောင်း၊ သိဒ္ဓတ္ထမင်းသားအဖြစ်တွင် တွေ့ကြုံခဲ့ရသည့် သူအို၊ သူနာ၊ သူသေ၊ ရဟန်းတို့ကိုလည်းကောင်း၊ ဗုဒ္ဓမြတ်စွာဘုရားဖြစ်စဉ် တာဝတိံသာမှ ကြွတော်မူစဉ်က အဝီစိထိတိုင်အောင် လောကကြီး တစ်ခုလုံး ဟင်းလင်းပွင့်သည့် မကြုံစဖူး အဖြစ်ကြီးများ၊ မာရ်နတ်၊ အာဠာဝကဘီလူး၊ နာဠာဂီရိဆင် စသည်တို့ကို အောင်မြင်ခဲ့သည့် အောင်ပွဲကြီးများ၊ စသည်ဖြင့် နောင်အစဉ်အလာ ဥဒါန်းတွင်ရစ်မည့် ပွဲကြီးများသည် ***တစ်ခုပြီးတစ်ခု နောက်တွင် ကျန်ရစ်ခဲ့လေပြီ***။ သံသရာခရီးတွင် တွေ့ကြုံခဲ့ရသည့် ***စကြဝတေးမင်းကြီးအဖြစ်၊ ဘုရင်ကောရာဇ်မင်းကြီးအဖြစ်၊ မင်းသားအဖြစ်၊ ပုဏ္ဏားအဖြစ်၊ သူဌေးကြီးအဖြစ်၊ ဆင်းရဲသားအဖြစ်၊ ဆင်၊ မြင်း စသော တိရစ္ဆာန်အဖြစ်၊ ပညာရှိ မဟော်သဓာအဖြစ်၊ ဝေဿန္တရာမင်းကြီးအဖြစ်*** စသည့် ဘဝအမျိုးမျိုးတို့လည်း အလွန်ဝေးကွာသော အရပ်တွင် ***တစ်ခုပြီး တစ်ခု ကျန်ရစ်ခဲ့လေပြီ***။ ဤဘဝတွင်လည်း ***ထီးနန်းစည်းစိမ် စိုးစံပွဲ၊ ဓမ္မစကြာတရားဟောပွဲ*** စသည့် ကြီးကျယ်ခမ်းနားသော ပွဲသဘင်ကြီးများကို ***တစ်ပွဲပြီးတစ်ပွဲ ကျော်လွန်လာခဲ့ပြီ*** ဖြစ်သည်။ မြတ်စွာဘုရားသည် ယခုအခါ၌ ဝေသာလီပြည်တွင် ***အာယုသင်္ခါရ*** လွှတ်တော်မူပြီး ***ဘဏ္ဍုရွာ၊ ဟတ္ထိရွာ၊ အမ္ဗဂါမရွာ၊ ဇမ္ဗုဂါမရွာ၊ ဘောဂမြို့*** တို့ကို တစ်ရွာပြီးတစ်ရွာ ကျော်လွန်လာခဲ့လျက် ကဆုန်လဆန်း(၁၄)ရက် အဖိတ်နေ့တွင် ပါဝါပြည်သို့ ဆိုက်ရောက်တော်မူလာသည်။ ပါဝါပြည်သို့ ရောက်သောအခါ ရှေးက သီတင်းသုံးခဲ့ဖူးသည့် ရွှေပန်းထိမ်သည်၏သား **စုန္ဒ**မည်သော

***သူကြွယ်၏ ဥယျာဉ်ကျောင်း၌*** သီတင်းသုံးတော်မူသည်။

စုန္ဒသည် မြတ်စွာဘုရား ဆိုက်ရောက်တော်မူလာသဖြင့် မြတ်စွာဘုရားထံ ဆည်းကပ်၍ တရားနာပြီး မနက်ဖြန် မဟာသက္ကရာဇ်(၁၄၈)ခုနှစ်(ကဆုန်လပြည့်နေ့)အတွက် ဆွမ်းစားပင့်လေသည်။ ဆွမ်းကပ်ရန်အတွက် စီမံလေတော့၏။ အခြားဟင်းလျာများအပြင် ထူးမြတ်သောဆွမ်းဖြင့် ဆက်ကပ်လုပ်ကျွေးမည်ဟု ကြံကာ ***ဝက်ပျို့သား***ဖြင့် ရောပွမ်းသည့် သားပွမ်းဆွမ်းကို စီမံလေ၏။ နောက်တစ်နေ့၌ စုန္ဒသည် မြတ်စွာဘုရားအား သားပွမ်းဆွမ်းဖြင့် ဆက်ကပ်လေ၏။ ဗုဒ္ဓမြတ်စွာဘုရားသည် စုန္ဒ၏ ဝက်ပျို့သားပွမ်းဆွမ်းကို ဘုဉ်းပေးပြီး မကြာမီ အလွန်ပြင်းထန်သော ဝမ်းသွားရောဂါ ဖြစ်လာလေ၏။ မြတ်စွာဘုရားသည် သတိဆင်ခြင်ကာဖြင့် ကုသိနာရုံပြည်သို့ ဆက်၍ကြွတော်မူသည်။

ထိုနေ့ကား ***ကဆုန်လပြည့်နေ့ ဗုဒ္ဓ ပရိနိဗ္ဗာန်စံတော်မူသောနေ့*** ဖြစ်သည်။

ကုသိနာရုံပြည်သည် ပါဝါမြို့၏ အရှေ့တောင်ဘက်(၆) မိုင်အကွာတွင် ရှိသည်။

မြတ်စွာဘုရားသည် သက်တော်(၈၀)တင်းတင်း ပြည့်လေပြီ။

ကုသိနာရုံပြည်၏ နေအရှိန် သည်လည်း ကဆုန်လဖြစ်၍ အပြင်းဆုံးအချိန် ဖြစ်နေသည်။ ဗုဒ္ဓမြတ်စွာဘုရားသည် ရင်ထဲဟွင်ပူလာသောကြောင့် ရှင်အာနန္ဒာအား ရေရှာခိုင်းတော်မူသည်။ ကြုံရသည်ကား ဤချောင်းငယ်ကလေးတွင် မကြာမီကမှ ***လှည်း***

***ပေါင်း(၅၀၀)*** ဖြတ်ကူးသွား၍ ရေများမှာ နောက်ကျိုနေသည်။

ရှင်အာနန္ဒာက ထိုအကြောင်းကိုလျှောက်ကာ ရှေ့နား တွင်ရှိသော ***ကကုဓမြစ်***သို့ရောက်မှ ရေသုံးဆောင်ရန် လျှောက် ထားလေသည်။ သို့ရာတွင် မြတ်စွာဘုရားက ရေနောက်ကိုပင် ခပ်ယူရန် ခိုင်းတော်မူ၍ ချောင်းကလေးသို့ သွားသောအခါ ချက် ချင်းပင် ချောင်းတစ်ခုလုံးမှာ ရေနောက်တွေပျောက်ကာ ကြည် လင်နေသည်ကို တွေ့ရ၍ ရှင်အာနန္ဒာသည် ဝမ်းမြောက်ဝမ်းသာ ခပ်ယူလာပြီး မြတ်စွာဘုရားအား သောက်တော်ရေ ဆက်ကပ် လေသည်။

ထိုအခိုက် ***ပုက္ကုသမည်သော မလ္လမင်းသား***တစ်ပါးသည် လှည်း(၅၀၀)ဖြင့် ကုန်ကူး...မှ မြတ်စွာဘုရားကို မြင်၍ ဆည်းကပ် ခ,စား တရားတော်ကို နာယူပြီးနောက် အလွန်ကြည်ညိုလှသဖြင့် သိင်္ဂီရွှေအဆင်းကဲ့သို့ ဝင်းပြောင်ချောမွေ့ သော ***ပိုးလွှာတစ်စုံ***ကို မြတ်စွာဘုရားအား လှူဒါန်းခဲ့သည်။ မြတ်စွာဘုရားကလည်း အာနန္ဒာကို (၁)ထည်လှူရန် အမိန့်ရှိသဖြင့် မြတ်စွာဘုရားနှင့် ရှင်အာနန္ဒာအား (၁)ထည်စီ လှူလေသည်။ ရှင်အာနန္ဒာသည် သူ့အတွက်ရသော ပိုးဝတ်လွှာကို မြတ်စွာဘုရားအား လှူသည်။ မြတ်စွာဘုရားသည် ထိုပိုးဝတ်လွှာ(၁)စုံကို သင်္ကန်းအဖြစ် ဝတ်ရုံ တော်မူရာ အဆင်းတော်သည် အံ့ဩလောက်အောင် ထူးခြား သပ္ပာယ်လျက် အရောင်အဆင်း ဝင်းလျှံလာလေသည်။ ရှင်အာနန္ဒာ က မြတ်စွာဘုရား၏ ရုပ်အဆင်း ထူးခြားစွာ တင့်တယ်သပ္ပာယ်

လာကြောင်း လျှောက်ထားရာ ဗုဒ္ဓမြတ်စွာဘုရားက **'ဘုရားဖြစ်တော်မူသည့်နေ့နှင့် ပရိနိဗ္ဗာန်စံသောနေ့တို့တွင် ငါဘုရား၏ အရေအဆင်းသည် လွန်စွာသန့်ရှင်းစင်ကြယ်ပေသည်'** ဟု မိန့်တော်မူသည်။ ဗုဒ္ဓမြတ်စွာဘုရားသည် ခရီးဆက်လက် ကြွတော်မူရာ ကကုဓမြစ်သို့ ရောက်တော်မူသည်။ ကကုဓမြစ်တွင် ရေသပ္ပါယ်တော်မူ၍ အနီးရှိ သရက်တောသို့ ကြွတော်မူသည်။ မြတ်စွာဘုရားသည် သရက်တောအရိပ်ကလေး၌ ခေတ္တမျှ လဲလျောင်းတော်မူသည်။ မြတ်စွာဘုရားက သားပြွမ်းဆွမ်းကပ်လိုက်သော စုန္ဒသူကြွယ်ကို စိတ်နှလုံး မသာမယာ မဖြစ်စေရန် ဟောပြောဖို့ ရှင်အာနန္ဒာအား မှာကြားအမိန့်ရှိတော်မူသည်။ မြတ်စွာဘုရားသည် စုန္ဒ၏ သားပြွမ်းဆွမ်းကို ဘုဉ်းပေးသောကြောင့် ပရိနိဗ္ဗာန်စံတော်မူသည် မဟုတ်။ မြတ်စွာဘုရားသည် ယနေ့၌ ပရိနိဗ္ဗာန်စံတော့မည် မချွတ်ဖြစ်သည်။ စုန္ဒသည် မြတ်စွာဘုရား စံတော်မူမည့်နေ့တွင် နောက်ဆုံးဆွမ်းကို လှူရသောကြောင့် သာလွန်ပိုမို၍ပင် အကျိုးထူးရသည်။ ***ဘုရားဖြစ်မည့်နေ့ လှူသောဆွမ်းနှင့် ပရိနိဗ္ဗာန်စံမည့်နေ့ လှူသောဆွမ်းတို့သည် အကျိုးချင်း တူသည်။*** ဗုဒ္ဓမြတ်စွာဘုရားသည် ဤသို့ မှာကြားတော်မူလျက် ခရီးတစ်ဖန် ကြွတော်မူပြန်သည်။ မကြာခဏ နားတော်မူရသည်။ မြတ်စွာဘုရားသည် မထေရ်နှစ်ပါးတွဲလျက် ကုသိနာရုံပြည်သို့ တဖြည်းဖြည်း နီးကပ်သွားလေသည်။ မကြာမီ ***ဟီရညဝတီမြစ်***ကလေးသို့ ရောက်၍ တစ်ဖက်ကမ်းသို့ကူးလျှင် မြောက်ဘက် မိုင်ဝက်လောက်တွင်ရှိသည့်

***ကုသိနာရုံပြည်၊ မလ္လာမင်း***တို့၏ အင်ကြင်းဥယျာဉ်သို့ ကြွဝင်လေသည်။ အင်ကြင်းပင်များလည်း တစ်တောလုံး ပင်လုံးကျွတ်ပွင့်နေကြသည်။ အင်ကြင်း ဥယျာဉ်ကလေးမှာလည်း တခြားသော အချိန်များထက် သာယာကြည်နူးဖွယ် ဖြစ်လေသည်။ အင်ကြင်းဥယျာဉ်အတွင်းသို့ မြတ်စွာဘုရား ရောက်တော်မူသောအချိန်၌ နေမင်းကြီး ဝင်သွားလေပြီဖြစ်၏။ မြတ်စွာဘုရားသည် မင်းကွန်း(ဗိုလ်တဲ)အနီးသို့ ရောက်သောအခါ မလ္လာမင်းတို့ ခင်းထိုင်လေ့ရှိသော ညောင်စောင်းလေးကို မြင်သဖြင့် ညွှန်ပြတော်မူလျက် -

***"အာနန္ဒာ ငါဘုရား ပင်ပန်းတော်မူလာပြီ၊ မလ္လာမင်းတို့ ခင်းထိုင်လေ့ရှိသော ညောင်စောင်းကို အင်ကြင်းပင်ပျိုနှစ်ပင်အကြား မြောက်ဘက်သို့ ခေါင်းရင်းထား၍ ခင်းပါ"***

ဟု မိန့်ကြားတော်မူသည်။

ရှင်အာနန္ဒာသည် ညောင်စောင်းကိုယူပြီး တောင်မြောက်ယှဉ်၍ ပေါက်နေသော အင်ကြင်းပင်ပျိုကလေး နှစ်ပင်အကြားတွင် မြောက်ဘက်သို့ ခေါင်းရင်းထား၍ ခင်းလေသည်။ ယခုအချိန်နေရာခင်းပေးရခြင်းသည် ရှင်အာနန္ဒာ၏ စိတ်နှလုံးသည် အလွန်ထိခိုက်လျက် ရှိသောကြောင့် မျက်ရည်များသည် မဆည်နိုင်အောင်ကျလာသည်။ ရှင်အာနန္ဒာသည် ကျလာသော မျက်ရည်များကိုသုတ်ရင်း မြတ်စွာဘုရား၏ နှစ်ထပ်သင်္ကန်းကြီးကို လေးထပ်ခေါက်၍ ညောင်စောင်းပေါ်၌ ခင်းလေသည်။ ဗုဒ္ဓမြတ်စွာဘုရားသည် ညောင်စောင်းပေါ်တွင် မြောက်သို့ ဦးခေါင်းပြုကာ လက်ယာနံပါး

ဖြင့်စောင်း၍ လျောင်းတော်မူသည်။ ညာဘက်ခြေထောက်ကို မဆို သလောက် အနည်းငယ်ကွေး၍ ၎င်းအပေါ်က ဘယ်ဘက်ခြေထောက် ကို ခြေမျက်စေ့ချင်း ဒူးချင်းကို မထိစေဘဲ တင်ထားတော်မူလေသည်။

ခေါင်းရင်း ခြေရင်း၌ ရှိသော အင်ကြင်းပင်ပျိုကလေး နှစ်ပင်မှ ***မလ္လာအင်ကြင်းစန်း***များသည် အညာမှ တဖွဲဖွဲ ကြွေကျပြီး ဗုဒ္ဓမြတ်စွာဘုရားကို နောက်ဆုံးပူဇော်နေကြသည်။

ထိုအချိန်၌ မရေမတွက်နိုင်သော နတ်ဗြဟ္မာများသည် စုဝေးရောက်ရှိလျက် နောက်ဆုံးပူဇော်ခွင့်ရသည့်အကြိမ်ကို အသီးသီး ပူဇော်နေကြသည်။ အချို့က ပန်းမျိုးစုံကြဲ၍ ပူဇော်ကြသည်။ အချို့ က နံ့သာမျိုးစုံ အခိုးအထုံတို့ဖြင့် ပူဇော်ကြသည်။ အချို့က နတ် တူရိယာဖြင့် သီဆိုတီးမှုတ် ပူဇော်ကြသည်။ ယင်းသို့ နတ်များ ပူဇော်သောအခါ ဗုဒ္ဓမြတ်စွာဘုရားက ***"အာနန္ဒာ. . . ဤကဲ့သို့ ပူဇော်ခြင်းမျိုးဖြင့် ငါဘုရားအား ပူဇော်သည်၊ အရိုအသေပြု သည်၊ မြတ်နိုးသည် မမည်ပေ၊ ငါဘုရားသည် ဤကဲ့သို့သော ပူဇော်ခြင်းမျိုးကို မျှော်ကိုး၍ ပါရမီဖြည့်တော်မူခဲ့သည် မဟုတ်၊ အာနန္ဒာ. . . လောကုတ္တရာတရား အားလျော်သော အကျင့်ကို ကျင့်သောသူသည် ငါဘုရားကို ပူဇော်သည် မည် ၏၊ အရိုအသေပြုတော်မည်၏၊ မြတ်နိုးတော်မည်၏"***

ယင်းသို့ မိန့်တော်မူခြင်းမှာ ပရိနိဗ္ဗာန်စံတော်မူခါနီးဖြစ်၍ နောင်အခါ၌ သာသနာတော် အရှည်တည်တံ့စေရန် ရည်သန်တော် မူလျက် မိန့်တော်မူခြင်း ဖြစ်သည်။ ရှင်အာနန္ဒာက ရဟန်းများသည်

မာတုဂါမများနှင့် ဆက်ဆံသည့်အခါ မည်သို့ သဘောထားရပါမည်နည်းဟု မေးလျှောက်သဖြင့် 'မာတုဂါမများကို မမြင်ရသောနေရာ၌ နေခြင်းသည် အကောင်းဆုံးဖြစ်သည်' ဟု မိန့်ကြားတော်မူလေသည်။ ဆွမ်းလောင်းလှူသဖြင့် မြင်ရသောအခါ၌လည်း 'စကားမပြောဘဲ နေခြင်းသည် အကောင်းဆုံး ဖြစ်သည်၊ ေ...ာယ်၍ တစ်စုံတစ်ရာ ပြောဆိုစရာရှိ၍ စကားပြောလျှင်လည်း-

***အပိုအရွယ်ရှိသော မာတုဂါမကို အမိ ဟူသော စိတ်ထားဖြင့်၊ အစ်မအရွယ် နှမအရွယ် ရှိသော မာတုဂါမကို နှမ ဟူသော စိတ်ထားဖြင့်၊ သမီးအရွယ်ရှိသော မာတုဂါမကို သမီး ဟူသော စိတ်ထားဖြင့် ပြောဆိုကြကုန်'***

ဟု ဆုံးမဩဝါဒပေးတော်မူသည်။

ကုသိနာရုံမှ မလ္လာမင်းများနှင့်တကွ များစွာသော မြို့သူမြို့သားတို့သည် ဗုဒ္ဓမြတ်စွာဘုရားကို လာရောက်ဖူးမြော်ကြသည်။ ပရိသတ် များလွန်းလှသဖြင့် ဗုဒ္ဓလျောင်းစက်တော်မူရာ ညောင်စောင်းတစ်ဝိုက်တွင် တင်းတိမ်ကန့်လန့်ကာများ ကာရံထားရသည်။ လာရောက်ကြသော ပရိသတ်ထဲမှ **သုဘဒ္ဒ**မည်သော ပရိဗိုဇ်တစ်ယောက်လည်း ပါသည်။ သုဘဒ္ဒကား ယုံမှားသံသယဖြစ်နေသော အချက်တစ်ခု ရှိနေသဖြင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်မစံမီ လျှောက်ထားမေးလိုသောကြောင့် လာခြင်းဖြစ်သည်။ ရှင်အာနန္ဒာက **'မြတ်စွာဘုရား အလွန်ပင်ပန်းတော်မူနေပါသည်'** ဟု ဆိုကာ ခွင့်မပြု။ ထိုတားမြစ်သည်ကို မြတ်စွာဘုရား ကြားတော်မူ

သဖြင့် '**အာနန္ဒာ၊ သုဘဒ္ဒကို မတားမြစ်ပါနှင့်၊ မေးပါစေ**' ဟု မိန့်တော်မူသည်။

သုဘဒ္ဒက မြတ်စွာဘုရားအား. . .

"**ဤလောကသို့ ဂိုဏ်းဆရာ ပြုနေကြသော ပုဂ္ဂိုလ်ကြီးများသည် သူတို့ ဝန်ခံသည့်အတိုင်း အလုံးစုံသောတရားကို သိကြပါသလား**"

ဟု မေးလျှောက်သည်။

ဗုဒ္ဓမြတ်စွာဘုရားသည် အမေးကို တိုက်ရိုက်မဖြေဘဲ '**မြတ်သော မဂ္ဂင် ရှစ်ပါး အကျင့်တရားရှိသည့် သာသနာ၌သာ အရိယာပုဂ္ဂိုလ် ရှိနိုင်သည်၊ မြတ်သော မဂ္ဂင်ရှစ်ပါး အကျင့်တရား မရှိသည့် သာသနာ၌ အရိယာပုဂ္ဂိုလ် မရှိနိုင်**' ဟု မိန့်ကြားလျက် '**ငါဘုရား သာသနာတော်၌ မဂ်ရရန်ကျင့်သူ (၄)ယောက်၊ မဂ်ပုဂ္ဂိုလ်(၄)ယောက်၊ ဖိုလ်ပုဂ္ဂိုလ်(၄)ယောက် ဟူသော ရဟန်းများ ရှိကြသည်**' ဟု မိန့်တော်မူကာ ၎င်းပုဂ္ဂိုလ် (၁၂)ယောက်ကိုပင် ရည်ညွှန်း၍ '**သုဘဒ္ဒ၊ ဤရဟန်းအပေါင်းသည် ကောင်းစွာကျင့်နေကြပါက လောကသည် ရဟန္တာတို့မှ မဆိတ်ငြိမ်လေရာ**' ဟူ၍လည်း မိန့်တော်မူသည်။

သုဘဒ္ဒသည် ကျေနပ်စွာဖြင့် ဘုရားထံမှ ထွက်ခွာလာခဲ့ပြီး သင့်လျော်သောနေရာတွင် တရားကို ဆင်ခြင်သုံးသပ် အားထုတ်လေရာ ချက်ချင်းပင် **ရဟန္တာ** ဖြစ်သွားလေသည်။ ရှင်အာနန္ဒာက မြတ်စွာဘုရားသည် သာဝတ္ထိ၊ ရာဇဂြိုဟ် စသော မြို့ကြီးများ၌

ပရိနိဗ္ဗာန်ပြုတော်မူသင့်ကြောင်း ဤကုသိနာရုံ ပြည်ကလေး၌ ပရိနိဗ္ဗာန်ပြုဖို့ မသင့်ကြောင်း လျှောက်ထားသဖြင့် ဤကုသိနာရုံ ပြည်သည် ရှေးက ငါဘုရား မဟာသုဒဿန စကြာမင်းကြီး ဖြစ်တော်မူစဉ်က ကုသာဝတီနေပြည်တော်ကြီး ဖြစ်ခဲ့သည်။ အလွန်စည်ကားခဲ့ကြောင်းဖြင့် စကြာမင်းကြီးအကြောင်းကို တရားဟောတော်မူသည်။ တဖြည်းဖြည်း သန်းခေါင်ယံ လွန်မြောက်၍ မိုးသောက်ယံသို့ ရောက်လာသည်။ ဗုဒ္ဓကို အလယ်ထား၍ ရဟန်းရှင်လူနတ်ပြဟ္မာအပေါင်းတို့ သည် တည်ငြိမ်စွာ ထိုင်နေကြသည်။

ဗုဒ္ဓကမူ မှာကြားဖွယ်ရာတို့ကို မှာကြားလျက် ရှိသည်။ ဗုဒ္ဓက. . .

**"ချစ်သား အာနန္ဒာ. . . သင်တို့သည် ငါ့မှာ ဆရာ မရှိတော့ပြီဟု မအောက်မေ့ကြနှင့်။ ငါဘုရား ဟောတော်မူအပ်သည့် သုတ်၊ ဝိနည်း၊ အဘိဓမ္မာ တရားဟူသမျှသည် ငါဘုရား လွန်တော်မူသောအခါ၌ သင်တို့၏ဆရာ ဖြစ်လတ္တံ့."**

ထို့နောက် ဗုဒ္ဓက. . .

**"ချစ်သား ရဟန်းတို့. . . သင်တို့ မှာ ယုံမှားသံသယ ဖြစ်နေသည့် အချက်ရှိလျှင် ယခု ငါဘုရား သက်တော်ထင်ရှား ရှိခိုက် မေးကြပါ၊ နောင်အခါ ဗုဒ္ဓသက် တော်ထင်ရှားရှိစဉ်က မမေးလိုက်ရခြင်းဟု နောင်တမရှိကြနှင့်"**

ဟု မိန့်တော်မူပြန်သည်။

**"ချစ်သား အာနန္ဒာ. . .**

**ငါဘုရား လွန်တော်မူသောအခါ ယခု သင်တို့အချင်း ချင်း ကြီးသည် ငယ်သည် မရွေးဘဲ 'ငါ့ရှင်' ဟု ခေါ်ဝေါ်နေကြ သလို မခေါ်ဝေါ်ကြနှင့်၊ ဝါကြီးသော ရဟန်းက 'ငါ့ရှင်' ဟု ခေါ်၍ ဝါငယ်သော ရဟန်းက 'အရှင်ဘုရား' ဟု ခေါ်ဝေါ်ကြ ဟု ဆက်လက်မိန့်တော်မူသည်"**

ထိုအချိန်၌ အရှေ့ဘက် လောကဓာတ်မှ အရုဏ်ရောင် ခြည်ဦးကလေး သမ်းလာလေသည်။

လောကကြီးတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်နေသည်။

လေညင်းကလေး တိုက်ခတ်နေရာမှ ရပ်တန့်သွားသည်ဟု ထင်ရသည်။ ရဟန်းရှင်လူ နတ်ဗြဟ္မာအပေါင်းတို့သည် မလှုပ် မယှက် ငြိမ်သက်နေကြသည်။

**"ဟန္ဒ ဒါနိ ဘိက္ခဝေ၊ အာမန္တယာမိ ဝေါ၊**

**ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ"**

***"ချစ်သားရဟန်းတို့၊ ယခုအချိန်၌ သင်တို့အား ငါဘုရား နောက်ဆုံးမိန့်ကြားတော်မူခဲ့မည်၊ ပြုပြင်ခြင်း မကင်း သော တရားဟူသမျှတို့သည် ပျက်စီးခြင်းသဘော ရှိကြ၏။ သင်ချစ်သားတို့သည် မမေ့မလျော့ခြင်း သတိတရားနှင့် ပြည့်စုံရစ်ကြ"***

အပ္ပမာဒ Appamāda, HEEDFULNESS

မမေ့မလျော့ခြင်း၊ မမေ့လျော့ကြောင်းတရား၊ သတိတရား။

ပမာဒ - Pamãda, HEEDLESSNESS

မေ့လျော့ခြင်း၊ သတိကင်းလွတ်ခြင်း။

ထိုအသံကား တိတ်ဆိတ်နေသော ကမ္ဘာလောကကြီးတွင် လွှမ်းမိုးပျံ့နှံ့သွားလေသည်။

အထက်ပါ **'အပ္ပမာဒေန သမ္ပာဒေထ'** သည် ဂေါတမဗုဒ္ဓ မြတ်စွာဘုရား၏ နောက်ဆုံးစကားပင် ဖြစ်သည်။

အရုဏ်လည်း တက်လေပြီ။ သို့သော် အင်ကြင်းပင်မှ အင်ကြင်းပန်းကလေးများသည် လေထဲတွင် ပျံဝဲကာ တဖွဲဖွဲ ကျနေသည်။

ဂေါတမဗုဒ္ဓမြတ်စွာဘုရားက ပရိနိဗ္ဗာန်စံတော်မူပေပြီ။

***ထိုနေ့သည်ကား မဟာသက္ကရာဇ်(၁၄၈)ခုနှစ် B.C. - 544 ခု၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ ညဥ့်အရုဏ်တက်ခါနီး မိုးသောက်ယံတွင် သက်တော်(၈၀)၊ ဝါတော်(၄၅)ဝါတွင် ဂေါတမဗုဒ္ဓမြတ်စွာဘုရား ပရိနိဗ္ဗာန်စံတော်မူပေပြီ။***

**ဦးသန့်(လာဘ်မိုးရွှေ)**

(၃၁-၃-၂၀၀၂)

●●●

## မှီငြမ်းကိုးကားသည့် စာအုပ်များ

(၁) အရှင်ဓမ္မသာမိဘိဝံသ
မူလမဟာဗုဒ္ဓဝင်(ခင်ချိုထွန်းစာပေ)
(၂) ပထမ ငါးခုနှစ်ဆရာတော်ဘုရားကြီး
မူလမဟာဗုဒ္ဓဝင် ဝတ္ထုတော်ကြီး(ပန်းရွှေပြည်စာအုပ်တိုက်)
(၃) ဒဂုန်ဦးထွန်းမြင့်
ဂေါတမဗုဒ္ဓ(ပါရမီစာပေ)
(၄) ဦးသော်ဇင်
မြတ်စွာဘုရား၏ ဥဒါန်းစကားများ(ပါရမီစာပေ)
(၅) ဦးသော်ဇင်
ဧတဒဂ်ဝတ္ထု(ပါရမီစာပေ)
(၆) မင်းယုဝေ
မင်္ဂလာရောင်ခြည် ဗုဒ္ဓဝင်ရုပ်စုံ(စိတ်ကူးချိုချိုစာပေ)
(၇) မင်းယုဝေ
အောင်ခြင်းရှစ်ပါး(စိတ်ကူးချိုချိုစာပေ)
(၈) ဗိုလ်ချုပ်ခင်မောင်ဝင်း(အငြိမ်းစား)
မြတ်စွာဘုရား မြန်မာနိုင်ငံသို့ ဒေသစာရီကြွချီတော်မူလာခြင်း နှင့် စေတီတော်များသမိုင်း(နန်းဒေဝီစာပေ)
(၉) သာသနာရေးဦးစီးဌာန
ဗုဒ္ဓသာသနာတော် ဝေါဟာရအဘိဓာန်

အရှေ့ဘက်ကောင်းကင်